
www.burmeseclassic.com

ဂန္ဓာရ ဆန်း ကြယ် လုံး ချင်း ဝတ္ထု

# မင်းဓိကြွ

ပခြုပ်ထဲကကောက်ရိုးရုပ်မြွေ



ပန်းဒီရေနှင့် . ၁၂

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၅၅၀၉၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၄၄၀၈၁၁
ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း ( စိန်သရဖူစာပေ )
အမှတ် (၆၆)၊ ၆လမ်း၊ လမ်းမတော်။
အတွင်းနှင့် အဖုံးပုံနှိပ်သူ
ဦးကျော်ရင် ( ရွှေခြသေ့ပုံနှိပ်တိုက် )
အမှတ် ( ၂၀၈ )၊ ၃၁လမ်း၊ ပန်းပဲတန်း။
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၂ခုနှစ်၊ မေလ
တန်ဖိုး - ၁၀၀ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၉.
မင်းစိုးတြ
ပခြုပ်ထဲကကောက်ရိုးရုပ်မြွေ ။-ရန်ကုန်။
စိန်သရဖူစာပေ၊ ၂၀၁၂။
၂၅၆-စာ၊ ၁၂.၅x၁၇.၅ စင်တီ။
(၁) ပခြုပ်ထဲကကောက်ရိုးရုပ်မြွေ

## အခန်းစဉ်

### ပခြုပ်ထဲက ကောက်ရိုးရုပ်မြွေ

၁။ မရဏာခရီး
၂။ ကျားပြူး
၃။ ဆေးအင်းကွက်
၄။ နဂါးခေါင်းသဏ္ဍာန်လုံသွား
၅။ ရင်ဆိုင်တွေ့ကြရပြီ
၆။ ရွာထဲရောက်တဲ့ ဝက်ဝံရိုင်း
၇။ အိမ်ပေါ်က အထိတ်တလန့်
၈။ လုံသူခိုး
၉။ အဖမ်းခံကြရသူများ၏နောက်သို့
၁၀။ မြွေဆရာသြဂ
၁၁။ လုံဘာထူး
၁၂။ ရိုးမခရီးကြမ်း
၁၃။ ပန်းပွင့်မျက်နှာ
၁၄။ လုံချက်မိသွားသော သတ္တဝါ
၁၅။ ညာ၏ခြောက်လှန့်မှုများ
၁၆။ တောထဲကမြို့ပျက်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com

၁၇။ ကျောက်ချဉ်နက်
၁၈။ ပန်းပွင့်များနှင့် တိုက်ခိုက်ကြခြင်း
၁၉။ နတ်ကြီးသည်
၂၀။ ငှပွင့်ပြီ
၂၁။ စောင့်နေသောအန္တရာယ်များ
၂၂။ ကောင်းရာဘုံဘဝရောက်ကြစေရန်

## အခန်း [၁]

## မရဏအခန်း

အချိန်မှာ ...

မြန်မာ့တပ်မတော်၏ထိုးစစ်ကြောင့် ဖက်ဆစ်တို့ ဆုတ်ခွာပြေးနေရချိန်။

နေရာကား ...

အနောက်ရိုးမ (ဝါ) ရခိုင်ရိုးမတောင်ကြောတစ်နေရာ။

ဖက်ဆစ် ဗိုလ်မှူးနကာမူရာ သည် သူခေါင်းဆောင်သော ဆုတ်ခွာထွက်ပြေးလာစဉ်အတွင်းမှာ အဖိုးတန်ရတနာများကိုလည်း သယ်ဆောင်လာခဲ့လေသည်။

ဂျပန်စစ်သားများနှင့်အတူ မြန်မာအချို့တို့သည်လည်း ပါလာခဲ့ကြသည်။

---

[illegible]

---

www.burmeseclassic.com

www.burmeseclassic.com





ရတနာသေတ္တာလေးလုံးကို လားနှစ်ကောင်ဖြင့် သယ်လာခဲ့ကြသည်။ လားတစ်ကောင်လျှင် နှစ်လုံးကျစီ။

လားများသည် အကောင်သေးငယ်ကြပေမယ့် ကြံ့ခိုင်မှုအပြည့် ရှိကြသည်။ အပင်ပန်းခံနိုင်ကြသည်။ ခရီးဝေးကိုလည်း သွားနိုင်ကြသည်။ ထို့ကြောင့် ဝန်တင်လားများအဖြစ် အသုံးပြုကြလေသည်။

သူတို့သည် ရွာဆက်ဝေးသောနေရာများကို ရှာဖွေပြီးတော့ ခရီးနှင်နေကြသည်။ တောကား နက်သထက် နက်လာခဲ့လေ၏။ တောတောင်အရိပ်မည်းကြီးက ထိုးကျလာခဲ့သောကြောင့် မှောင်ရီသန်းလျက်ရှိသည်။

ပါလာသည့်လူအင်အားက နည်းလှသည်။ ဗိုလ်မှူး နကာမူရာ၊ ဂျပန်စစ်သားငါးယောက်နှင့် မြန်မာသုံးယောက်၊ စုစုပေါင်း ကိုးယောက်ဖြစ်ကြသည်။ မှတ်ကြီး၊ ကျော်ပိုက်နှင့် နီမိုး တို့ ရွာတစ်ရွာတည်းမှ အဖမ္မချောဆွဲခဲ့ကြရသည်။

ဂျပန်စစ်ဗိုလ် နကာမူရာသည် လွန်စွာမှ ရက်စက်ကြမ်းကြုတ်သူဟု နာမည်ကြီးနေသည်။ သူသည် မြန်မာတိုင်းရင်းသားများကို ဒုက္ခတော်တော်များများ ပေးခဲ့ပြီးပြီဖြစ်၏။ ယခုလည်း ရွာသားသုံးယောက်ကို ခြိမ်းခြောက်ကာ ခေါ်လာခဲ့ပြန်လေပြီ။

မှတ်ကြီး၊ ကျော်ပိုက်နှင့် နီမိုးတို့က လားနှစ်ကောင်ကို





ထိန်းရင်းနှင့် လိုက်ပါလာခဲ့ကြသည်။ သူတို့သည် နကာမူရာကို လုံးဝ မကျေနပ်ကြပေ။

"ဟေ့ကောင် ကျော်ပိုက် ... ဒီကောင်တွေ ငါတို့ကို ဘယ်ကိုများ ခေါ်သွားကြမလဲ မသိဘူး။ ငါတို့ စောင့်ရှောက်ပြီး လိုက်ပါနေရတဲ့ ဒီသေတ္တာတွေကိုလည်း မသင်္ကာဘူးကွ"

"အေး ... ဟုတ်တယ်မှတ်ကြီး၊ မဟုတ်မှလွဲရော ... လက်နက်ခဲယမ်းပစ္စည်းတွေတော့ မဖြစ်နိုင်ဘူး၊ အဖိုးတန်ပစ္စည်းတွေပဲ ဖြစ်ရမယ်၊ ဒီကောင်တွေ မတရားရယူထားတဲ့ ပစ္စည်းတွေပဲ နေမှာ"

"ရှူး ... တိုးတိုး၊ ငါတို့ကို ဟိုကောင်ကြီး အကဲခတ်နေတယ်"

နကာမူရာက မှတ်ကြီးနှင့် ကျော်ပိုက်တို့ စကားပြောနေကြသည်ကို နောက်မှလိုက်ပါလာရင်း အကဲခတ်လျက်ရှိသည်။ နီမိုးက နောက်မှလားတစ်ကောင်နှင့်အတူ လိုက်ပါလာသည်။

"မင်းတို့ကွာ ... စကားကိုရှောင်တာကြစမ်းပါကွ"

သူတို့နှစ်ယောက်ကို လေသံတမျိုး တိုးသောအသံဖြင့် သတိပေးလိုက်လေ၏။

"ဒီကောင်နှစ်ကောင်ကတော့ စောစောစီးစီး သေချင်နေပြီထင်တယ်"

နကာမူရာက မျက်နှာကြောကြီးတင်းကာ ကြိမ်းဝါးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူတို့သုံးယောက်ကို ရှေ့မှထားပြီး သွားနေကြခြင်းသည် ထွက်မပြေးနိုင်ရန်ဖြစ်သည်။ ဖက်ဆစ်များ၏လက်ထဲကို ရောက်ကြသော သူတို့သုံးယောက်ကလည်း အလစ်မှာ ထွက်ပြေးကြဖို့ စီစဉ်ထားကြပြီးသားဖြစ်သည်။

သည်လိုနှင့် တောသည် နက်သထက် နက်လာခဲ့သည်။ ရှေ့တွင် ချုံနွယ်ပိတ်ပေါင်းများက ထူထပ်လျက်ရှိနေသည်။ လားနှစ်ကောင်ကို ရပ်တန့်လိုက်ကြသည်။ ရှေ့ဆက်သွား၍ မရကြတော့။ မျက်စိလည်နေကြလေပြီတည်း။

နကာမူရာသည် လက်ရှိအခြေအနေကို ရိပ်စားမိသွားသည်။ မှတ်ကြီးဆီကို လျှောက်လာသည်။

"ဟေ့ကောင်တွေ . . . မင်းတို့က တောကျွမ်းတယ်ဆို၊ အခု ဘယ်လိုဖြစ်တာလဲ၊ မျက်စိလည်နေကြပြီလေ"

သူသည် မြန်မာလို မှတ်နေအောင်ပြောတတ်သည်။ မှတ်ကြီးကို မျက်ထောက်နီကြီးဖြင့် မေးလိုက်လေ၏။

"ကျွန်တော်တို့ တောကျွမ်းတယ်လို့ မပြောခဲ့ပါဘူး။ ဒီလောက်ဝေးဝေးအထိလည်း မလာဖူးဘူး။ အခုလည်း လမ်းကို ရှာနေတာပဲ"

'ဖြန်း ဖြန်း'

မှတ်ကြီး၏ပါးနှစ်ဖက်စလုံး ပူလောင်စပ်ဖျဉ်းသော ဝေဒနာကို ခံစားလိုက်ရသည်။





"ဘာကဲရှိ။ ဘာလဲ . . . မင်းတို့က အကွက်ဆင်နေကြတာလား။ ကောင်းကောင်းသတိထားကြ၊ ငါတို့ တစ်ခုခုဖြစ်ရင် မင်းတို့ကို အသေသတ်ခဲ့မယ်"

မှတ်ကြီးသည် ပါးရိုက်ခံလိုက်ရသဖြင့် ခံပြင်းသွားသည်။ ဒေါသလည်း ထွက်သွားသည်။ ချက်ချင်းပင် လက်တုံ့ပြန်ချင်စိတ်များက ပေါ်လာခဲ့သည်။ တစ်ဖက်သို့ မျက်နှာလှည့်၍ အံကို ကြိတ်ထားမိသည်။ မေးကြောကြီးများပင် ထောင်နေကြသည်။

ကျော်ပိုက်နှင့် နီမိုးတို့မှာ မှတ်ကြီးက ချက်ချင်းပင် တုံ့ပြန်လေမည်လားဟု စိုးရိမ်မကင်း ဖြစ်သွားခဲ့ကြလေသည်။ မှတ်ကြီးက ငြိမ်နေ၍သာ တော်ပေတော့သည်။ မှတ်ကြီး ငြိမ်နေသည်က အကောင်းမဟုတ်။ နကာမူရာသည် ဆတ်ဆတ်ထိမခံသော မြွေပွေးတစ်ကောင်ကို သွားစလိုက်ခြင်းပင်ဖြစ်သည်။

"တောက် . . . တွေ့ကြဦးမှာပေါ့ ဂျပန်ကောင်ရယ်၊ မှတ်ကြီးဆိုတဲ့ကောင်က ဘယ်တော့မှ ကိုယ့်အသားကို အနာခံတဲ့ကောင် မဟုတ်ဘူးကွ၊ မင်း ငါ့လက်ချက်နဲ့ အသုဘကောင် ဖြစ်ရတော့မယ်"

မှတ်ကြီးက စိတ်ထဲမှ ကြိမ်းဝါးလိုက်သည်။ နာမည်နှင့် လိုက်အောင် အမှတ်သညာကြီးသူ၊ စိတ်ကြီးသူဖြစ်သည်။

နီမိုးက မယောင်မလည်ဖြင့် မှတ်ကြီးအနားကပ်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်လိုက်မာန်ပါ မလုပ်လိုက်နဲ့နော်၊ အခြေအနေကို နားလည်ထား၊ အားလုံး ဒုက္ခများကုန်မယ်"

"အေးပါကွာ"

ကျော်ပိုက်သည် တစ်နေရာကို လက်ညှိုးထိုးပြလိုက်ပြီး

"မာစတာ ... ဟိုမှာ လမ်းတစ်လမ်း၊ ဒီလမ်းအတိုင်းသွားရင် ရိုးမတောင်ခြေဆီကို ရောက်လိမ့်မယ်ထင်တယ်"

ကုန်းမြင့်လေးတစ်ခုထက်ဆီက အောက်ကိုငုံ့ကြည့်လိုက်လျှင် လမ်းကျဉ်းလေးတစ်ခုကို မြင်တွေ့လိုက်ရသည်။ နကာမူရာကလည်း ထိုနေရာကိုရောက်လာပြီး အောက်ကိုငုံ့ကြည့်သည်။ ထိုအခါ ခေါင်းတညိတ်ညိတ်နှင့် ရှိသွားသည်။

လမ်းသည် မထင်မှတ်ဘဲ ဘွားခနဲ ပေါ်လာသလိုပင်။ သို့သော် အံ့အားတသင့်တော့ မဖြစ်မိကြ။ ထို့ကြောင့် လူရေလားများပါ တောင်ကုန်းလေးအောက်ကို ဆင်းသွားခဲ့ကြလေသည်။

တောနက်ကြီးသို့ ရောက်သထက်ရောက်နေကြပြီကို အားလုံးသိရှိခံစားမိကြသည်။ သို့သော် အားလုံး၏စိတ်ထဲမှာလည်း ဘေးအန္တရာယ်တစ်ခုခု ကျရောက်လာနိုင်သည်ဟူသော ခံစားချက်အတွေးများက တဖွားဖွားနှင့် ပေါ်ပေါက်လာခဲ့ကြခြင်းပင်။ သွားရင်းလာရင်း မိမိတို့ကို ရန်ရှာနိုင်သော ကျား၊ တောဝက်စသည့်အန္တရာယ်များကိုလည်း ကြည့်ရသေးသည်။





ရှာသားသုံးယောက်ကို ဓားမြောင်တစ်ချောင်းပင် ကိုင်ဆောင်ခွင့်မပြု။ သားကောင်ရိုင်းတစ်ကောင်ကောင်နှင့်သာ အမှတ်မထင်တွေ့ခဲ့လျှင် မည်သို့ ခုခံကာကွယ်ကြရပါမည်နည်း။

တော်တော်ကလေး လျှောက်လှမ်းလာပြီးကြသောအခါ ... မှာ ကြီးမားသောရေအိုင်ကြီးတစ်ခုက ဘွားခနဲဆို ပေါ်လာ ... လသည်။ နကာမူရာသည် ရေအိုင်ကြီးကို ကွေကွင်းပြီးတော့ ... ားနိုင်မည့်နေရာကို ရှာကြည့်စေသည်။ မတွေ့ပါ။ မလွှဲမရှောင် ... ာ ဖြတ်ကူးကြရတော့မည် ဖြစ်သည်။

"မြန်မြန်သွားချင်တယ်ဆိုမှ အချိန်က ကြာနေတယ်၊ ... ားအဆီးတစ်ခုကို တွေ့ရပြန်ပြီ၊ ဒီအိုင်ကြီးကို ဖြတ်ကျော်နိုင် ... ါတို့အတွက် အခြေအနေကောင်းမယ်"

ဖောင်တစ်ခုကိုဖွဲ့ရန် စီစဉ်ကြသည်။ မှတ်ကြီး၊ ကျော် ... နှင့် နီမိုးတို့ပင်လျှင် မဲကျသည်။ ထို့ကြောင့် ဖောင်ဖွဲ့နိုင်ရန် ... ားကို ခုတ်ကြရသည်။ တောသူတောင်သားများပီပီ ဖောင် ... ခုကိုဖွဲ့ရန် မခဲယဉ်းကြပေ။

"ဟော့ကောင်တွေ ... မင်းတို့လုပ်တာ တုံ့နှေး တုံ့နှေးနဲ့ ... နှင့်လုပ်ကြစမ်း ... သေသွားချင်ကြသလား"

နကာမူရာသည် တစ်ကြိမ်းတည်း ကြိမ်းနေလေတော့ ... ည်။

"နေနှင့်ဦးပေါ့ကွာ ... မင်းတို့ ဒီမြေကနေ အသက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်မသွားစေရဘူး။ မြန်မာ့သွေး ဘယ်လောက်နီတယ်ဆိုတာ သိစေရမယ်''

ကျော်သိုက်ကလည်း စိတ်ထဲမှ ကြိမ်းဝါးလိုက်ပြန်သည်။ ဖောင်ဖွဲ့ပြီးသောအခါ ရတနာ့ရှုသတ္တာလေးလုံး၊ နကာမှုရာနှင့် စစ်သားနှစ်ယောက်တို့က ကူးကြသည်။ သည်ဘက်ကမ်းတွင် စစ်သားသုံးယောက် ကျန်ခဲ့ကြသည်။ ရွာသားသုံးယောက် အပါ အဝင် အားလုံးခြောက်ယောက်။

''နီမိုး ... ငါတို့ ဒီဂျပန်သုံးယောက်ကိုဆော်ပြီး ပြေးကြ ရင် မကောင်းဘူးလား''

''ဟေ့ကောင် ... ဒီကောင်တွေက ငါတို့ကို အလစ် မပေးဘဲ စက်သေနတ်တွေနဲ့ချိန်ထားကြတာ မတွေ့ဘူးလား မင်း မမိုက်စမ်းနဲ့ ကျော်ပိုက်၊ ငါတို့အတွက် အခြေအနေ အခွင့် ကောင်းက ရောက်လာခဲ့ဦးမှာပါ''

သူတို့အထဲတွင် နီမိုးက ဆင်ခြင်တုံတရားရှိသည်။ တ ကယ်လည်း ဟုတ်သည်။ ဂျပန်တွေက သူတို့ကို လုံးဝ အလစ် မပေးကြ။ ကိုယ် အမိုက်ခံပြီးဝင်လုံးလျှင် ကျည်သင့်သွားနိုင်ကြ သည်။ အကျိုးမရှိ သက်သက်မဲ့ အသေမခံနိုင်။ စိတ်လျှော့လိုက် ကြရသည်။

ဖောင်က နောက်တစ်ခေါက် ပြန်ရောက်လာသည်။ ဂျပန်တစ်ယောက် ပါလာသည်။ သည်ဘက်ကမ်းကိုရောက်တော





မှတ်ကြီးတို့သုံးယောက်နှင့် ဂျပန်တစ်ယောက်ကို ထပ်တင်သည်။ ပြန်ကူးလာကြသည်။ သည်ဘက်ကမ်းမှာ ဂျပန်နှစ်ယောက် ကျန်ခဲ့ကြသည်။ တစ်ယောက်က ထိုးဝါးကိုသုံးကာကူးသည်။ ကျန်တစ်ယောက်က မှတ်ကြီးတို့ကို ထိုင်နေစေကာ စက်သေနတ် ဖြင့် နီးကပ်စွာ ချိန်ထားသည်။ သူတို့မှာ မလှုပ်သာကြ။ သည်လို နှင့် တစ်ဖက်ကမ်းကို ရောက်သွားခဲ့ကြသည်။

တစ်ဖက်ကမ်းတွင် ဂျပန်နှစ်ယောက် ကျန်ခဲ့တော့သည်။ စောစောက ဂျပန်ကပင် သည်ဘက်ကမ်းကို ဖောင်နှင့်ပြန်ကူး လာသည်။ နောက်တစ်ခေါက်အကူးမှာတော့ အပြန်တွင် သုံး ယောက်ပါလာခဲ့သည်။ ဂျပန်တစ်ယောက်က ဖောင်ပေါ်တွင် အရက်ပုလင်းကိုကိုင်ကာ မူးပြီးတော့ပါလာခဲ့သည်။ သူ့ကိုကြည့် ရတာ သိပ်မဟန်။

''ဟေ့ကောင် ... မင်း ထိုင်နေစမ်း''''

တစ်ယောက်က ဟောက်ဟမ်းပြီးတော့ ထိုင်ခိုင်းလိုက် သည်။ ထို့ကြောင့် ထိုင်ပြီးတော့ လိုက်ပါလာခဲ့သည်။ သို့သော် ချောင်းလယ်ကောင်အရောက်တွင် ထိုဂျပန်က နေရာမှ ရုတ်တရက် ထရပ်လိုက်လေရာ တစ်ချက်ယိုင်ထိုးသွားပြီး ရေထဲကို ကျသွားခဲ့ လေတော့သည်။

'ဘွမ်း'

ဂျပန်စစ်သားသည် ရေထဲမှာ ကူးခတ်နေလေရာ ဖောင်



www.burmeseclassic.com

www.burmeseclassic.com





ပေါ်မှ စစ်သားနှစ်ယောက်ကလည်း ရုတ်တရက်တော့ ကြောင်ငေးပြီးတော့ ကြည့်နေကြသည်။ နောက်တော့မှ သတိရသွားပြီး ထိုဂျပန်ကို ဆင်းဆယ်ရန် တစ်ယောက်က ရေထဲသို့ ခုန်ချလိုက်လေ၏။

'ဘွမ်း'

ရေနစ်နေသောဂျပန်စစ်သားဆီကို ကူးသွားခဲ့သည်။ မြုပ်ချည်ပေါ်ချည်ဖြစ်နေသော သူ့လူကို ဆယ်ယူမည်ပြုစဉ် မမျှော်လင့်သောအခြေအနေတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာခဲ့လေသည်။

''အား''

''အား''

ရေထဲတွင်ရောက်နေသော ဂျပန်စစ်သားနှစ်ဦးသည် ငယ်သံပါအောင် အော်လိုက်ကြသည်။ ပထမသော် မည်သည့်ကြောင့်လဲဟု မသိကြရ။ နောက်တော့မှ အဖြေပေါ်လာခဲ့ကြသည်ကား ... ရေအောက်မှ ငါးတစ်အုပ်က တက်လာခဲ့ကြပြီး သူတို့နှစ်ယောက်ကို ဝိုင်းပြီးကိုက်ခဲကြလေတော့သည်။

''အား''

''အား''

ငါးများသည် လက်သုံးလုံးခန့်သာ ရှိကြသော်လည်း သွားတွေက မြည့်နေအောင် ချွန်ထက်ကြသည်။ ကမ်းပေါ်မှ





ဗိုလ်မှူးနကာမူရာသည် သူ့လူနှစ်ယောက်အခြေအနေကို သဘောပေါက်သွားခဲ့ကြလေ၏။

''ငါး ငါး ... လူသားစားငါးတွေ''

နီမိုးက အထိတ်တလန့်ဖြင့် အော်မိလိုက်လေသည်။

''ဟော့ကောင်တွေ ... မင်းတို့ သူတို့ကို ဆင်းကယ်ကြစမ်း''

နကာမူရာက မှတ်ကြီးတို့ကို အမိန့်ပေးလိုက်သည်။

''ဟ ... ဘယ်လိုလုပ် ဆင်းကယ်လို့ဖြစ်မှာလဲ၊ ဒါ လူသားစားငါးတွေဗျ။ ကျုပ်တို့ကိုပါ စားပစ်ကြမှာ၊ သေသွားနေပေါ့ဗျ''

ထိုအခါ နကာမူရာက မှတ်ကြီးကို သေနတ်ဖြင့်ချိန်ဆားလိုက်သည်။ သူ့အမိန့်ကို ဖီဆန်၍ ဒေါသဖြစ်ကာ သေနတ်ကောင်းဖြုတ်တော့မည့်ဆဲဆဲ ...။ မှတ်ကြီးသည် သည်တစ်ခါတော့ သွားပြီဟု မျက်စိကိုစုံမှိတ်ထားမိလိုက်သည်။

ကျော်ပိုက်နှင့် နီမိုးတို့သည်လည်း ရုတ်တရက် ဘာလုပ်နေနီး မသိ၊ ဘေးမှ ဂျပန်စစ်သားနှစ်ယောက်၏ အန္တရာယ်ကလည်း ရှိသေးသည်။ သူတို့နှစ်ယောက်ကို စက်သေနတ်များဖြင့် ချိန်ထားကြသည်။

သို့သော် နကာမူရာသည် မည်သည့်အတွက် စိတ်ပြောင်းသွားသလဲမသိ။ သေနတ်ကိုင်ထားသောလက်ကို အောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ တဖြည်းဖြည်း ပြန်ချလိုက်သည်။

ရေအိုင်ကြီးထဲတွင်ကား ဂျပန်စစ်သားနှစ်ယောက်သည် ငါးများ၏ ဝိုင်းကိုက်ခံခြင်းကို ခံကြရသောကြောင့် စက္ကန့်ပိုင်း အတွင်းမှာပင် အရိုးစုများအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြလေ၏။ ထို့နောက် သွေးခြင်းခြင်းနီလျက်ရှိသော ရေအောက်ကို နစ်မြုပ် သွားခဲ့ကြလေသည်။

✲✲✲



# အခန်း (၂)

## ကျူး ပြူး

ထိုအဖြစ်အပျက်ဆိုးကြီး ရောက်လာလိမ့်မည်ဟု မည်သူ မှ မမျှော်လင့်မိကြ။ ယခုတော့ ဖက်ဆစ်နှစ်ယောက်သည် ာမိကာဲ စက္ကန့်ပိုင်းအတွင်းမှာပင် ဘဝတစ်ပါးသို့ ပြောင်းသွား ကြလေပြီ။

အရက်ဖက်ကာ သွေးဆိုးသောဂျပန်တစ်ယောက်ကြောင့် တွင်းထဲက ဆယ်ယူလိုသောအဖော်လည်း တမလွန်ကို ပ်ပါသွားခဲ့ရလေပြီ။ လူတစ်ဦးတည်းသာလျှင် ဖောင်ပေါ်မှာ ရစ်ခဲ့တော့သည်။

ထိုသူသည်လည်း သူ့ရှေ့မှာ လောလောလတ်လတ် ားသွားခဲ့သော အဖော်နှစ်ယောက်၏အဖြစ်ဆိုးကို မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com





လိုက်ရသည်ဖြစ်၍ ကယောင်ချောက်ချား ဖြစ်သွားခဲ့သည်။ မှုန်နောက်သွားကာ ရေထဲကိုပင် ထိုးကျသွားမလို ဖြစ်သွားခဲ့ရသည်။

"ဟော့ကောင် . . . မင်း ဒီဘက်ကို မြန်မြန်ကူးလာခဲ့"

နကာမူရာက တစ်ဖက်ကမ်းမှနေ၍ အမိန့်ပေးလိုက်သည်။ ထိုအခါကျမှ စိတ်ကို အနိုင်နိုင်ပင်ထိန်းလိုက်ပြီး သည်မှာဘက်ကမ်းကို ကူးလာခဲ့လေသည်။ လောလောဆယ်မှာတော့ သူတို့ဘက်မှ အင်အားနှစ်ယောက်က လျော့သွားခဲ့လေပြီ။

မှတ်ကြီးတို့သုံးယောက်သည် စိတ်ဓာတ်ကျသွားသော ဖက်ဆစ်ဗိုလ်မှူး နကာမူရာကိုကြည့်ပြီး စိတ်ထဲမှ ကျိတ်ကာဝမ်းသာသွားခဲ့ကြသည်။

"ဟော့ . . . မင်းတို့ ဒီရေအိုင်ထဲမှာ လူသားစားငါးတွေ ရှိနေကြတယ်ဆိုတာ မသိကြဘူးလား"

"မသိပါဘူးခင်ဗျာ၊ ဒီရေအိုင်ကြီးကိုလည်း ခုမှပဲ မြင်ဖူးကြတာပါ"

'ဖြန်း . . . ဖြန်း'

နီမိုး၏ ဘယ်ညာပါးနှစ်ဖက်စလုံး ပူထွက်သွားသည်။ ဖက်ဆစ်ကောင်ကား မဆီမဆိုင် မဲလေပြီ။

"မင်းတို့သိတာ ဘာရှိလဲ၊ ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ၊ မသိဘူး မသိဘူးနဲ့ပဲ၊ သိလျက်နဲ့ တမင်ထိမ်ချန်ထားတာ





ကောင်းကောင်းလိုက်ခဲ့ကြ၊ ငါတို့ အင်အားနည်းသွားတယ်ဆိုပြီး တိုက်ခိုက်မယ်လို့တော့ စိတ်မကူးကြနဲ့၊ ဒီမှာတင် အလောင်းချင်း ထပ်သွားမယ်"

နီမိုးသည် နကာမူရာကို တစ်ချက်ပင် လှည့်မကြည့်ဘဲ မျက်နှာကို လွှဲထားလိုက်သည်။ မှတ်ကြီးနှင့်ကျော်ပိုက်တို့ကလည်း အခြေအနေကို ကြည့်နေကြသည်။ ဤဖက်ဆစ်ကောင်က လွန်လွန်းနေလေပြီ။ နီမိုးကသာ စတင်ပြီးတော့ လှုပ်ရှားလျှင် သူတို့နှစ်ယောက်ကလည်း နေကြမှာမဟုတ်။ သို့သော် ဂျပန်သုံးယောက်စလုံးက စက်သေနတ်များဖြင့် ချိန်ထားကြ၍ မလှုပ်နိုင်အောင် ဖြစ်သွားခဲ့ကြလေသည်။ ထို့နောက် ခရီးဆက်ထွက်လာခဲ့ကြလေသည်။

ကံကောင်းနေကြသေးသည်ကား ယခုထက်ထိ သားကောင်ရိုင်းကြီးများ၏ အန္တရာယ်နှင့် မကြုံမိကြရသေးပေ။ သို့သော် တောတွင်းတစ်နေရာသို့အရောက်တွင် . . .

'ဖြိုး'

မြွေဟောက်ကြီးတစ်ကောင်က ချုံထဲမှ ရုတ်တရက်ထွက်ပေါ်လာပြီး လားတစ်ကောင်ကို ပေါက်ထည့်လိုက်လေသည်။ အဆိပ်ပြင်းသောမြွေဖြစ်သောကြောင့် သနားစရာကောင်းသော လားသတ္တဝါလေးသည် ချက်ချင်းပင် သေဆုံးသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပိုက်သည် မြွေပေါက်ကို သစ်ကိုင်းခြောက်တစ်ခုနှင့် ရိုက်သတ်ပစ်လိုက်သည်။ ဝန်တင်လား သေဆုံးသွားခဲ့ပြီဖြစ်၍ . . .

''မင်းတို့နှစ်ယောက် သေတ္တာတစ်ယောက်တစ်လုံးစီ ထမ်းလာခဲ့ကြ''

နကာမူရာက အမိန့်ပေးသည်။ ထင်ပါသည် . . . သည်အတိုင်းပဲ ဖြစ်လာလိမ့်မည်ဟု။ ကျော်ပိုက်နှင့်နီမိုးတို့သည် သေတ္တာတစ်လုံးစီကို ပခုံးထက်မှာတင်ကာ ထမ်းသွားခဲ့ကြရသည်။ သေတ္တာက လေးသည်။ မှတ်ကြီးသည် တစ်နေရာအရောက်တွင် ဝင်ကူပြီးတော့ ထမ်းပေးသည်။ ကျော်ပိုက်နှင့်နီတိုးတို့မှာ ထိုအခါကျမှ သက်သာရာရကြသည်။ နကာမူရာက မကန့်ကွက်။

✡

တစ်နေရာကိုရောက်သောအခါ နားကြရပြန်သည်။ ဂျပန်စစ်သားသုံးယောက်စလုံးက သူတို့သုံးယောက်ကို လုံးဝအလစ်မပေးကြ။ မှတ်ကြီး၏မျက်နှာပေါ်တွင် ကြံစည်မှုတွေကို တွေ့နေရသည်။ နီမိုးက . . .





''မှတ်ကြီး . . . မင်း နေရာတကာမှာ လောမကြီးနဲ့နော်၊ ဘာလုပ်လုပ် ငါတို့ကိုလည်း တိုင်ပင်ပါ၊ ငါတို့လည်း ဒီကောင်ကြီးကို သိပ်ကျေနပ်တာ မဟုတ်ဘူး''

''အေး . . . သူတို့မှာ သာနေတာက လက်နက်ပဲကွ၊ ဒါလည်း ဘာမှ ကြောက်စရာမလိုဘူး။ လစ်ရင်တော့ ခေတ်မှာပဲ၊ ဒါပေမဲ့ တို့သုံးယောက်စလုံး ညီမှဖြစ်မယ်ဆိုတာ သိတယ်''''

နကာမူရာကတော့ သူတို့ကို မသိမသာ အကဲခတ်လျက်ရှိသည်။ သူသည် မှတ်ကြီးတို့ကို လျှော့တွက်ထားမှာ မဟုတ်။

''ဟိုကောင်ကြီး ငါတို့ကို အကဲခတ်နေတယ်ကွ . . . သတိထားကြမှဖြစ်မယ်''

ပါလာသော အစားအစာများကို ကျွေးသည်၊ ရေသောက်ရသည်။ မီးဖိုခွင့်တော့မပြု။ ဒါလောက်အထိ အချိန်ပေးနိုင်ပုံ မပေါ်။ တစ်ခဏပဲနားကြသည်၊ ခရီးဆက်ထွက်လာခဲ့ကြပြန်သည်။ တော၏အနေအထားက တစ်မျိုးကြီးပဲဖြစ်သည်။ နောက် ကြောင်းကို မလုံသလိုပင်။

နကာမူရာသည်ပင် စိတ်ဓာတ်ချောက်ချားနေပုံရသည်။ တောသည် သူ့စိတ်ကို ဆုပ်ကိုင်ချေမွသလိုဖြစ်နေသည်။ တစ်ခါတစ်ရံမှာ စိတ်ဓာတ်က မနိုင်ကျည်ဘဲ ယိမ်းယိုင်သွားတတ်သည်။ တော၏အနေအထားကြောင့်လား သို့မဟုတ် စစ်ပြေးလာခဲ့ရသောကြောင့် စိတ်ဓာတ်ကျနေခဲ့ရသည်လား။



www.burmeseclassic.com

www.burmeseclassic.com





သို့တိုင် ဤဖက်ဆစ်ကောင်များကား မြန်မာ့တပ်မတော်၏ထိုးစစ်ကြောင့် ယခုလို ပြေးနေကြရသည့်တိုင် မတရားသိမ်းပိုက်ထားသည့် ရတနာများကိုတော့ မနိုင်ရင်ကန် သယ်ဆောင်သွားနိုင်ဖို့ ကြိုးစားနေကြသေးသည်။

သူတို့သည် အနောက်ရိုးမတောင်ကြီးကို ကျော်ဖြတ်ကာ ထွက်ပြေးဖို့ ကြိုးစားနေကြသလားမသိ။ သို့သော် လူအင်အားကား နည်းပါးလျက်ရှိနေကြလေပြီ။ ထို့ကြောင့် မိမိတို့က ဤရတနာသေတ္တာများကို တောက်လျှောက်အပြီးတိုင် သယ်ဆောင်ပေးနေရမည်လား မသိ။ သူတို့နောက်ကို မလိုက်နိုင်၊ အခွင့်ကောင်းကြုံက သူသေကိုယ်သေ အပြတ်ရှင်းကြရတော့မည်သာ။

မကြာမီ သူတို့သွားရာလမ်းကြောင်း၏ ဘယ်ဘက်တွင် ချုံများဖြင့်ပိတ်ဖုံးနေသော ဂူတစ်လုံးကို တွေ့လိုက်ကြရသည်။ ခရီးကလည်း ပင်ပန်းနေခဲ့ကြပြီ။ နေဝင်မိုးချုပ်တော့မည့်ကာလကိုလည်း ရောက်လာခဲ့ပြီမို့ တစ်ထောက်နားကြရဦးမည်။ ဂူဝတွင် ပိတ်ဆို့နေသောချုံများကို မှတ်ကြီးတို့ကပင်လျှင် ရှင်းကြရသည်။

"ဒီဂူကြီးဟာ ငါတို့အတွက် အသင့်တော်ဆုံးပဲ၊ ပစ္စည်းတွေကို အထဲမှာထည့်ထားကြရမယ်၊ ဒီတစ်ညအတွက် ငါတို့ နားကြမယ်"

နကာမူရာက အမိန့်တစ်ရပ်ကို ထုတ်ပြန်လိုက်လေသည်။ သူ့တွင် ယခုထက်ထိ အာဏာသုံးသည့်အခွင့်အရေးကို





လက်မလွှတ်နိုင်သေး။ ပြေးနေကြရသည်ကို သတိမှုရသေးရဲ့လားမသိ။

✲

ဂူသည် အထဲကို တော်တော်လေး ရှည်လျားသည်။ သူတို့သုံးယောက်ကို ဂူထဲဝင်စေကာ အခြေအနေကို လေ့လာစေသည်။ တကယ်တော့ သားရိုင်းကောင်များ ခိုအောင်းနေခဲ့လျှင် သူတို့သာ အရင်ခံကြ။ ဂူကကျယ်သည်။ အထဲကို ရောက်သွားခဲ့ကြသည်နှင့်။

'ဖလပ် ဖလပ် ဖလပ်'

အမိုးမျက်နှာကြက်မှာ ဇောက်ထိုးတွဲလောင်းကျနေကြသော လင်းနို့များ၊ အချို့ လန့်ပြီးတော့ ပျံပြေးကြသည်။ ဂူထဲမှာပင်လျှင် ပတ်ချာလှည့်ပြီးတော့ ပျံပြေးနေကြသည်။ အလင်းကို ကြောက်ကြဟန်တူသည်။ ဂူအပြင်ကို ထွက်မပြေးကြ။ ထို့နောက် ဂူအမိုးမျက်နှာကြက်မှာပင် ပြန်ပြီးတော့ ချိတ်တွယ်ကြသည်။ လင်းနို့ချေးတွေကလည်း အောက်မှာပုံပုံရင်ရင်။

"လင်းနို့ချေးတွေကို ရှင်းပစ်ကြ"

'တောက်'



www.burmeseclassic.com

www.burmeseclassic.com



နကာမူရာက အမိန့်ပေးသည်။ မှတ်ကြီးက တောက်ခေါက်လိုက်သည်။ သည်တစ်ခါတော့ နကာမူရာက မကြားချင်ယောင်ဆောင်လိုက်သည်။

"ပင်ပန်းလာရတဲ့အထဲကွာ၊ ၊လင်းနို့ချေးတွေကိုပါ ထပ်ရှင်းနိုင်းတယ်၊ နည်းနည်းလေးမှ ညှာတာစိတ်မရှိဘူး"

"မှတ်ကြီး ... မင်းအမူအရာ သိပ်ပျက်လွန်းတယ်၊ သူတို့မှာ အင်အားနည်းနေပြီ၊ မင်းကြောင့် အခွင့်အရေးတွေဆုံးရှုံးရတော့မယ်၊ စိတ်ချ ... ဒီကောင်တွေ မိုးမလင်းဘူး"

ကျော်ပိုက်က မှတ်ကြီးကို သတိပေးလိုက်သည်။ သူတို့မှာ လက်နက်တွေရှိသည်။ ဤသေတ္တာများကို ဝှက်ပြီးရင် ကျော်ပိုက်တို့သုံးယောက်ကို လမ်းဆုံးသို့ပို့မှာ ကျိန်းသေသည်။

သို့မတိုင်မီ မိမိတို့က ပါးနပ်စွာဖြင့် အချိန်ကို စောင့်ကြရမည်။ သို့မဟုတ်က ခုလိုအချိန်တွင် ဖက်ဆစ်ကောင်သည် စိတ်ထွက်ထွက်နှင့် မိမိတို့ကို အပြတ်ရှင်းပစ်လိုက်လျှင် မတွေးဝံ့တော့။ လင်းနို့ချေးများကို ရှင်းပြီးသောအခါကျမှ ဖက်ဆစ်ကောင်ဗိုလ်မှူးက ဂူထဲကိုဝင်တော်မူသည်။ သူ့တပည့်သုံးယောက်ကတော့ စက်သေနတ်တွေ တချိန်ချိန်နှင့် မှတ်ကြီးတို့ကို အလစ်မပေး။

"သေတ္တာတွေကို အထဲသွင်းကြ"

သေတ္တာလေးလုံးကို ဂူထဲသို့ သွင်းကြရသည်။ နကာ





မူရာ လက်ညှိုးထိုးပြရာနေရာတွင် ထားကြရသည်။ သည့်နောက် ဂူအပြင်ကို ထွက်ကြရသည်။ အတော်ခပ်လှမ်းလှမ်းတွင် စမ်းချောင်းတစ်ခု စီးဆင်းနေသည်ကို တွေ့ကြရသည်။ နီမိုးက ...

"မာစတာ ... ကျွန်တော်တို့ ရေချိုးချင်တယ်"

အရဲစွန့်ပြီးတော့ ပြောလိုက်သည်။ နကာမူရာက မျက်ထောင့်ကြီးနီကာ ကြည့်လိုက်ပြီး ...

"မချိုးရဘူး။ ဘာလဲ ... မင်းတို့က ရေကူးပြီးတော့ ထွက်ပြေးမလို့လား"

"မဟုတ်ပါဘူး ... တစ်ကိုယ်လုံး ချေးတွေနဲ့ ညစ်ပတ်နံစော်နေလို့ပါ"

"ငါတို့လည်း ဒီအတိုင်းနေကြမှာပဲ၊ မင်းတို့က ရေချိုးသည်း မထူးတော့ပါဘူးကွာ"

ဂျပန်ဖက်ဆစ်ကောင်၏စကားသည် အနှောင့်အသွားလွှတ်။ သို့သော် သူ၏မျက်လုံးတွေထဲမှာ အဓိပ္ပာယ်တစ်ခုကို ရှာတွေ့လိုက်ကြသည်။ ယင်းကား ... မိမိတို့ကို ဤနေရာမှ အသက်ရှင်လျက်နှင့် လွတ်မြောက်ခွင့်မပေးလိုတော့ပြီတည်း။

✲



www.burmeseclassic.com

www.burmeseclassic.com





ကျောက်ဂူတွင် တစ်ညတာ စခန်းချရပ်နားကြရန် ကျိန်းသေသွားခဲ့ကြလေပြီ။ ဖက်ဆစ်ကောင် နကာမူရာက သူတို့သုံးယောက်ကို ထမင်းဟင်းချက်စားခွင့် ပြုသည်။ တင်းမာနေသောမျက်နှာကြောက လျော့လာကာ စီးကရက်ဘူးများ ပေးသည်။ သို့သော် တစ်ယောက်ကတော့ စက်သေနတ်တစ်လက်နှင့် အမြဲတမ်း စောင့်ကြည့်နေသည်။

"ဒီဖက်ဆစ်ကောင်က ငါတို့ကို ဆက်ဆံရေးပြောင်းလာတယ် . . . သတိထားကြရတော့မယ်၊ နီးလာပြီထင်တယ်"

"ဟုတ်တယ် နီမိုး . . . ဒီပစ္စည်းတွေကို လုံခြုံတဲ့နေရာမှာ ဝှက်ထားပြီးပြီပဲ၊ ငါတို့ မလိုတော့ပါဘူး"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး လေသံဖြင့် ပြောလိုက်ကြသည်။ ထို့နောက် တဝါးဝါးတဟားဟားဖြင့် ရယ်နေလိုက်ကြသည်။ ထိုအခါ ဗိုလ်မှူးနကာမူရာသည် သူတို့ကို မသိမသာ အကဲခတ်ကာကြည့်နေသည်။ မျက်နှာပေါ်မှာကတော့ ကျေးပြုံး။

✲

မိုးချုပ်စပြုလာသည်။ ရိုးမ၏ အအေးဓာတ်က ပညာပြ





ပြီ ထင်သည်။ မခံမရပ်နိုင်အောင်ပင် အေးစိမ့်လာနေသည်။ အဝေးဆီက ကျေးတစ်သံများကို ကြားလာခဲ့ရသည်။

"မိုးချုပ်တာနဲ့ ကျေးက အစာရှာထွက်ပြီထင်တယ်"

နီမိုးက ပြောလိုက်သည်။ သူတို့ကို ဂူထဲမှာ နေခွင့်မပြု၊ နကာမူရာနှင့် နှစ်ယောက်က ဂူထဲမှာ။ နကာမူရာသည် မြေပုံသွန်းတစ်ခုကို ရေးဆွဲနေသည်။ ဟာရိကိန်းမီးအိမ်ကို သေတ္တာတစ်လုံးပေါ်မှာ တင်ထားသည်။ စစ်သားနှစ်ယောက်က သူနှင့်လှမ်းမကမ်းမှာ သူတို့ဗိုလ်မှူးကို အကာအကွယ်ပေးထားကြသည်။

စစ်သားလေးယောက်ကတော့ ဂူအပြင်မလှမ်းမကမ်းမှာ ချိန်နေလျက်၊ စက်သေနတ်ကို လွယ်ထားသည်။ သည်တစ်ခါတော့ လွယ်မထား။ လက်မှာကိုင်ကာ ချိန်ထားသည်။

"လုံးဝကို အလစ်မပေးပါလားကွ၊ ငါတို့အတွက် အချိန်က သိပ်မရှိတော့ဘူးနော် . . . ဘယ်လိုလုပ်ကြမလဲ"

ကျော်ပိုက်က မီးပုံထဲ ထင်းထည့်ရင်း ရှေ့သံဖြင့်မေးလိုက်သည်။

"အေးပါကွာ . . . ကြည့်လုပ်ကြတာပေါ့၊ အေးအေးသာနေ ငါတို့စကားပြောနေကြတာကို စက်သေနတ်နဲ့ငနဲက အကဲခတ်နေတယ်"

မှတ်ကြီး၏စကားကြောင့် မသိမသာ ရွှေစောင်းပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြသည်။ နေသည် သူတို့ကိုစိုက်ကြည့်နေသည်။ ပြီးတော့ တဝါးဝါးနှင့် သန်းနေလေသည်။

ထိုစဉ် မမျှော်လင့်သော အခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့လေသည်။ မြွေတစ်ကောင်သည် မီးပုံနှင့် မလှမ်းမကမ်းမှ ဖြတ်သွားနေသည်။ မှတ်ကြီးက မြင်လိုက်သည်။ အကြံတစ်ခု ရသွားသည်။ ထိုင်နေရာမှ မြွေဆီကို ပြေးသွားသည်။ အစောင့်ဂျပန်က မှတ်ကြီး၏လှုပ်ရှားမှုကို ကြောင်ပြီးတော့ကြည့်နေသည်။ မှတ်ကြီးသည် မြွေကို လက်နှစ်ဖက်ဖြင့်ကောက်ယူလိုက်ပြီး အစောင့်ဂျပန်ဆီကို ပစ်ထည့်လိုက်သည်။

"အား"

မြွေက လည်ပင်းမှာ ပတ်သွားသည်။ ထို့နောက် လည်ကုပ်ကို ဆက်ကာ ဆက်ကာ ပေါက်ထည့်လိုက်လေသည်။

"ဟ ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

နီမိုးက အလန့်တကြားနှင့် ထပြီးတော့ အော်လိုက်လေသည်။

✡

အပြင်မှ ဂျပန်စစ်သား၏အော်သံကို နကာမူရာနှင့်





သူ့လူများက ကြားလိုက်ကြလေ၏။

"ဟ ... ဟိုကောင် ဘာဖြစ်တာလဲမသိဘူး ... သွားကြည့်ကြစမ်း"

နကာမူရာလည်း ခါးကြားမှသေနတ်ကို ဆွဲထုတ်လိုက်သည်။ ဂျပန်စစ်သားနှစ်ယောက် အပြင်ကို မဆင်မခြင် ပြေးထွက်လာခဲ့သည်။ နီမိုးက မီးပုံထဲက ထင်းချောင်းရဲရဲကြီးကို ဆတ်ခနဲဆို ဆွဲထုတ်လိုက်ကာ အနားမှ ဖြတ်ပြေးသွားသော ထိုသူနှစ်ယောက်ဆီ ပစ်ပေါက်ထည့်လိုက်သည်။

"အား"

"အား"

ကျော်ပိုက်က ဂျပန်တစ်ယောက်၏ ခါးမှချိတ်ထားသော ဘင်ဒိုဓားရှည်ကြီးကို ဆွဲထုတ်လိုက်ကာ နှစ်ယောက်စလုံးကို ပိုင်းချပစ်လိုက်သည်။

'ဝှစ် ရွှပ် ရွှပ်'

"အား အား"

နကာမူရာသည် ဂူအပြင်ကို ပြေးထွက်လာခဲ့သည်။ မှတ်ကြီး၏လက်ထဲတွင် ဘင်ဒိုဓားတစ်ချောင်း။ နကာမူရာသည် ပြေးဝင်လာသော မှတ်ကြီးကိုကြည့်ပြီး အံ့အားသင့်သွားသည်။ ကြောင်သွားသည်။ မှတ်ကြီးက ဓားဖြင့် ပိုင်းချလိုက်သည်။

'ရွှပ်'



www.burmeseclassic.com

www.burmeseclassic.com



''အား''

နကာမူရာက အသံနက်ကြီးဖြင့် အော်လိုက်သည်၊ သေနတ်ခလုတ်ကိုလည်း ဆွဲမိလိုက်သည်။

'ဒိုင်း'

''အား''

မှတ်ကြီး၏ရင်ဝမှာ ပူခနဲဖြစ်သွား၏။ နကာမူရာသည်လည်း ဖင်ထိုင်ကျသွား၏။ သေတ္တာကို ကျောမှီလျက်သားဖြစ်သွားသည်။ မှတ်ကြီး၏ရင်ဘတ်မှ သွေးများ ပန်းထွက်လာကြသည်။ သို့သော် မှတ်ကြီးသည် ဓားကိုမြှောက်ပြီး အရှိန်ဖြင့် ပြေးဝင်လာခဲ့သည်။ နကာမူရာသည်လည်း ဓားဒဏ်ရာ အပြင်း အထန်ပင် ရနေလေပြီ။ သေနတ်ကို အနိုင်နိုင်ပင် လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ခလုတ်ကို ညှစ်ချလိုက်လေ၏။

'ဒိုင်း'

''အား''

မှတ်ကြီး ကိုယ်တစ်ပတ်လည်ပြီး ပစ်ကျသွားသည်။ နကာမူရာသည်လည်း သေနတ်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင် လျက်ကပင် ငြိမ်သက်သွားခဲ့လေပြီ။

အပြင်ဘက်တွင်ကား ... ကျော်ပိုက်၏ဓားချက်ကြောင့် လဲကျသွားခဲ့သော ဂျပန်စစ်သားနှစ်ယောက် တစ်ယောက်ဆ မလှုပ်တော့။ ကျန်တစ်ယောက်က ဒဏ်ရာပြင်းစွာ ရထားသည်





သူသည် ဖွဲကတော့ကောင်းသည်။ လွတ်ကျသွားသော စက်သေနတ်ကို ကောက်ယူလိုက်သည်။ နီမိုးက ဂူထဲပြေးဝင်သွားသော မှတ်ကြီး၏နောက်ကို ပြေးလိုက်သွားခဲ့သည်။

'ဒက် ဒက် ဒက် ဒက်'

''အား''

နီမိုး ကျောကော့သွားသည်။ ဒဏ်ရာရထားသော ဂျပန်စစ်သားက နောက်မှနေ၍ ပစ်ထည့်လိုက်ခြင်းပင်။ ထိုအခြေအနေကို ကျော်ပိုက် မြင်တွေ့သွားခဲ့လေရာ ...

''ဟင် ... ဒီမိစ္ဆာကောင်''

ကျော်ပိုက်သည် ဓားကြီးကိုမြှောက်ကာ ပြေးဝင်သွားသည်။ ဂျပန်စစ်သားကလည်း စက်သေနတ်ကို အနိုင်နိုင်ပင် ကိုင်ပြီး ပစ်ရန်ကြိုးစားသည်။ သို့သော် ပါးစပ်ထဲမှ သွေးများက ရှက်ခနဲဆို အံကျလာသည်။ သေနတ်လည်း လွတ်ကျသွားသည်။

ကျော်ပိုက်သည် ဓားကိုင်လက်ကို မြှောက်ထားရာက အောက်ကို တဖြည်းဖြည်းနှင့် ပြန်ချလိုက်သည်။ ရန်သူသည် ၎င်းကိုပစ်ခတ်ရန် အင်အားမရှိတော့။ ဇက်ကျိုးကျသွားခဲ့လေပြီ။ ကျော်ပိုက်သည်လည်း လန့်ဖျပ်ကာ ထွက်ပြေးသွားခဲ့သည်။ ပတ်ဝန်းကျင်တွင် ယမ်းနံ့များက မွှန်ထူကာ ကျန်ရစ်ခဲ့သည်။ ကျော်ပိုက်သည် နီမိုးဆီကို ပြေးသွားခဲ့သည်။

''နီမိုး နီမိုး''



www.burmeseclassic.com

www.burmeseclassic.com



မှောက်ခုံကြီးလဲနေသော နီမိုးကို ဆွဲထူလိုက်သည်။ အသက်ငွေ့ငွေ့သာ ရှိတော့သည်။ ကျော်ပိုက်ကို အရောင်မှိန်စပြုနေသော မျက်လုံးတွေဖြင့် ငေးစိုက်ကာ ကြည့်နေသည်။

"သူငယ်ချင်း နီမိုး . . . မင်း အားတင်းထားနော်၊ မင်း ဘာမှ မဖြစ်နိုင်ဘူး။ ငါ မင်းကို ရွာထိပြန်ခေါ်သွားမယ်"

ကျော်ပိုက်က အားပေးသည်။ နီမိုးသည် ဒဏ်ရာကြောင့် မျက်နှာတစ်ချက် ရှုံ့မဲ့သွားသည်။ ထို့နောက် မျက်လုံးမှိတ်သွားခဲ့လေ၏။

"ဟင် . . . နီမိုး နီမိုး . . . ဖြစ်မှဖြစ်ရလေကွာ"

ကျော်ပိုက်သည် ကြိတ်မနိုင်ခဲမရပင် ပြောလိုက်သည်။ နီမိုး၏ခန္ဓာကိုယ်ကို လွှပ်ကာ ခေါ်နေမိသေးသည်။ အသက်မရှိတော့ပါ။ တမလွန်ခရီးကို ထွက်ခွာသွားခဲ့လေပြီ။ သည့်နောက် မုတ်ကြီးကို သတိရသွားခဲ့သည်။ စောစောက ဂူထဲမှာ သေနတ်သံတွေ၊ အော်သံတွေကို ကြားလိုက်ရသည်။ နီမိုးကို အောက်ချပြီး ပြေးဝင်သွားခဲ့သည်။ သူ၏ မဆင်မခြင် အပြုအမူပင်။

သို့သော် မုတ်ကြီးနှင့် ဖက်ဆစ်ကောင် နကာမူရာသည်ကား မပြန်လမ်းသို့ မြန်းသွားခဲ့ကြလေပြီ။

"ဟင် . . . မုတ်ကြီး မုတ်ကြီး"

ကျော်ပိုက်သည် မုတ်ကြီးဆီ ပြေးသွားကာ တအားပင် အော်မိလိုက်လေတော့သည်။

☆☆☆



# အခန်း (၃)

## သေး သင်း ကျက်

'အူး . . ငူး ငူး ငူး'

ညဦးကာလ၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့်အသံတစ်သံ။ မသိသောသူများကတော့ လမ်းသလားနေသော ရွာထဲမှ ခွေးတစ်ကောင်၏အူသံဟုပင် ထင်မိကြပေလိမ့်မည်။ နားလည်သောသူကတော့ ထိုအသံသည် ဝံပုလွေတစ်ကောင် ၏အသံဟု သိလိုက်လေသည်။

ရွာနားကိုတိုးကပ်လာသော ဝံပုလွေကောင်သည် အကြောင်းမဲ့ ရောက်လာခြင်းမဟုတ်။ ကြက်၊ ဘဲ၊ ဝက်ပေါက်ကလေးများကို ဆွဲလို၍ပဲ ဖြစ်သည်။ တစ်ခါတစ်ရံမှာ တောင်း ဝံပုလွေများသည် ရွာများဆီကို တမင်တကာ ချဉ်းကပ်လာတတ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တစ်ကောင်တည်းလာတတ်သော ဝံပုလွေလည်းရှိသလို လေးငါးကောင်အုပ်ဖွဲ့ပြီးတော့လည်း လာတတ်ကြသည်။

သူတို့အထဲတွင် သာမန်ဝံပုလွေများထက် ပိုကြီးသော ဝံပုလွေခေါင်းဆောင်ကြီးတစ်ကောင် ပါလာသည်။ ရဲလည်း ရဲသည်။ တိုက်ခိုက်ရာတွင်လည်း ကျွမ်းသည်။ သူကိုယ်တိုင် သားကောင်ထောက်လှမ်းသည်။ နောက်လိုက်ဝံပုလွေတွေက သူ့ကိုပဲ အားကိုးကြသည်။ သားကောင်တစ်ကောင်တွေ့ပြီဆိုလျှင် ခေါင်းဆောင်ဝံပုလွေကြီးက အမိအရလိုက်သည်။ ထိုသားကောင်သည် ပြေးမလွတ်။ ဝံပုလွေကြီးက ကျားတစ်ကောင်လို တစ်ချက်ပဲ ခုန်အုပ်လိုက်သည်။

ကုပ်ကိုခဲမိသည်နှင့် တစ်ချက်သာ ခါယမ်းပစ်လိုက်သည်။ အသက် ဘယ်လိုထွက်သွားမှန်းပင် မသိလိုက်။ ထိုအခါကျမှ နောက်လိုက်အပေါင်းအဖော် ဝံပုလွေများသည် သေဆုံးသွားသော အမဲကောင်ကို ဝိုင်းဝန်းပြီး စားသောက်ကြလေတော့သည်။

ယင်းဝံပုလွေခေါင်းဆောင်ကြီးသည် တောထဲမှာ အစာရှာမရလျှင် ရွာနားအထိ ချဉ်းကပ်လာတတ်သည်။ မြင့်မားသော ရွာစည်းရိုးကို လွယ်ကူစွာ ခုန်ကျော်ဝင်သွားတတ်ပြီး ဆိတ်၊ နွားပေါက်လေးတစ်ကောင်ကောင်ကိုပင် ကိုက်ချီကာ ရွာစည်းရိုးကို ပြန်ပြီးခုန်ကျော်ကာ ထွက်သွားတတ်သည်။

ယင်းဝံပုလွေခေါင်းဆောင်ကြီးကို မြင်လိုက်ရသူများမှာ





အံ့သြထိတ်လန့်သွားခဲ့ကြရသည်။

“ဒါ ဝံပုလွေမှဟုတ်ရဲ့လား၊ ဒါလောက်ကြီးတဲ့ ဝံပုလွေကြီးဟာ ရှိးမှရှိးရဲ့လား၊ နာနာဘာဝကောင်ကြီး နဲ့ တူနေတယ်၊ ခုံတင်းလိုက်တာကလည်း လွန်ပါရော ... ရွာထဲအထိ ဝင်ဆွဲတယ်”

ဝံပုလွေကြီး၏ လှုပ်ရှားမှုကို မှင်တက်မိ၍သာနေကြသည်။ တိုက်ခိုက်ဖို့အတွက် မေ့လျော့နေကြသည်။

“ကျားတစ်ကောင်ရဲ့အားနဲ့ သားကောင်တွေကို ကိုက်ချီပြီး စည်းရိုးခုန်ကျော်သွားနိုင်တာ နည်းတဲ့ခွန်အားမှ မဟုတ်တာ၊ မျက်မြင်ကိုယ်တွေ့မို့သာ ... ပြောပြရင်တောင် ဘယ်သူက ယုံနိုင်မှာမို့လဲ”

ဝံပုလွေခေါင်းဆောင်ကြီး၏သတင်းသည် ပျံ့နှံ့လျက်ရှိနေသည်။ တောထဲအလည်လွန်ကျူးကာ ပျောက်ဆုံးသွားသော နွားချို့သည်လည်း ကျားစာမမိဘဲ ဝံပုလွေစာမိသွားကြသည်က သာ များသည်။ နေ့လယ်ကြောင်တောင်မှာပင်လျှင် တောထဲကို သွားဝံ့၊ မလာဝံ့ ဖြစ်ကြရသည်။

“ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ကတော့ မဖြစ်တော့ဘူး ဒီဝံပုလွေတွေကို မနှိမ်နင်းရင် အန္တရာယ်ကြီးလာလိမ့်မယ်”

“ဟုတ်တယ် ... ဒါလောက် လက်ရဲဇက်ရဲရှိနေတာ တွေအတွက်လည်း စိတ်မချရဘူး၊ ပြီးတော့ အုပ်စုလည်း

www.burmeseclassic.com



တော့တယ်၊ စိုးရိမ်ရတယ်''

အချို့ကလည်း တွေးပြီးကြောက်နေကြသည်ဟု အပြစ်တင်ကြသည်။ မည်သို့ပင်ဆိုစေ ယင်းဝံပုလွေအုပ်စုကြောင့် လူတွေ ချောက်ချားနေကြရသည်ကတော့ အမှန်ပင်။

လူတို့မသိကြသေးသော အချက်တစ်ခုသည်ကား ...

✡

ညတစ်ညတွင် ကင်းစုန်းတော ကြီးအတွင်း ကျောက်ဂူကြီးတစ်လုံး၏ရှေ့တွင် ရှည်လျားသောဆံပင်၊ ပါးမြိုင်းမွေးထူထူ၊ မုတ်ဆိတ်မွေးရှည်ရှည်နှင့် လူကြီးတစ်ယောက်၊ ပါးလွှာသော ချည်သားအင်္ကျီလက်တိုကို ဝတ်ဆင်ထားပြီး လုံချည်ကို ဇာတ်မင်းသားတစ်ဦးအသွင် ခေါက်ပိုးကျိုက်ထားသည်။

ထိုလူကြီးသည် ခေါင်းတွင် ဦးထုပ်ဝိုင်းကြီးတစ်လုံးကို ဆောင်းထားသည်။ ဦးထုပ်သည် နားနှစ်ဖက်နေရာတွင် အဖတ်များ ချထားသည်။ အနီရောင်ဦးထုပ်ပင်တည်း။ အင်္ကျီကို ကြယ်သီးမတပ်ဘဲ ရှေ့ကခွဲထားသည်။ နက်မှောင်သော ထိုးကွင်းမင်ကြောင်များသည် ပေါင်ရင်းမှသည် ဒူးဆစ်အထိ ရောက်နေကြသည်။





ရင်ဘတ်မှာလည်း ပုံသဏ္ဌာန်အမျိုးမျိုးသော မင်ကြောင်များကို ထိုးထားလေသည်။ ထိုလူကြီးသည် မလှမ်းမကမ်းရှိ နေသောထင်းပုံကြီးဆီကို လျှောက်သွားသည်။ လူတစ်ရပ်ခန့်ရှိမည် ထင်ရသော ထင်းပုံကြီးဆီကို ပုလင်းလေးတစ်လုံးထဲမှ အမှုန့်များကို ဖြူးလိုက်လေသည်။ ထို့နောက် နှုတ်မှ မန္တန်များကိုရွတ်လျက်နေသည်။ ယင်းအချိန်တွင် လက တဖြည်းဖြည်းနှင့် မြင့်တက်လာနေသည်။ ပြည့်ဝန်းခါနီး လ၏အလင်းရောင်များက မြေပြင်ပေါ်ကို ဖြာကျနေကြလျက် ...။

မန္တန်အဆုံးတွင် မည်သို့ဖြစ်သလဲမသိ။ ထင်းပုံကြီး၏ အောက်ခြေမှ စပြီးတော့ မီးတောက်လောင်လာခဲ့သည်။ သူဖြူးလိုက်သည့်အမှုန့်များက လေနှင့်ထိလျှင် မီးလောင်စေတတ်သော အမှုန့်များလေလား။

မီးတောက်ကြီးသည် အောက်ခြေမှသည် အထက်သို့ တဖြည်းဖြည်းနှင့်ကူးစက်ကာ လောင်ကျွမ်းလာလေရာ အပေါ်ပိုင်းဆီကိုပင် ရောက်လာခဲ့လေပြီ။ နောက်တော့ ထိပ်ပိုင်းအထိ လောင်ကျွမ်းသွားခဲ့လေရာ ကြီးမားသောမီးပုံကြီးတစ်ပုံအဖြစ် တဟုန်းဟုန်းတောက်နေလေတော့သည်။

ထိုလူကြီးသည်ပင် မီးအပူရှိန်ကြောင့် နောက်ကိုဆုတ်ကာ ခပ်ခွာခွာပင် နေနေရသည်။ လေကငြိမ်နေသော်လည်း မီးတောက်ကြီးသည် အသက်ဝင်နေသည့်အလား တဝုန်းဝုန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com





မြည်ဟည်းကာ ရှူပ်ရှားလျက်ရှိနေသည်။

ထိုအခါ လူကြီးသည် မီးပုံထဲကို မည်သည့်အရာမှန်း မသိ . . . တစ်ခုပြီးတစ်ခု ပစ်ထည့်လျက်ရှိသည်။ ထိုပစ္စည်းတစ်ခု မီးပုံထဲသို့ရောက်သွားတိုင်းမှာ ဝုန်းခနဲမြည်သွားပြီး မီးရောင်သည် အပြာရောင်၊ အစိမ်းရောင် စသည်ဖြင့် ပြောင်းသွားတတ်သည်။ ထိုအခါ သူ၏မျက်နှာသည်လည်း အရောင်မျိုးစုံတစ်လှည့်စီ ပြောင်းသွားခဲ့လေသည်။ သူ၏လက်ထဲတွင် လေးထောင့်သဏ္ဍာန် လက်သုံးလုံးခန့်ရှိ အရာလေးတစ်ခုသာလျှင် ကျန်တော့သည်။ ယင်းအရာလေးသည် ကြိုတ်ထားပြီး အပြားခတ်ထားသော ဆေးမြစ်ဆေးဥများ ဖြစ်ဟန်တူသည်။

မျက်နှာပြင်အထက်အောက် အင်းကွက်များဖော်ထားသည်။ ထူးဆန်းသော **ဆေးအင်းကွက်** ပင်။ သူသည် နောက်ဆုံးအကြိမ်အဖြစ် မန္တန်ကိုရွတ်နေရင်းက မီးပုံထဲကို ပစ်ထည့်လိုက်လေသည်။ ထိုသို့ ပစ်ထည့်လိုက်သည်နှင့် တစ်ပြိုင်နက် . . .

'ဝုန်း'

ခါတ်မတည့်သောပစ္စည်းနှစ်ခု ထိတွေ့သွားသည့်အလား ဝုန်းခနဲဆို ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာခဲ့လေသည်။ မီးတောက်ကြီးသည်လည်း ပိုမိုမြင့်မားစွာဖြင့် အပေါ်ကို တက်သွားသည်။ ထို့အပြင် ဘေးကိုလည်း မီးနွယ်များက ဖြာပြီးတော့ ထွက်သွားခဲ့ကြသည်။





ယင်းမီးနွယ်များသည် **မီးပုံထဲက ထွက်လာသော ထက်ချောင်းများနှင့်** တူနေကြသည်။ လူကြီး၏မျက်နှာသည် ကျေနပ်အားရသောအသွင်သို့ ကူးပြောင်းသွားခဲ့လေသည်။

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု။

တောထဲမှ သဏ္ဍာန်တစ်ခုက ပြေးထွက်လာခဲ့သည်။ ဝံပုလွေတစ်ကောင်ပင်တည်း။ ဘေးအန္တရာယ်တစ်ခုကြောင့် အသက်ကိုလုကာ ပြေးလာနေသည်နှင့် တူသည်။ ဝံပုလွေသည် နောက်ကိုလှည့်ကြည့် လှည့်ကြည့်နှင့် ပြေးလာရင်း မီးပုံရှေ့မှာ ချပ်နေသောလူကြီးကို အမှတ်မထင် ဝင်တိုက်မိသွားသည်။

အရှိန်ကပြင်းသည်ဖြစ်၍ ထိုလူကြီးသည် မီးပုံထဲကို ကျသွားခဲ့လေသည်။

''အား''

ဝံပုလွေသည်လည်း လူကြီး၏နောက်မှ လိုက်ပါသွားခဲ့ပြီး မီးပုံထဲကိုရောက်သွားသည်။ သို့သော် မီးပုံ၏တစ်ဖက်ကို ကံအားလျော်စွာ ထွက်သွားခဲ့လေသည်။ လူကြီးကတော့ ပြန်ထွက်မလာတော့။ ထိုစဉ် မီးပုံထဲမှ . . .

'ဖောက်'

ဖောက်ခနဲဆို မြည်သံတစ်ခုက ထွက်ပေါ်လာသည်။ ဆီးစေ့သာသာရှိ လုံးဝန်းတောက်ပသော အရာလေးတစ်ခုသည် မီးပုံထဲမှ ခုန်ထွက်လာခဲ့သည်။ ဝံပုလွေသည် သူ့ရှေ့မှာကျလာ



www.burmeseclassic.com

www.burmeseclassic.com



သော ယင်းအရာလေးကို လေထဲမှာခုန်ကာ ဟပ်မိသွားသည်။ သူ၏တစ်ကိုယ်လုံးသည်လည်း စိမ်းပြာရောင်များက ဖွဲထင်သွားကာ ဝံပုလွေနှင့်အတူ ပါသွားခဲ့လေသည်။ မီးပုံကြီးကား အရှိန်အားကောင်းစွာဖြင့် ဆက်လက်၍ တောက်လောင်ကျွမ်းနေဆဲ။

မီးတောက်မီးလျှံများက သေးကိုထိုးထွက်နေကြသည်မှာ လက်များသဏ္ဍာန်၊ မြွေများသဏ္ဍာန် လွန့်လူးနေကြသည်။ သဏ္ဍာန်အမျိုးမျိုးဖြင့် ထူးဆန်းစွာဖြစ်ပေါ်နေသော မီးပုံကြီးဆီက အမွှေးရနံ့များကလည်း ထွက်ပေါ်လျက်ရှိနေကြသည်။ တစ်တောလုံး ပျံ့လွှင်လျက် ရှိနေလေသည်။

✡

တစ်ရက်အကြာတွင် ...

ယင်းနေရာကို လူတစ်ယောက်က ရောက်လာခဲ့သည်။ ထိုသူကား လူငယ်တစ်ယောက်ပင်။ ရှည်လျားသောဆံပင်များက ကုပ်ကိုထောက်နေကြသည်။ ပါးမှာ ပါးမြိုင်းမွေးရေးရေး တင်သည်။ သူသည် တောထဲတောင်ထဲတွင် အမြဲတစေ မသွား လာတတ်သော်လည်း ကိစ္စရှိမှသာ သွားလာတတ်သည်။ ယခု လည်း ရှားပါးဆေးပင် ဆေးဥများကို လိုအပ်၍ မှာသူရှိ၍





ရောက်လာခဲ့ခြင်းပင်။ အပိုဝင်ငွေရှာသူဖြစ်သည်။ ဤနေရာကို သူပဲကျွမ်းသည်။

သူသည် တောလမ်းတစ်လျှောက် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာရင်း ထူးခြားသောအနံ့အသက်ကို ရနေမိသည်။

"တယ်မွှေးပါလား ... နံ့သာတုံးတွေကို မီးရှို့ထားတဲ့ နံ့ပဲ၊ နံ့သာပင်ကို မီးလောင်နေတာများလား"

သူ့စိတ်ထဲမှာ တစ်မျိုးတစ်ဖန် ခံစားလိုက်ရလေသည်။ ဤနေရာသည် လူသူအရောက်အပေါက် နည်းသည်။ ကင်းစုန်းတောကြီးဟုဆိုသည့်အတိုင်း ညဘက်တွင် ထွက်တတ်ကြသော ကင်းခြေများ၊ ကင်းမြီးကောက် အစရှိကြသည်။ သတ္တဝါများသည် ကိုယ်ပေါ်မှာ အရောင်အလက်လက်နှင့် ရှိနေတတ်ကြသည်။ သဘာဝ၏ ဆန်းကြယ်မှုပင်။

လွန်စွာမှကြီးမားကြသော ကင်းမြီးကောက်ကြီးများ၊ ကင်းခြေများကြီးများလည်း ရှိတတ်ကြသည်ဟု ဆိုကြသည်။ တွေ့ဖူး၊ ကြုံဖူးခဲ့ကြသော ဘိုးဘွားများ၏ ပြန်ပြောင်းပြောပြချက်များအရ သိကြရလေသည်။

တောထဲကိုရောက်လာသော လူငယ်သည်ကား မည်သည့်အရာကိုမျှ မကြောက်မတွန့်တတ်သောသူပင်တည်း။ သူ့ကို ခင်ဘထူးဟု ခေါ်ကြသည်။ လူမကြောက်၊ တစ္ဆေမကြောက် သက်ဆယ်နှစ်သားလောက်ကတည်းက လောင်းကြေးထပ်၍



www.burmeseclassic.com

www.burmeseclassic.com





သုသာန်ထဲကို တစ်ယောက်တည်းသွားကာ တစ်ညလုံးနေပြသူ။ သူ၏အဘ (အဘိုး) ဖြစ်သူက သုသာန်ထဲသို့သွားပြီး ခနွာရုပ်ကြွင်းတစ်ခုကို သက်သေအဖြစ် ယူလာပြသည်။

"ငါ့အဘိုးက သုသာန်ထဲသွားပြီး လူ့ရိုးတစ်ချောင်း ကောက်ယူလာပြရုံလေ၊ ငါကတော့ သုသာန်ထဲမှာ တစ်ညလုံး အိပ်နေတဲ့ကောင်၊ ငါ့အဘ (အဘိုး)ထက် ပိုထူးတယ်၊ ဒါကြောင့် ငါ့နာမည် ဘထူး"

ဘထူးသည် နာမည်က ရင့်သော်လည်း လူကမရင့်။ ယောက်ျားပီသပြီး လူပုံချောတစ်ယောက်ပင်။ တစ်ဖွတ်ထိုးလုပ်တတ်သော သူ၏ညာဉ်ဆိုးကြောင့် လူတွေက ရှိန်ကြသည်။

✡

ဘထူးသည် တောထဲကို ရောက်လာခဲ့သည့်တိုင် ခါတိုင်း မရဖူးခဲ့သော အနံ့အသက်မျိုးကို ရနေခဲ့၍ ထူးဆန်းနေမိသည်။

"တော်တော်မွှေးတာပဲ ... အသက်ရှူလို့တောင် မဝချင်ဘူး၊ မွှန်ထူနေတာပဲ"

ယင်းအနံ့အသက်ကြောင့် အသက်ရှူမဝသလို ရင်ထဲမှာ





တင်းကျပ်လာခဲ့သည်။ တစ်ခါတစ်ရံမှာ မီးကျွမ်းနံ့လိုလို ရောထွေးပြီးတော့ ပါလာခဲ့သည်။ ဤသို့ လျှောက်လာရင်းက ...

'ဝေါ်'

ထူးခြားသောအသံကြီးတစ်ခု ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် မိမိ၏ခေါင်းပေါ်မှ ဝေါခနဲ အသံရှည်ကြီးမြည်ကာ ကျော်ဖြတ်သွားသောအသံကြီးက ကြက်သီးမွေးညင်းထစရာပင်။

"ဟင် ... ဘာပါလိမ့်"

ကြောက်စိတ်ကြောင့် မဟုတ်သော်လည်း အလိုလိုနေရင်း ရင်ထဲမှာ ထိတ်ခနဲဆို ဖြစ်သွားခဲ့ရလေသည်။ တောထဲမှာ ဤကဲ့သို့မျိုး ကြုံဖူးတတ်သော်လည်း မည်သို့မှ မခံစားမိ။ ယခုတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။ နောက်ထပ် ထိုအသံကြီးကို မကြားရတော့။ မိမိဆီကို ရောက်လာခြင်းမရှိခဲ့။ တစ်နေရာကို အရောက်တွင် ရှေ့မှာ မီးခိုးတလူလူထွက်နေသည်ကို တွေ့လိုက်ရသည်။ ထင်းခုတ်သမားတွေ စခန်းချသည့်နေရာလားဟု တွေးမိသည်။

"ဒီနေရာကို ထင်းခုတ်သမားတွေ မလာတတ်ပါဘူး"

စူးစမ်းသည့်အနေဖြင့် ယင်းနေရာဆီကို လျှောက်သွားသည်။ သို့သော် ချုံတွေ၊ တောင်ပို့တွေ၊ သစ်ပင်ငယ်တွေကို ကွေ့ကွင်းပြီးတော့သာ သွားနေရသည်။ ယင်းနေရာဆီကို တော်



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့်မရောက်၊ သွားရင်းက ပိုပြီးတော့ ချောင်ကျသောနေရာကို လှမ်းနေသည်မှန်း သိသာနေသည်။

"ဘာမှမဟုတ်နိုင်ပါဘူး"

ဟု နောက်ကြောင်းကို ပြန်လှည့်မည်ပြုသည်။ သို့သော် စိတ်ကသာ ဆုံးဖြတ်ချက်ချခဲ့သည်။ ခြေလှမ်းတွေကတော့ ရှေ့ကိုသာ တိုးနေသည်။ စိတ်ကမလိုက်၊ ခြေထောက်က လိုက်နေသည်။

"သွားကွာ"

စိတ်ကို တင်းမထားဘဲ လျှော့ပေးလိုက်သည်။ ဂူတစ်လုံးကို လှမ်းပြီးတော့ မြင်လိုက်ရသည်။ ဂူသည် မျက်စိအောက်မှာ ဘွားခနဲဆို ပေါ်လာသလိုပင်။ ဂူရှေ့မလှမ်းမကမ်းမှာ မီးခိုးတွေ တလူလူထွက်နေသောနေရာ မွှေးကြိုင်သောရနံ့သည် ယင်းဆီက လာနေသည်။ မီးလှုံရန် မီးဖိုထားခဲ့သောနေရာဟု ထင်မိသည်။ လျှောက်သွားကြည့်သည်။ ပြာပုံအတိဖြစ်နေသော်လည်း ရနံ့သည် ပြာပုံထဲမှလာနေဟန် ရှိသည်။ သူ ပါလာသောဓားဖြင့် ပြာကို မွှေနှောက်ကြည့်လိုက်သည်။

✲ ✲ ✲



## အခန်း (၄)

## နဂါး ခေါင်း သ လျှာနီ လုံ သွား

ပြာပုံထဲကို ဓားဖြင့် မွှေနှောက်ကြည့်သောအခါ ...

'ဒစ်'

အသံတစ်သံ ထွက်ပေါ်လာခဲ့သည်။ သံသံချင်း ထိနိုက်သံဟု ထင်မိသည်။ ထို့ကြောင့် ပြာများကို ထိုနေရာက ရှင်းထုတ်ပစ်လိုက်သည်။ တစ်ထွာကျော်ကျော်ရှိ အမာခံ ရှည်မျောမျော အရာလေးတစ်ခုကို တွေ့သွားသည်။ ကောက်ယူကြည့်လိုက်သည်။ ဘာထူး အံ့အားသွားခဲ့ရသည်။ **နဂါးတစ်ကောင်၏ကိုယ်ထည်** နှင့် တူနေသောကြောင့်ပင်။ သို့သော် ခေါင်းပိုင်းသည် လုံသွားသဖွယ် ချွန်မြည့်နေသည်။ ပါးစပ်ကိုဟထား၍ ငါးမြီး ချိတ်၏ဒစ်နှင့် တူနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့် ဒီပုံသဏ္ဍာန်ဖြစ်နေပါလိမ့်"

ဖင်တစ်ပြန်ခေါင်းတစ်ပြန်ကြည့်ကာ ထူးဆန်းနေမိသည်။ လွယ်အိတ်ထဲ သည်အတိုင်းထည့်လျှင် ကိုယ်ကိုထိခိုက်မှာစိုး၍ ငှက်ပျောပင်အူတိုင်ကို ပိုင်းဖြတ်ကာ အချွန်ဘက်က ထိုးဖောက်ထည့်ထားလိုက်သည်။ ငှက်ပျောအူတိုင်သည် ချက်ချင်းပင် သွေးရောင်လွှမ်းသွားခဲ့လေသည်။ အံ့အားသင့်သွားခဲ့ရသည်။ လွယ်အိတ်ထဲထည့်ပြီး ဆေးပင်များကို ဆက်ရှာရန် တောထဲသို့ဆက်ထွက်သွားခဲ့လေသည်။

✡

ဘထူးသည် တောထဲရှိ ပြာပုံထဲမှ ကောက်ရလာခဲ့သည့် ပစ္စည်းလေးကို အဖန်ဖန်တလဲလဲ ကြည့်နေမိသည်။ သေချာစွာ အနုစိတ်ကြည့်လေလေ ထူးခြားလေလေ ဖြစ်သည်။ သံချောင်းလည်း မဟုတ်ဟု ထင်ရသည်။ မည်သည့်ဒြပ်သားဖြင့် ပြုလုပ်ထားသည့်အရာပါလဲ။

ကျပ်လုံးခန့်ရှိသော အချောင်းပေါ်တွင် အင်းကွက်လိုလို အရာများကို တွေ့ရသည်။ တစ်ခါတစ်ရံမှာ နဂါးခေါင်းသည် လူခေါင်းပုံသဏ္ဍာန်နှင့် ခပ်ဆင်ဆင်တူနေသလိုလိုပင်။





"သား ... ဘာပစ္စည်းမို့ ဒါလောက်တောင် ကြည့်နေရတာလဲကွဲ့"

ဖခင်ဖြစ်သူ ဦးချစ်တင် က ဘထူး၏လက်ထဲကအရာကို ကြည့်ပြီးတော့ မေးလိုက်သည်။

"တောထဲက ကောက်ရလာခဲ့တာ အဖေ၊ ထူးဆန်းလို့ ကြည့်နေတာ"

ဘထူးက ဤပစ္စည်းလေးရလာခဲ့ပုံကို ပြောပြလိုက်သည်။

"ပေးစမ်းပါဦး ... ငါ ကြည့်စမ်းမယ်"

ဦးချစ်တင်သည် ထိုပစ္စည်းကို သေသေချာချာပင် ကြည့်လိုက်သည်။

"အမွှေးရနံ့သင်းတဲ့ ပြာပုံထဲကရခဲ့တာ ... ဟုတ်လား"

သူ့ဘာသာသူမေးပြီး မျက်မှောင်ကြုတ်သွားလိုက်၊ အံကိုကြိတ်ထားလိုက်နှင့် လေးနက်စွာပင် စဉ်းစားနေလေသည်။

"အဖေက ဒီပစ္စည်းကို ဘာဖြစ်လို့ ဒီလောက်အထိ အလေးအနက်ထားပြီး ကြည့်နေရတာလဲ၊ ကျွန်တော်တောင် ဒါလောက် စိတ်မဝင်စားဘူး"

"သား ... ဟောဒီပစ္စည်းလေးဟာ ထူးဆန်းတယ်ကွဲ့၊ သာမန်ပစ္စည်းတစ်ခု မဟုတ်ဘူး"

"ဗျာ ... သာမန်ပစ္စည်းတစ်ခု မဟုတ်ဘူး၊ အဖေက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသဘောပေါက်ထားလို့လဲ''

''အဖေတို့ရဲ့ ဘိုးဘွားဘီဘင်တွေလက်ထက်က စတာပါကွယ်၊ သူတို့ပြောဆိုနေကြတဲ့စကားတွေက တစ်ခါတစ်ရံမှာ ထူးဆန်းတာတွေ, မှတ်သားစရာတွေ ပါလာကြတယ်၊ အဖေက အဲဒီလိုအဖြစ်အပျက်တွေကို စိတ်ဝင်စားလို့ မှတ်သားထားတတ်တယ် . . .၊

တချို့ကိစ္စတွေမှာ ဂမ္ဘီရဆန်တယ်ကွဲ့၊ အေး . . . ဗဟုသုတဖြစ်အောင် ပြောပြမယ်၊ **မြွေထုံ, မီးထုံ, ရေထုံ** ကူးကြတာမျိုးတွေ သားကြားဖူးမှာပေါ့၊ မြွေထုံကူးတဲ့သူက မြွေကိုနိုင်တယ်၊ ထိုနည်းတူစွာပဲ မီးထုံ, ရေထုံကူးကြတဲ့သူတွေကလည်း အောင်သွားရင် မီးနိုင်, ရေနိုင်ကြတယ်''

''ဒါပေမဲ့ အခု သားကောက်ရလာခဲ့တဲ့ပစ္စည်းလေးက အဖေပြောမှာနဲ့ ဘယ်လိုပတ်သက်နေလို့လဲ''

''ပတ်သက်နေလိမ့်မယ်လို့တော့ ထင်တာပဲ၊ ဒီလိုကွယ် . . . အဲသလို ထုံကူးတာတွေထဲမှာ **နာဂထုံကူး** တာလည်း ရှိတယ်၊ ပြောရရင်တော့ **နဂါးထုံကူး** တာပေါ့ကွယ်၊ အဲဒီ နဂါးထုံကူးမယ့်သူဟာ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းရတယ်၊ မန္တန်တစ်ခုကို စွဲမြဲစွာ ရွတ်ဆိုနေရတယ်၊ ဆရာကောင်း သမားကောင်းကို ဆည်းကပ်ပြီး ကျင့်စဉ်တွေ တစ်ခုပြီးတစ်ခု တတ်ထားရတယ် . . .၊

သူ့ကိုယ်ပေါ်မှာလည်း ပတ်သက်ရာပတ်သက်ကြောင်းလိုအပ်မယ့် အင်းကွက်တွေ, ဆေးမင်ကြောင်တွေ ထိုးထားရတယ်ကွဲ့၊ နဂါးမှော်အောင်စေဖို့ **ဆေးအစီအရင်ကိုတော့** ကာသက်ရှင်ကလွဲလို့ ဘယ်သူမှမသိအောင် လျှို့ဝှက်ထားကြတယ်၊ အဲ . . . အစီအရင်အောင်သွားခဲ့ရင်တော့ အဲဒီလူဟာ **သိဒ္ဓိပေါက်**ပြီး မြေလျှိုးနိုင်တဲ့အထိ စွမ်းတယ်၊ မြွေကိုနိုင်တယ်၊ သူ့လက်နဲ့ မြွေကိုက်ဒဏ်ရာကို ကုစားပေးနိုင်တယ်''

''မအောင်မြင်ခဲ့ရင်ကော အဖေ''

''မအောင်မြင်ခဲ့ရင်တော့ ရူးချင်ရူး, မရူးရင် အသက်သေဆုံးရတဲ့ဘဝအထိ ရောက်ရတတ်တယ်၊ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ရဲ့ ကိုယ်စား ပစ္စည်းတစ်ခုက ကြွင်းကျန်ရစ်ခဲ့တယ်တဲ့''

''ကျွန်တော်သဘောပေါက်ပြီ၊ ဒါကြောင့် အဖေက ဒီပစ္စည်းလေးကို အဲသလိုထင်နေတာ မဟုတ်လား''

ဦးချစ်တင်သည် တိတ်ဆိတ်စွာ နေနေလိုက်ပြီးမှ . . .

''ဖြစ်ကောင်းဖြစ်နိုင်တယ်''

''ဟာ အဖေရာ . . . ဒီလို လျှို့ဝှက်နက်နဲတဲ့ကိစ္စကြီးဆိုတာ ကြုံခဲ ဖြစ်ခဲပါတယ်၊ ဒီပစ္စည်းဟာ အဲဒီအကြောင်းကြောင့် ကြွင်းကျန်ရစ်ခဲ့တဲ့ပစ္စည်း မဟုတ်နိုင်ပါဘူး''

ဘထူး၏စကားကြောင့် ဦးချစ်တင် အံ့အားသင့်သွားပါရသည်။ တကယ်တော့လည်း သားဖြစ်သူသည် မည်သည့်







www.burmeseclassic.com

www.burmeseclassic.com





အကြောင်းအရာကြီးငယ်ကိစ္စကိုမှ လွယ်လွယ်နှင့်မယုံကြည်တတ်။

"အေးလေ ... သားမယုံကြည်လည်း မတတ်နိုင်ဘူး ပေါ့၊ ဒါနဲ့ ဒီပစ္စည်းလေးဟာ လှက်နက်တစ်ခုအဖြစ် အသုံးပြုရင် တော့ အဆင်ပြေလိမ့်မယ် ထင်တယ်"

"ဟုတ်တယ် အဖေ ... လှံသွားအနေနဲ့ အသုံးပြုရင် ကောင်းမလား"

"ဟ ... ဟုတ်တာပေါ့၊ အဲသလိုလုပ်လိုက်ရင် သိပ် အဆင်ပြေမယ်"

သားဘထူး ဉာဏ်သွားပုံကြောင့် စိတ်ထဲမှ ကျိတ်ပြီး တော့ ချီးမွမ်းမိလိုက်သည်။ ဦးချစ်တင်သည် ပန်းပဲအတတ်ကို လည်း ကျွမ်းကျင်စွာ တတ်မြောက်သည်။ ဓား၊ တံစဉ်၊ လှံသွား၊ ထယ်သွားကမှအစ ကိုယ့်ဘာသာကိုယ် လုပ်သည်။ ယခုလည်း ဤပစ္စည်းလေးကို လှံသွားအဖြင့် ပြောင်းလဲပြီးလုပ်ရန် ဆုံးဖြတ် လိုက်သည်။

ဦးချစ်တင်သည် နက္ခတ်ကောင်း၊ အချိန်ကောင်းကို လည်း ကြည့်တတ်သူဖြစ်သည်။ တစ်ရက် ... ညသန်းခေါင်ယံ အချိန်တွင် အလုပ်ကိုစတင်သည်။ မည်သည့်ဒြပ်သားဖြင့် ပြုလုပ် ထားမှန်းမသိသော ယင်းပစ္စည်းလေးကို ပေပေါ်မှာတင်ပြီး ထုရိုက် လျှင် ပျက်စီးသွားမှာကိုလည်း စိုးရိမ်မိသည်။ တစ်ချောင်းလုံးကို လည်း ပြုပြင်ရန်မလို၊ လှံအဖြစ်အသုံးပြု၍ အစွပ်နေရာတွင်သာ





အနည်းငယ်ပြုပြင်ရန် ဆုံးဖြတ်လိုက်သည်။

ယင်းအစွပ်နေရာ ပြုလုပ်ရန် မီးအနည်းငယ် ပေးလိုက် သည်နှင့် အသားမှာ တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာခဲ့လေ သည်။ ထို့ကြောင့် ပြန်ပြီးတော့ကျုံ့မသွားစေရန် လျင်မြန်စွာ ပြုလုပ်ရသည်။ ကွင်းစွပ်ကလေးဖြစ်သွားသောအခါ လှံတံအရိုးနှင့် ကိုက်ချင်းပင် စွပ်ထည့်လိုက်ရလေသည်။ ယင်းသည့်အတိုင်းပင် ယင်းပစ္စည်းလေးက လှံရိုးထိပ်ထဲသို့ ဝင်သွားပြီး မကြာမီမှာပင် ပြန်ပြီးတော့ ကျုံ့သွားသည်။ အံဝင်ခွင်ကျဖြစ်သွားခဲ့လေသည်။ တစ်ယောက်တစ်လဲ အားစိုက်ပြီး ဆွဲချွတ်သော်လည်း ကျွယ် ထွက်လာခြင်းမရှိပေ။ ကျုံ့သွားကျယ်သွားစေရန် ရေစိမ်ရန်ပင် မလိုချေ။ အံ့ဩထူးဆန်းနေမိသည်။

လှံရိုးကလည်း ကောင်းသည်။ ချိန်ဆပြီး သီးသန့်ပြုလုပ် ထားသောကြောင့် စိတ်တိုင်းကျ ဖြစ်နေလေသည်။ နဂါးတစ် ကောင်၏ ပုံသဏ္ဌာန်လှံသွားသည် သေချာစွာကြည့်လျှင် လူ့ လက်နှာသဏ္ဌာန်သို့ ပြောင်းလဲသွားတတ်သလို ထင်ရသည်။ သို့သော် ပြန်ပြီးတော့ကြည့်သောအခါမှာတော့ နဂါးတစ်ကောင်၏ သဏ္ဌာန်အတိုင်းပင် ပြန်ဖြစ်နေသည်ကို တွေ့ရသည်။

နောက်တစ်နေ့တွင် ဘထူးသည် လှံကိုစမ်းရန် ဆုံးဖြတ် လိုက်သည်။ ခြံထဲတွင် ငှက်ပျောပင်အချို့ စိုက်ထားသည်။ ပေ ဆယ်အကွာမှာရပ်ကာ တစ်ပင်ဆီကို ပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝှစ် ...ဒုတ်'

ငှက်ပျောပင်ဖြစ်နေ၍ လက်ဆအသာဖြင့် ပစ်ထည့်လိုက်သောကြောင့် ထုတ်ချင်းတော့ ခတ်သွားသည်။ ချက်ချင်းမှာပင် ငှက်ပျောပင်တစ်ပင်လုံး နီရဲပြီးတော့ တက်လာခဲ့သည်။ တစ်ပင်လုံး သွေးရောင်လွှမ်းသွားခဲ့လေသည်။ လှံသွားဖောက်သွားသောနေရာမှ သွေးရည်များလိုလို စီးကျလာခဲ့လေသည်။ ဦးချစ်တင်သည် ယင်းအခြင်းအရာကို မြင်တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။

''တစ်မျိုးတော့ တစ်မျိုးပဲ၊ ဒီပြင်အပင်တစ်ပင်ပင်ကို ပစ်စမ်းကြည့်ပါလား သား''

ဘထူး၏အကြည့်က သရက်ပင်ပျိုလေးတစ်ပင်ဆီကို ရောက်သွားခဲ့သည်။ မဆိုင်းမတွပင် ချိန်ဆပြီးတော့ ပစ်ထည့်လိုက်၏။

'ဝှစ် ...ဒုတ်'

အားကို သိပ်မသုံးသော်လည်း လှံသွားသည် သရက်ပင်ပျိုကို ထုတ်ချင်းခတ်ဖောက်ထွက်သွား၏။ ချက်ချင်းလိုလိုပင် ..

'ဗျစ် ...ဗျစ်'

တဗျစ်ဗျစ်နှင့်အသံမြည်လာပြီး သရက်ပင်ပျိုမှာ အဖျားမှသည် အရင်းအထိ ထက်ခြမ်းကွဲထွက်သွားခဲ့လေ၏။

''ဟာ'





''ဟင်''

မယုံနိုင်စရာ မြင်ကွင်းပင်။ သရက်ပင်၏အတွင်းသားများသည်လည်း တဖြည်းဖြည်းနှင့် နီရဲလာလျှင် သွေးရောင်သို့ပြောင်းသွား၏။ ပင်စည်ကိုကိုင်ကြည့်ကြရာ ဆတ်ခနဲဆို လက်ကိုရုပ်သိမ်းမိလိုက်ကြသည်။ ခြစ်ခြစ်တောက်ပူနေသောကြောင့်ပင်။

''သား ...ဒီ လှံသွားကို အရေးအကြောင်းရှိမှသာ သုံး။ အစွမ်းသတ္တိတစ်ခုကတော့ ရှိနေတယ်၊ ဘယ်သူမှမသိစေနဲ့''

''ဟုတ်ကဲ့''

''ကဲ ...ဒီသားအဖလည်း လှံတစ်ချောင်းနဲ့ပဲ အချိန်ကုန်နေတော့ ထမင်းစားဖို့လည်း သတိရကြပါဦး''

ဇနီးဖြစ်သူ ဒေါ်လှအေး က အိမ်ပေါ်မှ လှမ်းပြီးအော်လိုက်တော့မှပင် သတိရသွားခဲ့ကြလေသည်။ သူမသည် အနေအထိုင်၊ အပြောအဆိုကအစ အေးဆေးသူတစ်ဦးဖြစ်သည်။ အိမ်မှာနေမှန်းပင် မသိရချေ။ အိမ်ထဲက အိမ်အပြင်လည်း ထွက်သည်ကို၍ မရှိခဲ့။ အကြောင်းကြီးငယ်ရှိမှသာ အပြင်ကိုထွက်သည်။ ထို့ကြောင့် နာမည်နှင့်လိုက်အောင်ပင် အေးသော ဒေါ်လှအေးပင် ဖြစ်သည်။

✡



www.burmeseclassic.com

www.burmeseclassic.com





၆

ဤအနီးအနားတစ်ဝိုက်တွင် ဝံပုလွေကောင်ကြီး၏ သောင်းကျန်းမှုသည် ပိုပြီးတော့ စိပ်လာသည်၊ ရဲတင်းလာ သည်။ ခေါင်းဆောင်ဝံပုလွေရိုင်းကြီးသည် အဖော်ဝံပုလွေမျာ ထက် ပိုပြီးတော့ အကောင်အထည်ကြီးသည်၊ ရဲတင်းသည် ညဘက်တွင် သူ၏မျက်လုံးများသည် မီးကျီခဲများပမာ ရဲ တောက်နေသည်။ ထို့ကြောင့် အများက **မကောင်းဆိုးရွား ဝံပုလွေကြီး** ဟု ခေါ်ကြခြင်းပင်။

ယင်းဝံပုလွေရိုင်းကြီးသည် တောထဲရှိ သမင်၊ ဒရယ် အစရှိသည့် သားကောင်ငယ်များကို သတ်ဖြတ်စာ သောက်၍ အားမရနိုင်ခဲ့၊ ရွာနားသို့ချဉ်းကပ်ကာပင် ဝက်၊ ဆိတ် ကြက်၊ ဘဲများသာမက နွားပေါက်အထိ ကိုက်ချီကာ ခုန်ထွ သွားနိုင်သည်။ သူ၏နောက်လိုက်ဝံပုလွေများသည် ထိုခေါ် ဆောင်ဝံပုလွေရိုင်းကြီးကိုပင်လျှင် အားကိုးကာ အစားရချော နေကြလေသည်။

"ဒီဝံပုလွေကြီးကို ငါတို့က ဘယ်လိုနှိမ်နင်းရမှန်းတော မသိတော့ဘူး၊ သူ့အနားကို ကပ်ဖို့မပြောနဲ့ အဝေးကတော မကြည့်ရဲတဲ့သူတွေကလည်း ရှိကြသေးတယ်"

"အေးကွာ . . . ဒီကောင်ကြီးဟာ တော်တော့်ကို အတ





ခဲ့လာခဲ့ပြီ၊ ကြာရင် မွေးထားတဲ့အကောင်ဗလောင်တွေကတော့ ဘက်တက်ပြောင်ကြတော့မှာပဲ"

သူခိုးမားပြရန်ကို မကြောင့်ကြရဘဲ ဝံပုလွေရန်ကို ကြောင့်ကြနေကြရလေသည်။ တစ်ညတွင် ဘထူးနေသော **စမ်း ပေါက်ရွာ** နှင့်ကပ်လျက် **ကူမောရွာ** ၌ ဝံပုလွေတစ်အုပ် ရွာထဲ အထိ ဝင်ပြီးသောင်းကျန်းသွားခဲ့ကြသောသတင်းကို ရလိုက်ကြ လေသည်။

"ညက ဟိုမကောင်းဆိုးရွား ဝံပုလွေကြီး ခေါင်းဆောင် ပြီး ကူမောရွာထဲ ဝင်သောင်းကျန်းသွားခဲ့ကြသတဲ့"

"ဟ . . . ဒီကောင်တွေက ရွာထဲအထိဝင်ပြီးတော့ သောင်း ကျန်းလာခဲ့ကြပြီဆိုတော့ လွန်လွန်းပြီကွ၊ ရွာသားတွေက လည်း ဒီအတိုင်း လက်ပိုက်ပြီးတော့ကြည့်နေရသလား၊ မနှိမ်နင်း ဘူးတဲ့လား"

"ဘယ်နေပါ့မလဲကွာ၊ ဝိုင်းပြီးတော့ တိုက်ခိုက်ကြတာ ပေါ့၊ ဒါပေမဲ့ ဝံပုလွေတွေက လူတွေကိုပါ ရန်ရှာသွားကြသတဲ့၊ ဒဏ်ရာရသွားကြတဲ့လူတွေကလည်း မနည်းဘူး၊ ဝံပုလွေ ခေါင်း ဆောင်ကြီးကလည်း သူတို့မျက်စိအောက်မှာ ပျောက်ကွယ်သွား တယ်တဲ့၊ လုံတွေ ဓားတွေနဲ့ ဝိုင်းပြီးထိုးနှက်တာတောင် မဖြို ဘူးဆိုပဲ"

"ဟုတ်ကောဟုတ်ရဲ့လားကွာ၊ စကားဆိုတာ ကား



www.burmeseclassic.com

www.burmeseclassic.com



တတ်တာမျိုး။ ဒီဝံပုလွေကောင်ကြီးကို ဝိုင်းပြီး ချိုးမြှောက်နေကြ ပြန်ပြီ''

''ဩော် . . . ချိုးမြှောက်တာတော့ ဘယ်ဟုတ်ပါ့မလဲ ကူမောရွာသားတွေကိုယ်တိုင်က ပြော်တာ၊ တော်တော်အတင့်ရဲ တဲ့ ဝံပုလွေကြီးတဲ့''

ဝံပုလွေဆိုးကြီး၏သတင်းကြောင့် စမ်းပေါက်ရွာသားများ သည်လည်း မိမိတို့ရွာအတွက် စိုးရိမ်နေကြသည်။ ရွာချင်း နီး ကပ်နေသည်ဆိုတော့ ပြော၍မရပေ။ ဤဝံပုလွေအုပ်စုသည် တောထဲတွင် ကျက်မစားကြဘဲ ရွာတွေထဲသို့ဝင်ပြီး သောင်းကျန်း နေကြသည်။

''အင်း . . . ဒီအတိုင်းသာမှန်ရင်တော့ ကျုပ်တို့ရွာလည်း သတိထားကြမှ ဖြစ်တော့မယ်၊ ဝံပုလွေရန် ကာကွယ်ရေးအတွက် ပြင်ဆင်ကြရမယ်၊ ခုချက်ချင်းပဲ လူစုလိုက်ဗျာ''

**သူကြီးဦးကံပေါ်** က **ဆယ်အိမ်မှူး၊ ရာအိမ်မှူး** များ ကို တာဝန်ပေးလိုက်သည်။ သူကြီးကို အများက လေးစားကြ သည်။ ထို့ကြောင့် မဆိုင်းမတွပင် ဆောင်ရွက်ကြလေသည်။ တကယ်လည်း သူတို့စိုးရိမ်ကြသည့်အတိုင်းပင် အန္တရာယ်က တစ်ညမှာ ရောက်လာခဲ့လေသည်။



# အခန်း (၅)

## ရင် ဆိုင် တွေ့ ကြ ရ ပြီ

ည . . .။

မှောင်မည်းတိတ်ဆိတ်နေသည်။ လမိုက်ညဖြစ်သော် လည်း ကြယ်ရောင်များကြောင့် အရာဝတ္ထုများကို ဝိုးတဝါး မြင်တွေ့နေကြရလေသည်။ ယင်းသဏ္ဌာန်များသည် ပီပြင်ထင် ရှားခြင်း မရှိဘဲ မည်းမည်းအရာများအဖြစ်သာ တောအုပ်ထဲတွင် လှုပ်ရှားနေသော သဏ္ဌာန်အချို့။ ဟိုသည်ပြေးလွှားနေကြသည်။ ံပုလွေအုပ်စုပင်တည်း။ သူတို့သည် အမြဲတမ်း ဆာလောင်မွတ် သိပ်နေကြသည်။ သားကောင်များကို ရှာဖွေနေကြသည်။

သို့သော် ယခုအချိန်တွင် တောထဲတွင် ပင်ပန်းကြီးစွာ ှာဖွေမနေကြတော့။ လွယ်ကူစွာ အဆင်သင့်ရနိုင်မည့်ရာကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့သိထားကြသည်။ ယင်းနေရာကား အိမ်မွေးတိရစ္ဆာန်များ ပင်တည်း။ ရွာများတွင် မွေးထားသော အိမ်မွေးတိရစ္ဆာန်များကို သူတို့ မျက်စိကျနေကြသည်မှာ ကြာခဲ့လေပြီ။ လစ်ရင်လစ်သလို အမြဲတမ်းလည်း ရွာထဲဝင်ရောက်ကာ ကြက်ဆွဲ၊ ဘဲဆွဲနှင့် ပိုပြီး အတင့်ရဲလာသောအခါ ဆိတ်၊ နွားပေါက်၊ ဝက်များကအစ ဝင်ဆွဲကြသည်။

ယခင်က ယင်းကိစ္စကို ခေါင်းဆောင်ဝံပုလွေကြီး တစ်ကောင်တည်း ကျူးလွန်သည်။ ယခုတော့ သူ့နောက်လိုက် ငယ်သားများကပါ ဝံပုလွေကြီး၏ဦးဆောင်မှုဖြင့် ရွာထဲအထိ ဝင်ရောက်သောင်းကျန်းကြသည်။ တိရစ္ဆာန်များကို ကိုက်ဆွဲပြေးကြသည်။ လူတွေဝိုင်းပြီး တိုက်ခိုက်နေကြသည့်အထဲက ဆိတ်၊ ဝက် စသည့်အကောင်များကို နေရာမှာတင် သတ်ဖြတ်စားသောက်ကြသည်။

ကာကွယ်တိုက်ခိုက်ကြသော ရွာသားများကို မကြောက်မရွံ့ ပြန်ပြီးတော့ တိုက်ခိုက်ကြသည်။ ဝံပုလွေများသည် ရဲတင်းလာခဲ့ကြပြီ ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်ကြသောကြောင့် ကာကွယ်တိုက်ခိုက်ကြသော ရွာသားများအပေါ်မှာ ဒဏ်ရာကြီးငယ် ရရှိစေခဲ့ကြသည်။

✡





မျက်လုံးရဲရဲကြီးနှစ်လုံးသည် စမ်းပေါက်ရွာသို့ ချဉ်းကပ်ာခဲ့သည်။ အမှောင်ထဲမှာမို့ မျက်လုံးများ၏အရောင်က ရှူးလက်နေကြသည်။ ကြယ်ရောင်များအောက်မှ ယင်းသတ္တဝါန်ကြီးသည် ကြီးမားသော ဝံပုလွေကြီးတစ်ကောင်ပင်တည်း။ ဝံပုလွေဆိုပေယ့် သာမန်ဝံပုလွေများထက် ပိုပြီးတော့ ကြီးမားသည်။ နွားပေါက်လေးတစ်ကောင်မက ရှိလိမ့်မည်။ သူသည် ရွာထဲသို့ဝင်ရန် အခြေအနေကို ထောက်လှမ်းလျက်ရှိသည်။

နောက်တော်ပါးမှ ဝံပုလွေများသည်လည်း ခေါင်းဆောင် ပုလွေရိုင်းကြီးကို စောင့်ကြည့်နေကြသည်။

'ဖြောင်း'

တစ်ခဏအကြာတွင် ဖြောင်းခနဲဆို အသံကြီးတစ်သံက ွက်ပေါ်လာခဲ့သည်။ ဝံပုလွေကြီးသည် ကာရံထားသော ရွာ ည်းရိုးကို ခေါင်းနှင့်ပြေးတိုက်ထည့်ကာ ဖောက်ဝင်သွားခဲ့လေ ည်။ စည်းရိုးပျက်စီးသွားကာ အပေါက်ကြီးတစ်ပေါက် ဖြစ်သွား သည်။ ထိုအခါ ချုံကွယ်၊ သစ်ပင်ကွယ်များမှာ ရှိနေကြသော ပုလွေများသည် တစ်ကောင်ပြီးတစ်ကောင် ပြေးထွက်လာခဲ့ကြ ည်။ ယင်းစည်းရိုးအပေါက်ကြီးထဲမှ ပြေးဝင်သွားခဲ့ကြလေ၏ စ်ခဏအတွင်းမှာပင် ရွာထဲကိုရောက်သွားခဲ့ကြလေသည်။

ထိုသို့ ဖြောင်းခနဲဆို အသံကြီးထွက်ပေါ်လာခဲ့သည်နှင့် ဘင်ဆော့တင့်နေကြသော ရွာသားများသည် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြလေသည်။

"ဟိုဘက်က လာတဲ့အသံကွ"

တကယ်တော့ ဝံပုလွေကြီးသည် ဆွဲနေသောစည်းရိုးကို တမင်ဖောက်ထွင်းကာ ပါးနပ်လိမ္မာစွာဖြင့် ဝင်ရောက်လာခဲ့ခြင်းပင်တည်း။ ကင်းသမားအားလုံးသည် တစ်ယောက်နှင့်တစ်ယောက် အချက်ပေးလိုက်ကြသည်နှင့် အသံထွက်ပေးလာရာဆီကို ပြေးသွားခဲ့ကြလေသည်။ အော်သံဟစ်သံ၊ သတိပေးသံများဖြင့် ရွာထဲမှာလည်း ဆူညံသွားခဲ့ကြလေသည်။

ဝံပုလွေများမှာ ရွာသားများမသိအောင် ဝင်လာခဲ့ကြခြင်းဖြစ်ကြသည်။ သို့သော် ယခုလို ဆူညံလျက်ရှိသောအသံများကြောင့် အထိတ်တလန့်ဖြစ်သွားခဲ့ကြလေသည်။ မိမိတို့ အခြားရွာကို ဝင်ရောက်ခဲ့ကြစဉ်က ထိုသို့အခြေအနေမျိုး မကြုံကြရပေ။ ရွာသားများသည် မီးတုတ်များကို တစ်ပြိုင်တည်း ထွန်းညှိလိုက်ကြသည်။

ယင်းအချိန်မှာပင်လျှင် ဝံပုလွေများက သူတို့နှင့် ပက်ပင်းတိုးမိကြလေပြီ။

"ဟ ...ဟိုမှာ ဝံပုလွေတွေ၊ အတင့်ရဲလိုက်ကြတာကွာ၊ ရွာထဲအထိ ဝင်လာခဲ့ကြတယ်၊ တစ်ကောင်မှ ချမ်းသာ





ပေးနဲ့၊ အသေသတ်ပစ်ကြ"

ရွာသားများသည် ဝံပုလွေရိုင်းများကို မြင်လိုက်ကြသည်နှင့် ဒေါသထွက်သွားခဲ့ကြလေသည်။ ယင်းသတ္တဝါများကို ရွာခွေးများလောက်ပင်လျှင် အထင်မကြီးကြ။

"တွေ့ကြသေးတာပေါ့ကွာ"

အခြားသူများက ဝံပုလွေရိုင်းများကို ကြောက်ချင်ကြောက်ကြမည်။ စမ်းပေါက်ရွာသားတွေကတော့ မကြောက်ကြ။ ယခုလို ပက်ပင်းတိုးမိလည်း ဂရုမစိုက်ကြ။ ပြေးလာကြသော ဝံပုလွေရိုင်းကြီးများသည် မီးတုတ်မှအလင်းရောင်များ၊ ရွာသားများနှင့် တိုးမိကြသောအခါ ရုတ်တရက်တော့ ကြောင်သွားကြဟန် တူသည်။ အရှိန်တန့်သွားခဲ့ကြသည်။ ယင်းအခြေအနေကို ရွာသားများက အခွင့်ကောင်းယူလိုက်ကြသည်။ ဝံပုလွေများကို ဓားချွန်များ၊ လှံများဖြင့် ပစ်ကြသည်။

"ဒီသတ္တဝါကောင်တွေကို လုံးဝ လက်မခံကြနဲ့ဟေ့၊ တစ်ကောင်မကျန် သုတ်သင်ပစ်ကြ"

'ဝုတ် ဝုတ် ဝုတ်'

ဝါးချွန်များ၊ လှံများက ဝံပုလွေရိုင်းများကို တိုက်ရိုက်ပင် ထိမှန်သွားကြသည်။ ထိုအခါ ညည်းညူသံများထွက်ပေါ်လာကြကာ လဲကျသေဆုံးသွားခဲ့ကြသည်။ မသေသေးဘဲ ဒဏ်ရာရသွားခဲ့ကြသည့်အကောင်များကို လိုက်လံသုတ်သင်ပစ်ကြသည်။

www.burmeseclassic.com



သို့သော် ဦးတည်ရာသို့ ပြေးကြသော ဝံပုလွေရှိုင်းများကို တစ်ဆောင်တကျန် လှံတစ်ချောင်းနှင့် လိုက်လံသုတ်သင်သောသူကား ဘထူး။

ဤနေရာတွင် ထူးဆန်းသောအဖြစ်အပျက်များကို တွေ့မြင်ကြရသည်။ ဘထူးသည် သူ့ဆီကိုပြေးလာသော ဝံပုလွေရှိုင်းတစ်ကောင်နှင့် ပက်ပင်းတိုးမိသည်။ ဝံပုလွေရှိုင်းကလည်း ကြောက်ကန်ကန်ကာ ဘထူးကို ခုန်အုပ်လိုက်လေသည်။

"လာစမ်း ... ဒါလောက်တောင် သေချင်လှတဲ့ကောင်"

လေထဲမှာ မြောက်တက်လာသော ဝံပုလွေကို လှံဖြင့်ဆီး၍ထိုးထည့်လိုက်သည်။ လှံသွားသည် စွပ်ခနဲဆို ဝံပုလွေ၏ရင်အုံထဲသို့ ထိုးဖောက်ကာ ဝင်သွားခဲ့လေ၏။ ထိုအခါ ဝံပုလွေတစ်ကိုယ်လုံးသည် ညှိုရာမှမည်း၊ မည်းရာက နီမြန်းမြန်းအသွင်သို့ ပြောင်းလဲသွားခဲ့ပြီး မီးကျီးခဲကြီးပမာ ဖြစ်သွားကာ အနီးအငွေ့များပင် ထွက်လာခဲ့လေသည်။ ဝံပုလွေသည် တစ်ခဏအတွင်းမှာပင် ဘုံးဘုံးပစ်လဲကျသွားကာ သေဆုံးသွားခဲ့လေတော့သည်။ အသားကို မီးကျွမ်းသကဲ့သို့ ညှော်နံ့များပင် ထွက်ပေါ်လာခဲ့လေသည်။ ဘထူးသည် မမျှော်လင့်သောအခြင်းအရာကြောင့် အံ့အားသင့်သွားခဲ့ရသည်။ မြင်တွေ့လိုက်ရသော ရွာသားအချို့သည်လည်း အံ့အားသင့်သွားခဲ့ရလေသည်။





"ဟင် ဘုထူး ... မင်းထိုးလိုက်တဲ့လှံကြောင့် ဒီဝံပုလွေဖြစ်သွားတာ အံ့အားသင့်စရာပဲ၊ ဘယ်လိုကြောင်းကြောင့် ဒီလိုဖြစ်သွားခဲ့ရတာလဲ"

တစ်ယောက်ကမေးလိုက်သည်။ ဘထူး မဖြေအား။ ဖြေလည်းမဖြေချင်။ အကြောင်းမှာ ဤလှံသွား၏အစွမ်းကို သူသည်း အခုမှ သိလိုက်ရသောကြောင့်ပင်တည်း။

✡

ထိုအပြင် တစ်ကောင်ပြီးတစ်ကောင် ရောက်လာခဲ့ကြသော ဝံပုလွေများကို ဘထူးက ရွာသားများ၏ကြားထဲတွင် ထိုက်ခိုက်နှိမ်နင်းနေရသောကြောင့်လည်း တစ်ပါး၊ မအားလပ်အောင်ပင် ရှိနေရသည်။ ထိုစဉ် လွှားခနဲဆို ခုန်ဝင်လာသော ဝံပုလွေရှိုင်းတစ်ကောင်ကို လှံဖြင့်ဆီးကာ ထိုးထည့်လိုက်သည်။

'စွပ်'

လှံသွားသည် ဝံပုလွေရှိုင်း၏လည်မျိုကို ထိုးဖောက်ဝင်သွားကာ တစ်ဖက်မှ ဖောက်ထွက်သွားခဲ့လေ၏။ လှံသွားကိုဆွဲနုတ်လိုက်သောအခါ ဝံပုလွေသည် မြေပြင်ပေါ်ကို ဘုတ်ခနဲကျသွားခဲ့သည်။ ချက်ချင်းမှာပင် ဝံပုလွေသည် ညှိုရာက

www.burmeseclassic.com



မည်။ မည်းရာက နီမြန်းမြန်းအသွင်ကို ပြောင်းလဲသွားခဲ့သည်။

'အူး'

ဝံပုလွေသည် တစ်ချက် စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။ ထို့နောက် တစ်ကိုယ်လုံး မီးကျီးခဲကြီးပမာ ရဲတက်လာကာ အငွေ့ခြောင်းခြောင်းထွက်လာခဲ့သည်။ သည့်နောက်မှာတော့ ခြေလက်တွေ တွန့်လိမ်ကောက်ကွေးပြီး သေဆုံးသွားခဲ့လေသည်။

ရွာသားများ၏လက်ချက်ကြောင့် ဝံပုလွေတော်တော်များများ သေဆုံးသွားခဲ့ကြသည်။ ဝံပုလွေများက တိုက်ခိုက်ကြ၍လည်း ရွာသားအချို့သည်လည်း ဒဏ်ရာရသွားခဲ့ကြရသည်။

"ခေါင်းဆောင်ဝံပုလွေကြီးတစ်ကောင် ရှိသေးတယ်ကွ ဒီကောင်ကြီး ဘယ်ရောက်နေသလဲ မသိဘူး"

သူကြီးဦးကံပေါ်က ပြောလိုက်သည်။ တကယ်ပင် ဝံပုလွေခေါင်းဆောင်ကြီးသည် ရွာထဲသို့ ဝင်လာပြီး ဘယ်ရောက်သွားမှန်းမသိလိုက်ကြ။ ရွာသားအချို့သည် ဝံပုလွေများ အိမ်ပေါ်ထိတက်ပြီး မတိုက်ခိုက်ကြစေရန် အပြေးအလွှားပင် လိုက်လံသုတ်သင်နေကြရသည်။ ဘထူးသည် ခေါင်းဆောင်ဝံပုလွေရိုင်းကြီးကို မဖြစ်မနေ လိုက်လံရှာဖွေရတော့မည်ပင်။ သင်းက အဓိက ဖြစ်သည်။ ထို့ကြောင့် လုံ့ကိုကိုင်ကာ နေရာအနှံ့ပင် လိုက်ပြီးတော့ ရှာဖွေနေမိသည်။ သို့သော် ခေါင်းဆောင်ဝံပုလွေရိုင်းကြီးသည် ဘယ်ဆီကိုရောက်နေသလဲမသိ။





"ဒီကောင်ကြီးကို တွေ့ရဖို့ အရေးကြီးထယ်၊ ဒုက္ခပေးဖို့ တစ်နေရာကို ရောက်နေသလားမသိဘူး"

သူကြီးဦးကံပေါ်က ဘထူးနှင့်အတူလိုက်လာရင်း ပြောလိုက်သည်။

"ဒီဝံပုလွေခေါင်းဆောင်ကြီးဟာ သိပ်ပြီးကောက်ကျစ်ဉ်းလဲတယ်၊ ဉာဏ်လည်းများတယ်၊ သူကြီး သတိထားပါ၊ ဒီကောင်ဟာ တစ်နေရာကနေ ချောင်းချင်ချောင်းနေမှာ"

"အေးပါကွာ ...ငါလည်း ဒီကောင်ကြီးကိုတွေ့ရင် သတ်ချင်နေတာ၊ တွေ့လိုက်ရရင်တော့ သူသေကိုယ်သေပဲဟေ့"

"ဟ သူကြီး ...ဒီတိရစ္ဆာန်တစ်ကောင်ရဲ့ တိုက်ခိုက်မှုကို ခံပြီး သေမယ်မပြောစမ်းပါနဲ့၊ အဓိပ္ပာယ်မရှိတာ"

ဘထူး၏စကားမဆုံးမီမှာပင် သတ္တဝါတစ်ခုက သူတို့၏ ရှေ့ကို ဖုတ်ခနဲဆို ကျလာခဲ့လေတော့၏။

✡

ယင်းသတ္တဝါကြီးကို မြင်တွေ့လိုက်ကြရသောအခါ အံ့အားသင့်သွားခဲ့ကြရသည်။ အကောင်အထည်ကြီးမားမြင့်မားပြီး မျက်လုံးကြီးတွေကလည်း ရဲရဲတောက်ကာ နီမြန်းမြန်းနှင့် ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဆိတ်တစ်ကောင်ကို ကိုက်ချီထားသည်။ သူတို့တစ်သက်တွင် ဤမျှကြီးမားသော ဝံပုလွေကြီးကို တစ်ကြိမ်မှ မမြင်ဖူးခဲ့ကြပေ။ ခုမှသာလျှင် မြင်ဖူးကြလေတော့သည်။

''ဟာ''

''ဟာ''

ထို့ကြောင့် တဟာဟာနှင့်ဖြစ်ကုန်ကြလေသည်။ ဝံပုလွေရိုင်းကြီးသည် သူတို့နှစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရဟန် တူသည်။ ထို့ကြောင့် ရုတ်တရက် ထွက်ပြေးမည်ပြုသည်။

''ဟော့ ဟော့ ဘထူး ... ဒီကောင်ကြီးပြေးတော့မယ်''

သူကြီးသည် ချက်ချင်းပင် ပြန်၍ သတိရသွားခဲ့သည်။ နှစ်လုံးပြူးသေနတ်ကြီးဖြင့် ထိုးချိန်ကာ ပစ်ထည့်လိုက်သည်။

'ဒိုင်း'

ကျယ်လောင်သော ပေါက်ကွဲသံကြီးက ထွက်ပေါ်လာသည်။ ပတ်ဝန်းကျင်ကို ပြင်းထန်စွာပင် ရိုက်ခတ်သွားသည်။ သို့သော် ဝံပုလွေရိုင်းကြီးကား ဘာမှဖြစ်မသွားခဲ့ပါ။ အလောတကြီးနှင့် ပစ်လိုက်ရသောကြောင့် ကျည်သည် ချော်ထွက်သွားခဲ့သည်။ ဝံပုလွေရိုင်းကြီးသည် သေနတ်သံကြောင့် တစ်ချက်ကလေး တွန့်သွားခြင်း မရှိခဲ့။ သို့သော် ပါးစပ်ထဲမှာ ကိုက်ချီထားသော သားကောင်သည် အောက်သို့ပြုတ်ကျသွားခဲ့သည်။ သူ့ကို ရန်စလိုက်၍ ဒေါသထွက်သွားဟန်တူသည်။





''ဟမ်း''

ဝံပုလွေကြီး၏ ဝမ်းခေါင်းထဲမှ ထူးခြားသောအသံကြီး စ်သံ ထွက်ပေါ်လာခဲ့သည်။ ပါးစပ်ကြီးက ပိုပြီးတော့ ပြဲဟ သည်။ မျက်လုံးကြီးတွေကလည်း ပြူးသထက်ပြူးလာကာ ရောင်ဝင်းဝင်းတောက်လာခဲ့သည်။ ရှေ့ကိုတစ်လှမ်းပြီးတစ် မ်း တိုးလာသည်။

''သူကြီး ... သူ့ကိုပစ်ဖို့ မကြိုးစားနဲ့၊ ခပ်ဝေးဝေးကို ှောင်သွားပါ''

ဘထူးက သူကြီးကို သတိပေးလိုက်သည်။ သူကြီးသည် လွေရိုင်းကြီး၏သဏ္ဍာန်ကို ကြည့်ပြီး မှင်တက်မိသွားသည်။ လွေရိုင်းကြီးကား သူ့ကိုပစ်ခတ်ခဲ့သော သူကြီးဦးကံပေါ်ကို က်ခိုက်တော့မည်ဖြစ်သည်။

ဘထူးသည် လှံရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ ပိုင်လောက်မှ တိုက်ခိုက်ရတော့မည် ဖြစ်သည်။ တစ်ချက် ချော်သွားခဲ့ပါက မိမိတို့အတွက် ကြီးမားသောအန္တရာယ်များ ကြုံတွေ့သွားနိုင်သည်။

ရွာသားအချို့သည်လည်း သူတို့ဆီကို ရောက်လာခဲ့ကြ ပြီ။ သို့သော် ဝံပုလွေကြီးကို မြင်လိုက်ကြရသောအခါ အံ့ သင့်သွားခဲ့ကြသည်။ တိုက်ခိုက်ဖို့ရန်ပင် လက်တွန့်သွားခဲ့ သည်။

www.burmeseclassic.com





သို့သော် ဝံပုလွေရိုင်းကြီးကား ပွဲတိုင်းနွဲလာခဲ့သူပီ မြည်သူ့ကိုမှ ဂရုမစိုက်၊ ရှေ့ကိုသာလျှင် တစ်လှမ်းချင်းတိုးလာ သည်။ သို့ရှိခိုက် အမှတ်မထင်ဆိုသလိုပင် . . .

သတိထားနေကြသည့်အထဲက ဝံပုလွေကြီး၏ လှုပ်ရှား မှုက မြန်ဆန်လွန်းလှသည်။ ဖျတ်ခနဲဆို လေထဲမှာ ခုန်ပျံ သူကြီးဦးကံပေါ်ကို ခုန်အုပ်လိုက်လေတော့၏။

"ဟင်"

"ဟာ"

အားလုံး အထိတ်တလန့်ဖြင့် အော်မိလိုက်ကြလေသည်

✲✲✲



# အခန်း [၆]

## ရွာ ထဲ ရောက် တဲ့ ဝက် ဝံ မိုင်း

ဘထူးသည် ဝံပုလွေရိုင်းကြီးကို မျက်ခြည်မပြတ် စောင့် ကြည့်နေသူပီပီ အခွင့်အခါကောင်းကို စောင့်ကာ လှုပ်ရှားလိုက် သည်။ ရှေ့ကိုပြေးထွက်သွားပြီး ဝံပုလွေရိုင်းကြီးနှင့် လက်တစ် မ်းအကွာကိုရောက်သည်နှင့် လှံဖြင့် ဆောင့်ထိုးထည့်လိုက် သည်။

'ဇွပ်'

"အွး"

လှံသွားက ရင်အုံထဲကိုဖောက်ကာ ဝင်သွားသည်။ ဝံ လွေရိုင်းကြီး၏နှုတ်မှ မြည်တမ်းသံနှင့်အတူ ကိုယ်လုံးကြီးက စ်ချက်ခါထွက်သွားသည်။ ဘထူးသည် လှံရိုးကို လက်က

www.burmeseclassic.com





ရွှေတံ မြှားမြှာ ဆုပ်ကိုင်ထားသည်။ ဝံပုလွေရိုင်းကြီး မြေပေါ်ကို ပြန်အကျတွင်မှ လှံကို ဆွဲနုတ်လိုက်သည်။ နောက်တစ်ကြိမ် ထပ်ပြီးတော့ မတိုက်ခိုက်နိုင်မီမှာပင် လှံသွားက ဝံပုလွေရိုင်းကြီး ၏လည်မျိုကို ဖောက်ဝင်သွားခဲ့ပြန်သည်။

''အူး''

ဝံပုလွေရိုင်းကြီးသည် မြေပြင်ပေါ်မှာ တုံးလုံးကြီးဖြစ်သွား သည်။ ဘထူးသည် လှံကို အားကုန်ထိုးထည့်ထားလိုက်သည်။ လည်ပင်းကို မထောင်နိုင်တော့သည်ဖြစ်၍ ခန္ဓာကိုယ်အောက် ပိုင်းက အတင်းပင်ကုန်းရုန်းပြီးတော့ ထနေသည်။ လျှာအတော် လိုက်ထွက်ကာ မျက်လုံးကြီးတွေကလည်း မီးကျီခဲများပမာ အဆ မတန် ပြူးပြီးတော့ ထွက်လာခဲ့သည်။

''ဟာ ... ဝံပုလွေရိုင်းကြီး မလှုပ်နိုင်တော့ဘူးဟေ့''

ရွာသားများသည် ခေါင်းဆောင်ဝံပုလွေရိုင်းကြီး မလှုပ် နိုင်ဘဲရှိနေပုံကို ဝိုင်းပြီးတော့ ကြည့်နေကြသည်။ တစ်ချက်ပင် မကျကြ။ ကူဖို့လည်းမလိုတော့ ခြေထောက်တွေ ယက်ကန် ယက် ကန်ဖြစ်နေသော ဝံပုလွေရိုင်းကြီးသည် လုံးဝကို ပြန်လှန်ပြီး မတိုက်ခိုက်နိုင်တော့။ ချက်ချင်းပင် ခန္ဓာကိုယ်သည် ညိုမည်းလာ သည်။ ထို့နောက် မီးမြိုက်ခံရသည့်ပမာ နီမြန်းလာခဲ့လေသည်။

ကြည့်နေကြရင်းကပင် ဝံပုလွေရိုင်းကြီး၏ ခန္ဓာကိုယ် သည် တဖြည်းဖြည်းနှင့် ကျုံ့ဝင်လာသည်။ တိရစ္ဆာန်တစ်ကောင်





၏ ညည်းညူသံမျိုး မဟုတ်သော အသံမျိုးက ထွက်ပေါ်လာခဲ့ သည်။ ဝံပုလွေရိုင်းကြီးသည် သာမန်ဝံပုလွေရိုင်းတစ်ကောင်၏ အရွယ်အစားသို့ ရောက်သွားခဲ့သည်။

ထိုစဉ် ဝံပုလွေရိုင်းကြီး၏တစ်ကိုယ်လုံး ဟုပ်ခနဲဆို မီး တောက်များ လောင်မြိုက်သွားသည်။ မီးဟုန်းဟုန်းတောက် လောင်သွားသည်။ ထိုအခါကျမှ ဘထူးသည် လှံကိုဆွဲနုတ်လိုက် သည်။

ကိုယ်ပေါ်မှာ ဖြစ်ပေါ်လာသော မီးတောက်များသည် ဟုန်းဟုန်းဖြင့် မြည်ကာ အရှိန်အားကောင်းနေလျှက် အားလုံး က အံ့အားတသင့်ဖြင့် ကြည့်နေမိကြသည်။ ထိုစဉ် ...

'ဖောင်း'

ကျယ်လောင်သောအသံကြီးတစ်သံက ထွက်ပေါ်လာ သည်။ ဝံပုလွေရိုင်းကြီး၏ ခေါင်းတစ်ခုလုံး ပွင့်ထွက်သွားသည်။ အထဲမှ နီရဲသောအလုံးလေးတစ်လုံးက ကန်ထွက်လာသလို ဖြစ်သွားပြီး ဘထူး၏လက်မှာ ကိုင်ထားသော လှံသွား၏အရင်း မှာ လာကပ်နေလေသည်။ သံလိုက်ကပ်သလို ကပ်နေသည်။ နောင်အခါ ယင်းအလုံးလေးကို မည်သို့မှ ခွာ၍မရတော့ပေ]

လောင်မြိုက်ခံနေရသော ဝံပုလွေရိုင်းကြီးသည်လည်း တဖြည်းဖြည်းနှင့် မီးကျွမ်းကာ နောက်ဆုံးမှာတော့ ပြာအတိဖြစ် သွားခဲ့လေသည်။ အားလုံးသည် ထူးဆန်းအံ့ဩဖွယ်ရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော မြင်ကွင်းတစ်ခုကို မြင်လိုက်ကြရသည်။ ဘထူး၏လက်ထဲက လှံကိုလည်း အံ့အားတသင့်ဖြင့် ကြည့်နေမိကြသည်။

ကောင်ရေအနည်းငယ်မှသာ ကျန်တော့သော ဝံပုလွေရိုင်းများသည်လည်း ဝံပုလွေခေါင်းဆောင်ကြီး မရှိတော့သည်နှင့် အားလုံး ထွက်ပြေးသွားခဲ့ကြလေသည်။

ရွာသားအချို့က ပြေးလိုက်ကြလေရာ . . .

"ဟေ့ ဟေ့ . . . မလိုက်ကြနဲ့တော့၊ ဒီသတ္တဝါတွေ နောက်ထပ် လာခဲ့ကြမှာမဟုတ်တော့ဘူး၊ သူတို့ရဲ့ခေါင်းဆောင်မှ မရှိတော့တာ၊ ပွဲက ပြတ်သွားပြီ"

သူကြီးဦးကံပေါ်က ဟန့်တားလိုက်လေသည်။ စောစောက ဆူညံမှုတွေနှင့် ပွက်လောရိုက်နေကြသလောက် အခုတော့ ငြိမ်သက်သွားခဲ့ကြသည်။ တစ်ရွာလုံးလည်း လန့်နိုးကုန်ကြသည်။

ဝံပုလွေအသေကောင်များကို ရှင်းလင်းနေကြစဉ်မှာ ဘထူးသည် လူတွေအလစ်မှာ ထွက်လာခဲ့လေသည်။ သူ့လှံနှင့် ပတ်သက်ပြီး အမေးမြန်းမခံလိုပေ။ သူလည်း ရှင်းပြတတ်မှာ မဟုတ်ချေ။





မကောင်းဆိုးရွားတစ်ကောင်ဟု သတ်မှတ်ထားကြသော ဝံပုလွေရိုင်းခေါင်းဆောင်ကြီး သေဆုံးသွားသည့်သတင်းသည် ညတွင်းချင်းပင် ပျံ့နှံ့သွားခဲ့လေ၏။ အခြားရွာများသို့ပင် ရောက်သွားသည်။

"ဒါလောက် ပါးနပ်လိမ္မာတဲ့ ဝံပုလွေကြီးကို အပြတ်ရှင်းပစ်နိုင်တယ်ဆိုတာ ဟုတ်ကောဟုတ်ရဲ့လား၊ ဖြစ်နိုင်ပါ့မလား"

သို့တိုင် လူတွေက သံသယရှိနေကြသည်။ ယင်းဝံပုလွေနိုင်းကြီးကို ကြည့်လိုလှသောသူများက စမ်းပေါက်ရွာကို လာကြသည်။ သို့သော် အကောင်အထည် မပြနိုင်ပေ။ သူကြီးဦးကံပေါ်က ဖြစ်ပျက်ပုံအလုံးစုံကို ရှင်းပြသည်။

"ဒီဝံပုလွေကြီးဟာ ဘထူးရဲ့လှံချက်မိတာနဲ့ တစ်ကိုယ်လုံး မီးမြိုက်ခံရသလို နီမြန်းလာပြီး မီးဟုန်းဟုန်းတောက်လောင်သွားတော့တာပဲ"

သူကြီးက ဝံပုလွေကြီး သေဆုံးသွားသည့်နေရာကို လိုက်ပြသည်။ ထိုနေရာသည် မီးကျွမ်းထားကာ မြေကြီးဖာမည်းနက်နေသည်။ သေဆုံးနေကြသော ဝံပုလွေရိုင်းများကို ရွာပြင်တစ်နေရာတွင် မြှုပ်နှံခဲ့သည့်အကြောင်းကို ပြောပြသည်။

"ဒါနဲ့ သူကြီးရ . . . ဝံပုလွေရိုင်းကြီးကို ထိုးခဲ့တဲ့လှံက ဘာလှံမို့လဲ၊ အဲသလိုလှံနဲ့ထိုးလိုက်လို့ မီးလောင်သွားတယ်ဆိုတာ အဆန်းပဲ၊ သူကြီးပြောပြမှပဲ ကြားဖူးတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com





"ဘာလုံလဲဆိုတာတော့ အဲ ...ရိုးရိုးလုံပဲပေါ့ကွာ၊ အဲ ...ဝံပုလွေကြီးသေပုံကတော့ ဆန်းလွန်းလို့ ငါတို့လည်း နားမလည်နိုင်တော့ဘူး"

ခေါင်းဆောင်ဝံပုလွေရိုင်းကြီး သေဆုံးသွားသည်ကို မျက်မြင်ကိုယ်တွေ့မဟုတ်ကြ၍ အချို့မယုံကြ။ အချို့ကား မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့်။ စမ်းပေါက်ရွာသားတွေ ကြွားသည်ဟု ထင်ကြ၏။ နောင်သော် နောင်အခါ ဝံပုလွေရိုင်းများက ရွာများဆီကို ချဉ်းကပ်၍ရောက်မလာကြခြင်း၊ အနှောင့်အယှက် မပေးကြတော့ခြင်း စသည့်တို့ကြောင့် ယုံကြည်စပြုလာခဲ့ကြသည်။

မှန်ပါသည်။

ထူးဆန်းသော ဝံပုလွေရိုင်းကြီးခေါင်းဆောင်သည့် ဝံပုလွေရိုင်းများသည် သတင်းအစအန မရနိုင်လောက်အောင်ပင် ပျောက်ကွယ်သွားခဲ့ကြပြီဖြစ်သည်။ ထိုအခါ ရွာများသည် မည်သည့်စိုးရိမ်ကြောင့်ကြမှုမှမရှိကြတော့ဘဲ တောထဲကိုပင် ဝင်ထွက်ရဲခဲ့ကြလေသည်။

✡

ဘထူး၏လုံကို ရွာသားများ စိတ်ဝင်စားနေကြသည်။





"ဘထူး ...မင်းရဲ့လုံက ကောင်းလှချည်လားကွ၊ ဘယ်လိုအစီအရင်မျိုးနဲ့ လုပ်ထားတာလဲ၊ ငါတို့ကိုလည်း ပြစမ်းပါဦးကွ"

"ကျုပ်ရဲ့လုံက သာမန်လုံတစ်ချောင်းပဲ၊ ဘာအစီအရင်နဲ့မှ လုပ်မထားခဲ့ဘူး၊ ဒါကြောင့်မို့ ခင်ဗျားတို့ကိုပြလည်း ထူးမှမဟုတ်ဘူး ...မကြည့်ကြနဲ့"

ဘထူးက ခပ်ပြတ်ပြတ်ပင်ပြောသည်။ ဘထူး၏အကြောင်းကိုသိ၍ နောက်ထပ်မမေးဝံ့ကြတော့ပေ။ ဘထူးသည် လုံကို ဝှက်ထားသည်။ သူသည် သူကြီးကချော့ပြီးမေးလာသည့်တိုင် ရေငုံနှုတ်ပိတ်နေခဲ့သည်။

"သူကြီး ...ဝံပုလွေကြီးက အကြောင်းရှိလို့ သူ့ဘာသာသူ အဲသည်လိုအခြေအနေမျိုးနဲ့ ကိစ္စချောသွားတာ၊ လုံကြောင့် မဟုတ်ဘူး"

သူကြီးမို့လို့ ထိုကဲ့သို့ ရှင်းပြခြင်းပင်ဖြစ်သည်။ သူကြီးက သူ့အပေါ်မှာ ကောင်းခဲ့သည်။ ဤလုံနှင့်ပတ်သက်ပြီး တစ်ရွာသားများက မေးကြသော်လည်း သူကြီးက အလေးမထားဘဲ ခပ်ပေါ့ပေါ့ပင် ဖြေခဲ့သည် မဟုတ်ပါလား။ ဘထူးကိုယ်တိုင်ကလည်း မိမိ၏လုံနှင့်ပတ်သက်ပြီး အံ့အားသင့်နေမိသည်။

"ဒီလုံသွားဟာ ထူးခြားတာတော့ အမှန်ပဲ၊ ငါလည်း ရှင်းပြနိုင်းရင် ဘယ်လိုရှင်းပြရမှန်းတောင် မသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဦးချစ်တင်ကလည်း ဤလုံသွားနှင့်ပတ်သက်ပြီး အထူးလျှို့ဝှက်ထားစေချင်သည်။

"သား . . . မင်း ပစ္စည်းကောင်းကို ရထားတာပဲ၊ ဒီလုံသွား အကြောင်းပတ်သက်ပြီး သိသွားခဲ့ကြရင် အခိုးခံရနိုင်တယ်၊ ဒီတော့ လုံခြုံတဲ့နေရာမှာ ထားပြီးသိမ်း"

လုံရှိးမှနေ၍ လုံသွားကို ချွတ်ကြည့်သည်။ မည်သို့မှ ချွတ်၍မရ။ လုံရှိးကို ချိုးပစ်လျှင်လည်း မဖြစ်။ ထို့ကြောင့် လုံသွားချည်း သိမ်းထားမည်ဟု ရည်ရွယ်ချက်ပျက်သွားခဲ့ရသည်။ ထို့ကြောင့် လုံတစ်ချောင်းလုံးကို အိပ်ရာဘေးမှာထားပြီးတော့ အိပ်ရလေသည်။

☆

တစ်ရက်တွင် ဘထူးသည် အိမ်မှာရှိနေစဉ် ရွာထဲမှ ရုတ်ရုတ်သဲသဲအသံများကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

"ဟင် သား . . . ရွာထဲကထွက်လာခဲ့တဲ့ အသံတွေပဲ၊ ဘာများဖြစ်ကုန်ကြပါလိမ့်"

မိခင်ဒေါ်လှအေးက ရင်ဘတ်ကိုလက်နှင့်ဖိရင်း ပြောလိုက်သည်။ သူမသည် ထစ်ခနဲဆို လန့်တတ်သည်။ ထို့ကြောင့်





ဆေးအမြဲတမ်း စားနေရသည်။

"အမေ မလန့်ပါနဲ့ . . . ရန်ဖြစ်ကြတာ နေမှာပေါ့"

ဘထူးက သွေးဆေးပုလင်းကိုယူကာ သောက်ရေတစ်ခွက်ပါ ခပ်ပြီးတော့ ပေးလိုက်သည်။

"လာကြပါဦး လာကြပါဦး၊ ဒီမှာ ဝက်ဝံကြီးတစ်ကောင် လူတွေကိုလိုက်ပြီး ရန်ရှာနေလို့"

အသံက ထွက်လာခဲ့ပြန်သည်။

"ဟင် . . . ဝက်ဝံကြီးတစ်ကောင်ဆိုပါလား၊ ဝက်ဝံက တောထဲမှာနေတာ ဘယ်လိုကြောင့် ရွာထဲကိုရောက်လာခဲ့ရတာလဲ"

ဘထူးသည် အိပ်ခန်းထဲသို့ ပြေးဝင်သွားကာ အိပ်ရာဘေးမှလုံကို ယူလာခဲ့သည်။

"အမေ . . . တံခါးတွေကို မြန်မြန်ပိတ်ထား၊ အိမ်ထဲမှာပဲ နေနော်၊ အပြင်ကို လုံးဝမထွက်နဲ့"

"မင်းရဲ့အဖေလည်း ဘယ်သွားနေသလဲ မသိဘူး . . . အရေးထဲမှာ"

"အဖေ့ကို စိတ်မပူနဲ့အမေ၊ သူက ရန်ကိုရှောင်တတ်တယ်၊ ဟောဟိုမှာ အဖေပြန်လာပြီ"

ဦးချစ်တင်မှာ အရေးတကြီးအမူအရာဖြင့် အိမ်ကိုပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ဝံကြီးတစ်ကောင် ရွာထဲဝင်ပြီး သောင်းကျန်းနေတယ်၊ အဖေတော့ မမြင်ခဲ့ရဘူး။ သား မြန်မြန်သွားလိုက်ဦး ရွာသားတွေလည်း ဝက်ဝံကြီးရဲ့နောက်ကို လိုက်နေကြတယ်"

"ဟုတ်ကဲ့ ... အဖေ အိမ်မှာ အမေနဲ့နေ၊ သားသွားလိုက်ဦးမယ်"

ဘထူးသည် အိမ်ပေါ်မှခုန်ချကာ ပြေးထွက်သွားခဲ့သည်။

✡

ဆူဆူညံညံအသံများ ထွက်ပေါ်နေရာဆီကိုရောက်လာခဲ့ကြသည်။ အိမ်တစ်အိမ်ရှေ့တွင် ရွာသားများက တုတ်၊ ဓါး၊ လှံများဖြင့် စုအုံနေကြသည်။ ခြံပြင်မှနေ၍ အိမ်ထဲကို လှမ်းပြီးတော့ ကြည့်နေကြသည်။ သူတို့၏မျက်နှာအသီးသီးမှာ စိုးရိမ်မှုများဖြင့်။

"ဘာဖြစ်တာလဲဗျ"

"ဟ ဘထူး ... လာ လာ၊ အိမ်ပေါ်မှာ ဝက်ဝံကြီး ရောက်နေတယ်၊ ပြီးတော့ မွှေးလည်း အိမ်ပေါ်မှာ ပိတ်မိနေတယ်၊ ဝက်ဝံကြီးက ရန်ရှာရင် ပြဿနာပဲ"

"ဟင် ဒါဆို ခင်ဗျားတို့က အခု ဘာလုပ်နေကြတာလဲ"

"ငါတို့လည်း မဝင်ရဲဘူး။ ခုနေတော့ ဝက်ဝံကြီးက





မွှေးကို ဘာမှမလုပ်သေးဘူး။ ငါတို့ဝင်သွားမှ ရန်ရှာရင် ဘယ့်နှယ်လုပ်မလဲ"

"ဟာဗျာ ... ခင်ဗျားတို့ကလည်း"

ဘထူးသည် လူများကို တိုးဝှေ့ကာ ရှေ့ကိုထွက်သွားသည်။ အိမ်ပေါ်မှာ ဝက်ဝံညိုကြီးကိုတွေ့လိုက်ရလေပြီ။ မွှေးလည်း ထောင့်ကပ်နေကာ ငုတ်တုတ်ထိုင်၍ မလှုပ်ရဲအောင်ဖြစ်နေသည်။ ဝက်ဝံကြီးသည် မွှေးကို ခပ်လှမ်းလှမ်းမှနေ၍ ကြည့်နေသည်။ သူ၏အကြည့်က အေးအေးဆေးဆေးပဲ။

"ဟ ... ဘယ်လိုဝက်ဝံကြီးလဲဟ၊ အိမ်ပေါ်ကို တက်ပြီး ဒီမိန်းကလေးအနားမှာပဲ ရပ်နေတာပါလား"

ဘထူးသည် ဝက်ဝံကြီးက မွှေးကို ကြည့်ပုံရှုပုံ၊ အမူအရာကအစ လေ့လာနေသည်။ ဤမျှလောက်ကြမ်းတမ်းသည့် ဝက်ဝံကြီးက မိန်းကလေးနှင့်ကျတော့မှ သိမ်မွေ့နေသောကြောင့် ထူးဆန်းသောဝက်ဝံကြီးကို စဉ်းစား၍မရ ဖြစ်နေသည်။

ကြည့်နေရင်းကပင်လျှင် ဝက်ဝံကြီးသည် မွှေး၏အနားကို တဖြည်းဖြည်းနှင့် တိုးကပ်သွားခဲ့လေရာ ...

"အောင်မယ်လေး ... မလာနဲ့ မလာနဲ့ ... ကယ်ကြပါဦး"

မွှေးက လန့်ပြီးတော့ အော်လိုက်လေသည်။ ဘထူးမှာ မနေသာတော့ပါ။ လှံကိုကိုင်ကာ အိမ်ပေါ်ကို ခုန်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံညိုကြီးသည် နားပါးလှသည်။ ဖျတ်ခနဲဆို နောက်ကိုလှည့်ကြည့်လိုက်သည်။ ဘထူးကိုတွေ့သွားသည်။

'ဂါး ဂရား'

အနှောင့်အယှက်အပေးခံလိုက်ရသောကြောင့် ဒေါသထွက်သွားကာ တစ်ချက်အော်လိုက်သည်။ လက်ကလည်း မြှန့်သည်။ တစ်ဆက်တည်းမှာပင် ဘထူးကို လှမ်းပြီးတော့ကုတ်လိုက်လေသည်။

ဘထူးက အိမ်ပေါ်မှ နောက်ပြန်ခုန်ဆင်းလိုက်သည်။ ဝက်ဝံညိုကြီးမှာ ဒေါသတကြီးဖြင့် ထိန်းမရတော့ဘဲ အောက်ကို ခုန်ဆင်းပြီးတော့ လိုက်လာသည်။ သူ့အပေါ်မှာရန်ရှာသည့် ဘထူးကို သဲကြီးမဲကြီးပင် တိုက်ခိုက်လေတော့သည်။

သို့သော် ဘထူးမှာ သိုင်းပညာ ကောင်းကောင်းတတ်သည်။ ဝက်ဝံကြီး၏တိုက်ခိုက်မှုကို ဖျတ်လတ်စွာ ရှောင်တိမ်းနေသည်။ ဒေါသပိုပြီး ထွက်လာအောင် ဆွပေးနေသည်။ ရွာသားများကတော့ ခြံအပြင်ကို ထွက်ပြေးကြသည်။

"ဟ ... ဒီကောင် ဘထူး လှံကိုင်ထားပြီး ဝက်ဝံကြီးကို မထိုးဘဲ အလကား ဒေါသမဖြစ်ဖြစ်အောင် ဆွပေးနေတယ်"

"အေးကွာ ... တော်ကြာ ငါတို့ကိုပါ ရန်မူလာရင် မခက်ပါလား"

ထိုစကားကို ဘထူး ကြားသွားသည်။





"ခင်ဗျားတို့ နားမလည်ကြရင် ခပ်ဝေးဝေးမှာ သွားနေကြ၊ ဝေဖန်မနေကြနဲ့"

ဘထူးက အားလုံးကိုအော်ငေါက်ပြီးတော့ လွှတ်လိုက်သည်။ ထိုအခါ ရွာသားများသည် ခပ်ဝေးဝေးကို ထွက်သွားခဲ့ကြသည်။ ထိုစဉ် သူကြီးဦးကံပေါ်လည်း ရောက်လာခဲ့သည်။

"ဟ ... သူတို့ပြောတာ ဟုတ်သား၊ တောထဲက ဝက်ဝံကြီးက ရွာထဲကို ဘယ်လိုရောက်လာတာလဲ"

သူကြီးလည်း အံ့အားသင့်နေမိသည်။ ရွာထဲမှာ ပွက်လောရိုက်နေကြသောကြောင့် နှစ်လုံးပြူးသေနတ်ကြီးကိုဆွဲကာ ပြေးချလာခဲ့ခြင်းပင်။

"ဟော့ကောင် ဘထူး ... မင်း ဖယ်နေ၊ ငါ ပစ်ထည့်လိုက်မယ်"

"လူတွေကို မှန်ကုန်ပါ့မယ်၊ သူကြီးလည်း ဝေးဝေးဖယ်နေပါ"

"ဟေ"

ဘထူးသည် သူကြီးကိုလည်း မောင်းထုတ်လိုက်သည်။ ထို့နောက် အသေအလဲတိုက်ခိုက်နေသော ဝက်ဝံကြီးကို လူတွေနှင့် ဝေးရာဆီကို မျှားပြီးတော့ ခေါ်သွားသည်။ ယခုအချိန်အထိ ဝက်ဝံကြီး၏ သတ်ပုတ်မှုကို သိုင်းကွက်နင်းကာ ရှောင်နေ တိမ်းရင်းပင်။ ပြန်ပြီးတော့မတိုက်ခိုက်သေး။ လူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးဝေမှ လိုက်ပါလာခဲ့ကြသည်။

"ကိုင်း . . . မင်းကို ငါက မလုပ်ချင်လို့ ကြည့်နေတာ၊ ဒီတစ်ခါတော့ ငါ့အလှည့်ပေါ့ကွာ . . . ကိုင်း"

လှံသွားဖြင့် ဝက်ဝံညိုကြီး၏လက်မောင်းကို ခတ်ဆတ်ဆတ်လေး ထိုးထည့်လိုက်သည်။

"အူး"

✲✲✲





## အခန်း [၇]

## အိမ်ပေါ်က အထိတ်တလန့်

လှံများက လက်မောင်းအသားထဲကို နစ်ဝင်သွားသောကြောင့် နာကျင်စွာဖြင့် အော်လိုက်လေသည်။ သို့တိုင် ဝက်ဝံညိုကြီးသည် ဘထူးကို ခုန်အုပ်ရန် ကြိုးစားသေးသည်။ ဝက်ဝံကြီးက ဘယ်လိုမှ တိုက်ခိုက်၍မရအောင် ကာကွယ်တတ်သည်။ ဘထူးကိုလည်း အံ့အားတသင့်နှင့် ကြည့်နေကြသည်။ တစ်ခဏအတွင်းမှာပင် ထူးခြားမှုများက ဖြစ်ပေါ်လာခဲ့လေသည်။

ယင်းမှာ လှံအဖျားနှင့် အထိုးခံလိုက်ရသော ဝက်ဝံကြီး၏လက်မောင်းမှာ မီးခိုးငွေ့များ အူပြီးတော့ထွက်လာသည်။ တစ်ခဏအတွင်းမှာပင် ဟုပ်ခနဲဆို မီးတောက်တစ်ခုက ဖြစ်ပေါ်လာသည်။ ထိုအခါ . . .



www.burmeseclassic.com

www.burmeseclassic.com



'အူး အူး အူး'

ဝက်ဝံညိုကြီးသည် ဖြစ်ပေါ်လာသောအခြေအနေကြောင့် အူးအူးဝါးဝါးနှင့် အော်ဟစ်လိုက်သည်။ ထို့နောက် မီးတောက်ကို ကျန်သည့်လက်မှ လက်ဝါးဖြင့် တဝုန်းဝုန်းနှင့် ရိုက်ကာ ငြိမ်းသတ်သည်။ သို့သော် ဘယ်လိုမှ ငြိမ်းသတ်၍မရဘဲ မီးက တောက်လောင်နေစမြဲ။

'အူး အူး အူး'

ထိုအခါ ဝက်ဝံညိုကြီးသည် မခံမရပ်နိုင်အောင် ပူလောင်လွန်းလှသောကြောင့် အော်ရင်းဟစ်ရင်း လက်မောင်းကို လက်ဝါးဖြင့် ရိုက်ခတ်ရင်း တစ်ချိုးတည်း ထွက်ပြေးလေတော့သည်။ ထိုအခါကျမှ ရွာသားများသည် ...

"ဟ ... ပြေးပြီ ပြေးပြီ ... လိုက်ကြ လိုက်ကြ"

လက်နက်များကို ဆွဲကိုင်ကာ ကြွေးကြော်သံပေးပြီးနောက်မှ ပြေးလိုက်သွားကြသည်။ သူကြီးဦးကံပေါ်သာ ကျန်ရစ်ခဲ့သည်။

"ဘထူး ... မင်းလုပ်လိုက်ပုံက ကောင်းတယ်ကွာ၊ သူ့ကိုလည်း သတ်ဖို့မလိုဘူး၊ ဒါလောက် ဒဏ်ရာရသွားရုံနဲ့တင် လုံလောက်နေပါပြီ၊ ဒီကောင် နောက်တစ်ခါ ရွာဘက်ကိုခြေဦးလှည့်ရဲမှာတောင် မဟုတ်ဘူး။ ဒါနဲ့ မင်းရဲ့လုံက"

"လာ သူကြီး ... မွေးတို့အိမ်ကို သွားကြရအောင်"

သူကြီးစကား မဆုံးလိုက်။ ဘထူးနှင့်အတူပါသွားခဲ့





သည်။ လုံနှင့်ပတ်သက်ပြီး စကားအစပ်ပင် မခံပေ။ ဤသို့ဖြင့် မွေး၏အိမ်ကိုရောက်လာခဲ့သည်။ ရွာသားအချို့နှင့် မိသားစုကတော့ ရှိနေကြဆဲ။ အကျိုးအကြောင်းကို မေးမြန်းနေကြသည်။

"ဟော ... ဟိုမှာ ဘထူးနဲ့သူကြီး ရောက်လာပြီ"

"ကလေးမ ... ဝက်ဝံကြီးတော့ ထွက်ပြေးသွားခဲ့ပြီဟေ့၊ စိတ်မပူနဲ့တော့၊ ဘထူးက မောင်းထုတ်လိုက်ပြီ"

"လာ သူကြီး၊ မောင်ဘထူး ... အိမ်ပေါ်ကိုတက်ကြပါဦး"

မွေး၏မိဘများက အိမ်ပေါ်ကို ဖိတ်ခေါ်လိုက်ကြ၍ ဝင်ထိုင်လိုက်ကြသည်။ မွေးသည် စောစောကလို အထိတ်တလန့်ဖျက်နှာမျိုး မဟုတ်တော့။ ကြည်နူးရနေသည်။ ကြောက်စိတ်မပြေသေးသော်လည်း ကျဉ်းထဲကျပ်ထဲက လွတ်မြောက်ခဲ့၍ စိတ်သက်သာရာ ရသွားပုံရသည်။

"ကလေးမ ဘယ်လိုဖြစ်တာလဲ ... ငါတို့ကို အကြောင်းစုံ ရှင်းပြပါဦး"

"သူကြီး ... ကျွန်တော် ရှင်းပြပါ့မယ်၊ သမီးက ကျွန်တော့်ကို အကြောင်းစုံပြောထားပြီးမို့ပါ"

မွေး၏ဖခင် ဦးလုရီက အောက်ပါအတိုင်း ပြန်ပြောင်းပြီးတော့ ပြောပြလေသည်။

မွေးနှင့် အဖော်မိန်းကလေးအချို့သည် တောစပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေသော တောပန်းကလေးများကို ရှုနေကြသည်။ ယင်း
အချိန်တွင် သဏ္ဌာန်ကြီးတစ်ခုသည် သစ်ပင်ကြီးတစ်ပင်၏
အကွယ်မှနေ၍ ခေါင်းပြူထွက်ကာ ချောင်းနေသည်။ မြင့်မား
သောအရပ်ရှိသည်။ ဝက်ဝံညိုကြီးက ၊တစ်ကောင်ပင်ဖြစ်သည်။
မွေးတို့အုပ်စုကတော့ မသိကြပါ။

ဝက်ဝံညိုကြီး၏အကြည့်သည် မွေးအပေါ်မှာသာ စူးစူး
စိုက်စိုက်နှင့် ရှိနေသည်။ မသိစိတ်က လှုံ့ဆော်ခဲ့လေသလား
မသိ။ မွေးသည် နောက်ကျောမလုံသလို ဖြစ်လာခဲ့ပြီး ကျော
ဘက်ကို လှည့်ကြည့်မိလိုက်သည်။ ထိုအခါ ဝက်ဝံညိုကြီး၏
ကိုယ်တစ်ပိုင်းကို တွေ့လိုက်ရလေသည်။

"ဟင် ... ဟိုမှာ ဘာကောင်ကြီးလဲ မသိဘူးတော့"

မွေး၏ အထိတ်တလန့်အသံကြောင့် အားလုံးနောက်ကို
ချာခနဲဆို လှည့်ကြည့်မိလိုက်ကြသည်။ ထိုအခါ တစ်ယောက်က
...

"အောင်မယ်လေး ... ဝက်ဝံကြီး"

ဟု အထိတ်တလန့်ဖြင့် အော်မိလိုက်လေရာ အားလုံး
ထိုနေရာမှ ထွက်ပြေးလာခဲ့ကြလေတော့သည်။

"ပြေး ပြေး ... တောထဲက ဝက်ဝံကြီးက ဒီမှာ ဘာ
လာလုပ်နေသလဲ မသိဘူး"

အားလုံး ခြေကုန်သုတ်ပြီးတော့ ပြေးလာခဲ့ကြလေရာ





တော့မှ ရွာထဲသို့ ရောက်လာခဲ့ကြလေသည်။

"ငါ ငါတို့ နောက်ကလိုက်များ လိုက်လာမလား မသိ
ဘူး"

"မသိဘူး ... နောက်လှည့်မကြည့်ကြနဲ့၊ ရွာထဲရောက်ဖို့
အရေးကြီးတယ်"

သို့သော် ဝက်ဝံကြီးသည် သစ်ပင်များကြား၊ ချုံများကြား
မှ အကာအကွယ်ယူ၍ ပုန်းလျှိုးကွယ်လျှိုးနှင့် လိုက်လာခဲ့လေ
ပြီ။ ရွာထဲသို့ ပြေးဝင်လာခဲ့ကြသော မိန်းကလေးများကို တွေ့
လိုက်ကြရသော ရွာသားများက ...

"ဟဲ့ ... နင်တို့ ဘယ်လိုဖြစ်လာခဲ့ကြတာလဲ"

"နောက် နောက်မှာ ဝက်ဝံကြီးလိုက်လာလို့"

"ဘာ ... ဝက်ဝံကြီး ... ဟုတ်လား၊ မဖြစ်နိုင်တာ၊
နင်တို့ကို ဘယ်သူက ခြောက်လှန့်လွှတ်လိုက်တာလဲ"

"အေးလေ ... ဝက်ဝံက တောထဲမှာနေတာ၊ ရွာနားကို
ကပ်လာဖို့ အကြောင်းမရှိပါဘူး။ အမြင်မှားတာလား၊ တစ်
ယောက်ယောက်က နောက်လိုက်တာလား"

ရွာထဲသို့ရောက်သော် မွေး၏အဖော်မိန်းကလေးများ
သည် မိမိတို့၏အိမ်သို့ အသီးသီးပြန်သွားခဲ့ကြသည်။

ထိုစဉ် ...

'ဝုန်း'



www.burmeseclassic.com

www.burmeseclassic.com



မွေး၏အိမ်ပေါ်သို့ နောက်ဖေးဘက်မှနေ၍ ဝုန်းခနဲ
တက်လာသည်။ သတ္တဝါတစ်ကောင် ... ဝက်ဝံညိုကြီး။
ယင်းအချိန်တွင် မွေး၏မိဘများသည် အိမ်အောက်မှာ
နေကြသည်။ ရွာသားတွေနှင့် စကားပြောနေကြသည်။ အိမ်ပေါ်
မှာ မွေးတစ်ယောက်တည်း။ မွေးသည် သူ့ရှေ့မှောက်ကိုရောက်
လာသော ဝက်ဝံညိုကြီးကို မြင်လိုက်ရသောအခါ လန့်ပြီးတော့
အော်မိလိုက်သည်။

"အား"

ထိုသို့အော်လိုက်၍ ဝက်ဝံညိုကြီးပင် လန့်သွားခဲ့ရသည်။
ထို့နောက် မလှမ်းမကမ်းမှာ ရပ်နေကာ မွေးကိုစူးစိုက်ပြီးတော့
ကြည့်နေလေသည်။

"သွား သွား ... မလာနဲ့ မလာနဲ့ ... ခုချက်ချင်း
ထွက်သွား"

မွေးမှာမျက်လုံးစုံမှိတ်ပြီးတော့ အော်လျက်ရှိနေသည်။
သို့သော် ဝက်ဝံကြီးကတော့ မွေးကို စူးစိုက်ကာ ကြည့်နေဆဲ
စိတ်မချရ။ ရုတ်တရက် ကောက်ပွေ့ချီပြီး ထွက်ပြေးသွားမှာကို
စိုးရိမ်ရသည်။

"အောင်မယ်လေး ... လုပ်ကြပါဦး၊ သမီးလေးကို ဝက်
ဝံကြီးက ရန်မူတော့မယ်"

မိခင်ဒေါ်ခင်ကြိုင် ကလည်း အထိတ်တလန့်ဖြင့် အော်





လိုက်သည်။ ထိုအခါ ဝက်ဝံကြီးသည် သူတို့ဘက်ကို လှမ်းပြီး
တော့ ကြည့်လိုက်လေသည်။ ရွာသားများသည်လည်း သတင်း
ကြားကြောင့် လှံ၊ တုတ်၊ ဓါး အစရှိသည့် လက်နက်များကို
ကိုင်ဆောင်ကာ ပြေးလာခဲ့ကြသည်။

"ဟင်"

ထိုအခါ ဝက်ဝံကြီးနှင့် မွေးတို့ကို မမျှော်လင့်ဘဲ တွေ့
လိုက်ရသောကြောင့် အံ့အားသင့်သွားခဲ့ကြသည်။ ဝက်ဝံကြီးသည်
သူ့ကိုမှ မတိုက်ခိုက်ဘဲ မွေး၏အနားမှာသာ ရှိနေသော
ကြောင့်ပင်။

"ဟော့ကောင်ကြီး ... ဆင်းစမ်း အိမ်ပေါ်က"

ရွာသားတစ်ယောက်က အိမ်အောက်မှနေ၍ လှမ်းပြီး
အော်လိုက်သည်

"အူး အီး"

သို့သော် ဝက်ဝံကြီးသည် ဝမ်းခေါင်းသံကြီးပေးကာ
သူတို့များကို ဖြီးပြသည်။

"ဟော့ ဟော့ ... မအော်ကြပါနဲ့၊ သမီးလေးကို ရန်လုပ်
သွားပါဦးမယ်၊ တခြားနည်းလမ်းကို ရှာကြပါဦး"

ဒေါ်ခင်ကြိုင်က တောင်းပန်သည်။ ရွာသားများကလည်း
ဘာကို မည်သို့ခေါ်ထုတ်ရမှန်း မသိကြ။

"သူကြီးကလည်း ရောက်မလာသေးဘူး၊ သူ့သေနတ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ခ်လိုက်ရင်တော့ ဒီကောင်ကြီး ကိစ္စချောသွားမှာပဲ''

ရွာသားတစ်ယောက်က ထိုသို့ပြောလိုက်သည်နှင့် ဝက်ဝံ ညိုကြီးမှာ သူတို့ဘက်ကိုလှည့်ပြီး သွားကြီးကို ဖြီးပြလိုက်ပြ လေသည်။ ခြိမ်းခြောက်ခံလိုက်ကြရသည့်အတွက် နောက်ထပ် မပြောရဲကြတော့ပေ။

✡

ဦးလှရိုက ဝက်ဝံညိုကြီးနှင့်ပတ်သက်ပြီး အကျိုးအ ကြောင်းကို ရှင်းပြလိုက်သည်။

''တော်တော်ဟုတ်တဲ့ ဝက်ဝံကြီးပဲ၊ ဒါ ဘာမှမဟုတ်ဘူး ဒီကောင်ကြီးက ကလေးမကို သဘောကျပြီး မကြောက်မရွံ့ လိုက်လာခဲ့တာ၊ ရှားပါ့ကွာ''

သူကြီးဦးကံပေါ်က ထိုသို့ပြောလိုက်လေရာ ...

''အို ...ဦးကြီးကလည်း''

မွေးက ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့လေသည်။

''ငါပြောတာမဟုတ်လို့လား၊ သူ့ခမျာ နင့်ကို စွဲလမ်းပြီး သေသောကိုတောင်မမှုဘဲ အရဲစွန့်ပြီးတော့''

''အို ...မပြောပါနဲ့ဆို''





မွေးမှာ မည်သို့မှပင် အနားမှာမနေနိုင်တော့ပေ။

''သူကြီးကလည်းဗျာ ... မွေးက ရှက်နေပြီ၊ ဒါပဲ ထပ် ထပ်ပြီးတော့ ပြောနေတာပဲ''

ဘထူးကပါ မွေးကိုငဲ့ညှာပြီး ဝင်ရောက်တားဆီးသည်။ သူကြီးက ရယ်နေလေသည်။ ရက်အတန်ကြာသည့်အထိ ထို အကြောင်းကိုပဲ ပြောနေကြသည်။

''ဒီဝက်ဝံက နှာဘူးကြီးပဲကွ၊ တိရစ္ဆာန်အချင်းချင်း မကြိုက်ဘဲ လူသားမိန်းကလေးကိုမှ လာကြိုက်ရတယ်လို့ ... ရှားတယ်ဟေ့''

''ဟုတ်ပါ့ကွာ ... အချစ်အတွက် အသက်ပင်သေသေ ဆိုလား၊ အသက်အန္တရာယ်ရှိမှန်းသိလျက်နဲ့ ရွာထဲအထိ လိုက် လာတယ်၊ ဒီဝက်ဝံကြီးက အချောအလှ ရွေးတတ်တယ်ကွ၊ မွေးက ဒီရွာမှာ အချောဆုံးဆိုတော့ လူပျိုလှည့်လိုက်လာတာ၊ ရွာထဲအရောက် တန်းတန်းကိုစွဲရောပဲ''

ဝက်ဝံကြီးအကြောင်းသည် ပြောစမှတ်ဖြစ်ပြီး ကျန်ရစ်ခဲ့ လေသည်။

✡

www.burmeseclassic.com

www.burmeseclassic.com



မွှေးသည် အိမ်ထဲက အိမ်အပြင်ကို တော်တော်နှင့် ထွက်ခဲ့တော့။ ရက်သည်က တစ်ကြောင်း၊ ဝက်ဝံကြီးကို ကြောက်သည်ကတစ်ကြောင်းမို့ပင်။ ဘထူးက ဝက်ဝံကြီးကို လှံနှင့်ထိုးလိုက်၍ အမွေးများကို မီးစွဲလောင်ကာ တောထဲသို့ ထွက်ပြေးသွားသည့်သတင်းက စမ်းပေါက်ရွာမှာတင်မက ရွာနီးနားချင်းအထိ ကူးစက်သွားခဲ့လေသည်။ ဘထူး၏လှံကိုလည်း စိတ်ဝင်စားသွားခဲ့ကြသည်။

"သား ... မင်းရဲ့လှံအစွမ်းကို လူတွေက တော်တော်လေးကို စိတ်ဝင်စားနေကြပြီ၊ သတိကြပ်ကြပ်ထားပေတော့"

ဦးချစ်တင်က ဘထူးကို သတိပေးသည်။

"ဟုတ်တယ် ... ဒီလှံကို လူတွေက လိုချင်နေကြတယ်၊ တချို့က ဘယ်လောက်ပေးရ ပေးရ တောင်းဝယ်နေကြတယ်"

"မရောင်းနဲ့သား ... ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာ"

"ကျွန်တော်လည်း ရောင်းဖို့စိတ်မကူးမိပါဘူး၊ အခိုးမခံရအောင်တော့ သတိထားရမယ် အဖေ"

ဝက်ဝံကိစ္စပြီး၍ တစ်လလောက်ကြာမှ မွှေးလည်း အိမ်အပြင်ကို ထွက်ရဲတော့သည်။ သို့သော် တောစပ်ကိုတော့ မသွားရဲတော့။ တစ်ရက်တွင် ဘထူးဆီကို မွှေးရောက်လာသည်။

"ဩော် မွှေး ... ရွာထဲထွက်ရဲပြီလား။ တော်တော်လေး





ကို အိမ်တွင်းပုန်း လုပ်လိုက်ရတယ်ပေါ့ ... ဟုတ်လား"

"အင်း ... ခုထက်ထိ အကြောက်မပြေသေးဘူး ကိုဘထူး၊ မွှေး တော်တော်လေးကို ထိတ်လန့်သွားမိရတာ၊ ကိုဘထူးသာ ရောက်မလာရင် ဒီဝက်ဝံကြီးကြောင့် နှလုံးသွေးရပ်ပြီးတော့ သေသွားမလားပဲ"

"ဒီကောင်ကြီးက မ,စိတ်မွှန်နေတော့ အဲဒီအချိန်မှာ ဘယ်သူ့ကိုမှ မကြောက်တော့ဘူး၊ မွှေးက တော်တော်စန်းပွင့်တာပဲ၊ တိရစ္ဆာန်ကတောင် လိုက်ကြိုက်တယ်"

"အို ... ကိုဘထူးကြီးကလည်း"

မွှေးမှာ ဘထူး၏စကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားခဲ့ရလေသည်။ အနေအထိုင်၊ အပြောအဆိုကအစ တည်သော ဘထူးက အနောက်အပြောင်စကားများ ပြောလာခဲ့သည့်အတွက် ထူးခြားနေမိသည်။

"ဒီကောင်ကြီး နောက်တစ်ခါ ရွာထဲကို မလာရဲတော့ပါဘူး၊ သူကြောက်သွားပါပြီ၊ မွှေးက အခုထက်ထိ ကြောက်တုန်းပဲလား"

"ကြောက်တာပေါ့၊ ဒါလောက်တောင် လက်ရဲဇက်ရဲ ဖြစ်နေတဲ့ကောင်ကြီး၊ အဲဒီနေ့က လူတွေသာ အနားမှမရှိခဲ့ရင် မွှေးကို တစ်ခါတည်း ဆွဲခေါ်သွားမလား မသိဘူး၊ ကိုဘထူးကြောင့်သာ မွှေး ပါမသွားတာ၊ ခုမှ ရွာထဲကို ထွက်ရဲပြီး ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်စကား ပြောဖြစ်တာ''

''ကျေးဇူးတင်စရာမလိုပါဘူး။ ငါ ရောက်မလာလည်း ရွာသားတွေက တစ်နည်းနည်းနဲ့ ဒီကောင်ကြီးကို မောင်းထုတ် ပစ်ကြမှာပဲ''

''ဒါက ကိုဘထူးအထင်ကိုး။ ရွာသားတွေက တစ် ယောက်မှ မလုပ်ရဲကြတာ၊ သူတို့က လုပ်ကြမယ်ဆိုရင်လည်း အကြမ်းပတမ်းကိုင်ကြမှာပဲလေ၊ အဲဒီတော့ ဝက်ဝံကြီးက ပိုပြီး တော့သောင်းကျန်းရင် မွေးပါ အန္တရာယ်အပြုခံရမှာပေါ့။ ကိုဘ ထူးက ပရိယာယ်ဆင်ပြီး ဝက်ဝံကြီးကို ခေါ်ထုတ်သွားလို့သာ''

''ကောင်းပါပြီ ... ဒါဆိုရင်လည်း အဲဒီကျေးဇူးကို မလွှဲ မရှောင်သာဘဲ လက်ခံလိုက်ပါ့မယ်''

''ဟွန်း ... ကိုဘထူးကြီးကလည်း ကျေးဇူးတောင် အောင့်သက်သက်နဲ့ လက်ခံတယ်''

မွေးက ရယ်သွမ်းသွေးကာ ပြောလိုက်လေသည်။

✲✲✲





# အခန်း [၀]

## လုံ သူ ဒိုး

ညတစ်ည ...။

လူနှစ်ယောက်သည် ဘထူး၏ခြံနားသို့ တဖြည်းဖြည်းနှင့် ချဉ်းကပ်လာနေကြသည်။ ထို့နောက် ပတ်ဝန်းကျင်အရိပ်အခြေည် ကို အကဲခတ်ပြီး ခြံစည်းရိုးကို ကျော်လွှားကာ ဝင်လာခဲ့ကြလေ သည်။

ယင်းအချိန်တွင် ဘထူးသည် အိမ်ထဲမှာမအိပ်ဘဲ အိမ် ရှေ့ကပြင်မှာ အိပ်ပျော်လျက်ရှိသည်။ ပူအိုက်၍ အပြင်ကို ထွက် အိပ်ခြင်းပင်။ ထိုသူနှစ်ယောက်ကလည်း ဤအကြောင်းကို သိ သည်။ ဘထူးသည် လှံကို သူ့ကိုယ်နှင့်မကွာ ထားသည်။

ဘထူး၏အနားကိုရောက်လာကြသော ထိုသူနှစ်ယောက်

www.burmeseclassic.com



သည် လုံကို ဘယ်ဘက်မှာထားသလား၊ ညာဘက်မှာ ထား
သလားဟု လေ့လာလျက်ရှိသည်။ ဘထူးကတော့ တရှူးရှူးပြေး
နှစ်ခြိုက်စွာပင် အိပ်ပျော်နေလေသည်။ ထို့ကြောင့် သူတို့လည်း
ပို့ပြီးတော့ စိတ်ချသွားခဲ့ကြလေသည်။ တစ်ယောက်က ဘထူး၏
အနားကို တဖြည်းဖြည်းနှင့် တိုးကပ်လာနေသည်။ အားနည်း
သော အလင်းရောင်အောက်တွင် တွေ့လိုက်ရသည်က လုံတစ်
ချောင်း။

ထိုသူသည် အားတက်သွားခဲ့လေ၏။ မျက်လုံးတွေက
အရောင်တောက်လာခဲ့လေသည်။ ထို့နောက် ချက်ချင်းပင် အသ
ကို အမှောင်က ဖုံးသွားခဲ့သည်။ လုံဆီကို လက်ကလှမ်းလိုက်
သည်။ ထိုစဉ်မှာပင် မထင်မှတ်သောအခြေအနေတစ်ခုက ဖြစ်
ပေါ်လာခဲ့လေသည်။ အိပ်မောကျနေပြီဟုထင်ရသော ဘထူး
သည် ဖျတ်ခနဲဆို လုံကိုဆွဲကာ ထထိုင်လိုက်သည်။ တစ်ဆက်
တည်းမှာပင် ထိုင်နေလျက်က ခြေများဖြင့် ခတ်ထည့်လိုက်လေ
သည်။

'ဖြောင်း'

မေးဖျားကိုပင့်ကာ ခတ်ထည့်လိုက်သည်ဖြစ်၍ ခေါင်းက
လန်ထွက်သွားခဲ့သည်။ ထို့နောက် ဘထူးသည် ကပြင်ထက်က
အောက်ကို ခုန်ဆင်းလိုက်လေသည်။ အတူပါလာသူတစ်ယောက်
က မမျှော်လင့်သောအခြေအနေကြောင့် ကြောင်ပြီးတော့ ကြည့်





ဆဲမှာပင် ဘထူးက ပြေးဝင်သွားပြီး နှမူးချင်း မှစ်တိုက်ထည့်
လိုက်သည်။

'ခွပ်'

''အား''

ထိုသူသည် နာကျင်မှုဝေဒနာကိုခံစားလိုက်ရပြီး မျက်
လုံးထဲမှာ မီးပါပွင့်ထွက်သွားခဲ့လေသည်။ ထို့ကြောင့် နေရာမှာတင်
ချာလည်လျက်ရှိနေသည်။ ပထမဆုံး ခံလိုက်ရသူတစ်ယောက်
က ဘထူးကို တုံ့ပြန်တိုက်ခိုက်ရန် ခါးကြားမှဓားမြှောင်ကို ဆွဲ
ထုတ်လိုက်သည်။ ထို့နောက် ဘထူးဆီ ပြေးဝင်လာပြီး ဓားနှင့်
ထိုးလိုက်လေရာ ...

'ထန်'

ဘထူးက လုံဖျားနှင့်ပင့်ပြီး ရိုက်ထည့်လိုက်သည်။ ထန်
ခနဲဆို အသံကြီးထွက်ပေါ်လာသည်။ မီးပွင့်ထွက်သွားသည်။
ကိုင်ထားသော ဓားမြှောင်သည် တဖြည်းဖြည်းနှင့် နီရဲလာ
သည်။ မီးဖုတ်ထားသော သံထည်ပမာ ရဲသထက်ရဲလာပြီး
လက်ကိုင်ရိုးအထိ ကူးစက်လာခဲ့သည်။

''အား''

လက်ကိုပါ အပူလောင်သွားသည်။ မခံနိုင်တော့၍ တင်း
ကျပ်အောင်ကာ ဓားကို လက်မှလွှတ်ချလိုက်လေသည်။ ဘထူး၏
ဒါးခေါင်းသတ္တဝါန် လုံသွားသည်လည်း နီရဲပြီးတက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



လုံ့သွားမှာကပ်နေသည့် အလုံးလေးသည်လည်း မီးကျီးခဲပမာ ရဲတက်လာသည်။ အခိုးအငွေ့များပင် ထွက်လာခဲ့လေသည်။ လုံး၏ထူးခြားမှုကို မြင်တွေ့လိုက်ရသောအခါ နှစ်ယောက်စလုံး ထိတ်လန့်သွားခဲ့ကြသည်။

[ယင်းအလုံးလေးသည် ဝံပုလွေရိုင်းကြီး၏ပါးစပ်မှ အန် ထွက်လာခဲ့ကာ လုံ့သွားတွင် လာကပ်နေခဲ့သည်။ ခွာထုတ်၍ မရတော့ပေ]

"ဟော့ ဟော့ကောင် ... ပြေး ပြေး"

အခြေအနေက မဟန်နိုင်တော့သည်မို့ ထွက်ပြေးကြသည်။ သို့သော် ခြံစည်းရိုးကိုမကျော်နိုင်မီမှာပင် ဘထူးက သူ တို့နှစ်ယောက်ကို လှံ့ရိုးနှင့် ရိုက်ချလိုက်သည်။

'ဖြောင်း'

'ဖြောင်း'

"အား"

"အား"

ဆူဆူညံညံအသံများကြောင့် အိမ်ထဲမှာ အိပ်ပျော်နေကြသော ဦးချစ်တင်နှင့် ဒေါ်လှအေးတို့သည်လည်း နိုးလာခဲ့ကြလေ၏။

"အပြင်ကအသံတွေ ကြားရတယ်၊ ::ားတစ်ယောက်တည်း အိပ်နေတာ ... ဘာဖြစ်သလဲ မသိဘူး"





"အေး ... မီးတိုင် မြန်မြန်ထွန်းစမ်းပါဟ"

တံခါးကို အမြန်ဖွင့်ကြသည်။ မီးရောင်အောက်တွင် မျှော်လင့်မထားမိသော အခြေအနေတစ်ခုကို တွေ့လိုက်ကြရသည်။

"ဟင်"

သတိလစ်ကာ လဲကျနေသော လူနှစ်ယောက်၊ ဘထူးက ထိုသူနှစ်ယောက်ကို ကြိုးများဖြင့် တုပ်နှောင်နေသည်။

"ဟဲ့ သား ... ဒါ ဒါ ဘယ်လိုဖြစ်တာလဲ၊ သူတို့က ဘယ်သူတွေလဲ"

"သူခိုးတွေ"

ဘထူးက ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"ဘုရား ဘုရား"

ဒေါ်လှအေးသည် သူခိုးတွေဆို၍ အထိတ်တလန့် ဖြစ်သွားပြီး ရင်ဘတ်ကိုလက်နှင့် ဖိထားလိုက်လေတော့သည်။

"မင်းတို့ ဘယ်ရွာကလဲ"

"ကန့်ပလူရွာကပါ"

"ဩော် ... ကန့်ပလူရွာက ... ဟုတ်လား၊ ဘထူးရဲ့ ခြံထဲကို ဝင်ပြီး ဘာလုပ်တာလဲကွ"

"ကျွန် ကျွန်တော်တို့"

"ပြောကြလေကွာ ... အကြောင်းစုံပါရမှ မင်းတို့ကို

www.burmeseclassic.com



ဘယ်လိုအရေးယူရမလဲဆိုတာ ဆုံးဖြတ်လို့ရမှာပေါ့''

သူကြီး ဦးကံပေါ်က သူတို့နှစ်ယောက်ကို ခပ်ငေါက်ငေါက်ပင် မေးလိုက်သည်။

''လုံ လုံလာခိုးတာပါ''

''ကောင်းကွာ . . . ရွာကျော်ပြီး သူများပစ္စည်းကို လာခိုးရတယ်လို့၊ မင်းတို့ဟာ တော်တော့်ကို အကျင့်ပျက်နေကြတာပဲ၊ အေး . . . ဒီတစ်ညတော့ မင်းတို့ကိုထားရမယ်၊ မနက်ကျမှ မင်းတို့ရွာကို ပြန်ပို့ပေးမယ်''

ထိုသူနှစ်ယောက်ကို ထိတ်တုံးခတ်ထားလိုက်လေသည်။ စမ်းပေါက်ရွာသားများသည် ဘထူးနှင့်အတူ သူကြီး၏အိမ်တွင် စုရုံးနေကြသည်။ သူခိုးနှစ်ယောက်အကြောင်းကို ပြောနေကြသည်။ ပြီးတော့ ဘထူး၏လုံအကြောင်း။

''ဒီလုံက သူ့ကို အထိမခံဘူးကွ၊ ပြဿနာတစ်ခုဖြစ်ပြီဆိုရင် တစ်ဖက်သားကို ထိထိရောက်ရောက် ထိုးနှက်တော့တာပဲ၊ ဘထူး ဒီလုံကို ပိုင်ထားတာ ကံကောင်းတယ်''

''ကျုပ်တို့ရွာအတွက်လည်း ကောင်းတာပါပဲဗျာ၊ တော်တော်အစွမ်းထက်တဲ့လုံပဲ''

ဘထူးသည် ရွာသားများကြားတွင် ကြာကြာမနေဘဲ ထွက်လာခဲ့သည်။ ဤလုံနှင့်ပတ်သက်ပြီး သူ့ကိုမေးမြန်းကြလိမ့်ဦးမည်။ သူ့မှ ပြောစရာမရှိ၊ မဖြေတတ်။





နောက်တစ်နေ့နံနက်တွင် ထိုသူနှစ်ယောက်ကို သူကြီးဦးကံပေါ်က ဦးဆောင်ပြီး ရွာသားများနှင့်အတူ ကန့်ပလူရွာသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ထိုရွာမှ သူကြီးနှင့်ရွာသူကြီးများထံ အကျိုးအကြောင်းကို ပြောပြကာ အပ်နှံလိုက်လေသည်။ ကန့်ပလူရွာသူကြီးနှင့် လူကြီးများကလည်း ကျေးဇူးတင်ကြောင်း အထပ်ထပ် အခါခါပြောသည်။

''ခုလိုလာပြီး အပ်နှံတာ ကျေးဇူးပါပဲဗျာ၊ ကျွန်တော်တို့သည်း သူတို့ကို ထပ်ပြီးတော့ အရေးယူပါဦးမယ်''

ရွာသူကြီးက ကျေးဇူးစကားဆိုသည်။

''အေးဗျာ . . . နောက်ကို ဒီလိုမဖြစ်ပါစေနဲ့''

ထို့နောက် သူကြီးဦးကံပေါ်နှင့် ရွာသားများသည်လည်း နှုတ်ဆက်ကာ ပြန်လာခဲ့ကြလေသည်။

✡

''အင်း . . . လူတွေက ဒီလုံကို တော်တော်စိတ်ဝင်စားနေကြတာပဲ၊ ရွာကျော်ပြီး ဒီအထိတောင် လာခိုးရတယ်လို့''

ဒေါ်လှအေးက သားဘထူးအတွက် စိုးရိမ်နေမိသည်။

''အေးကွာ . . . ဒါဆို ဒီလုံရဲ့သတင်းဟာ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



လေးကို ပျံ့နှံ့နေပြီ၊ နောက်ထပ် ဒီလိုအခြေအနေမျိုး ထပ်မကြုံတွေ့ရဘူးလို့ မပြောနိုင်ဘူး သားရေ၊ ရှေ့ဆက်ပြီးတော့ သတိကောင်းကောင်းထားရတော့မယ်''

''အဖေရာ . . . ကျွန်တော်က ဒီလိုစိန်ခေါ်တာမျိုးကို သဘောကျတယ်''

''ဘာ . . . ဘယ်လိုပြောလိုက်တယ်သား။ စိန်ခေါ်တာမျိုးကို သဘောကျတယ် . . . ဟုတ်လား''

''ဟုတ်တယ် အဖေ . . . အဲသလို လုံကိုစိတ်ဝင်စားပြီး အလစ်သုတ်ဖို့လာတဲ့သူတွေ ရှိမှပဲ ကျွန်တော်လည်း လုံကစားလို့ရမှာပေါ့။ ဒါမှမဟုတ် လုံကိုအသုံးမချဘဲ ဒီအတိုင်းထားထားရတာ အဓိပ္ပာယ်မဲ့နေသလိုပဲ''

''ဒါပေမဲ့ အန္တရာယ်များလှပါတယ် သားရယ်၊ အမေကတော့ ဒီလုံကိစ္စကြောင့် ဘယ်သူနဲ့မှ အချင်းမများစေချင်ဘူးကွယ်၊ သတိကြီးကြီးထားရလိမ့်မယ်''

''စိတ်ချပါ အမေရာ . . . သားကစပြီး ဘယ်သူနဲ့မှ ရန်သတ္တရု မဖြစ်စေရပါဘူး၊ အဲ . . . ရပ်ရွာကိုစော်ကားလာခဲ့မယ်ဆိုရင်တော့ တုံ့ပြန်ရမှာပဲ၊ အကြောင်းမဲ့သက်သက်တော့ ရန်မလုပ်ပါဘူးဗျာ၊ ကျွန်တော်က ဒီလိုစိတ်မျိုးရှိခဲ့ရင် ဒီလူနှစ်ယောက် အသက်နဲ့ခန္ဓာကိုယ်မြဲပြီး သူ့ရွာကို ပြန်ရောက်သွားကြမှာ မဟုတ်ဘူး''





ဘထူးသည် အဆင်ခြင်ကင်းမဲ့သူ မဟုတ်ပေ။ လုံတစ်ချောင်းနှင့် မြင်မြင်ရာကို တိုက်ခိုက်တတ်သောသူလည်း မဟုတ်။ ထို့ကြောင့် ဤအတွက်တော့ သူ့ကို စိတ်ချရသည်။

တစ်ရက်တွင် သတင်းတစ်ခုက သူတို့ဆီကိုရောက်လာခဲ့သည်။

''ဟော့ . . . ဂျပန်တွေ ငါတို့နယ်ဘက်ကို ရောက်လာနေပြီတဲ့''

ထိုသတင်းသည် မိမိတို့၏ရွာမှာသာမက အခြားသောရွာများသို့ပင် ပျံ့နှံ့သွားခဲ့လေသည်။

''ဒီကောင်တွေဟာ လူကို လူလို့မထင်ဘူး။ တိရစ္ဆာန်တွေလို သဘောထားပြီး နှိပ်စက်ကြတယ်၊ ရိက္ခာအတွက် ကျွဲ၊ နွား၊ ဝက်တွေလည်း ဆွဲလိုဆွဲနဲ့ မိန်းမပျိုလေးတွေကိုလည်းဖမ်းပြီး သားမယားအဖြစ် ပြုကျင့်တတ်ကြတယ်တဲ့ . . . သတိထားကြ''

လူကြီးတွေက သတိပေးကြသည်။ ဖက်ဆစ်ဂျပန်ဟူသောအသံကို ကြားလိုက်ကြရသည်နှင့် အားလုံးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ကြရသည်။ သူတို့သည် ဖက်ဆစ်များ၏ လူမဆန်သော ရက်စက်ကြမ်းကြုတ်မှုကို သိထားကြသည် မဟုတ်ပါလား။

''ကိုဘထူး . . . ဒီဂျပန်တွေ ရွာဘက်ကိုရောက်လာရင် ဘယ့်နှယ်လုပ်မလဲ''



www.burmeseclassic.com

www.burmeseclassic.com



မွှေးက· ဘထူးကို အားကိုးတကြီးဖြင့်မေးသည်။

"သတိတော့ထားရမှာပဲ၊ ဒီကောင်တွေက မိန်းကလေး တွေကိုမြင်ရင် ဆွဲတတ်တယ်"

"ဟင် . . . ဟုတ်လား၊ ကြောက်စရာကြီး၊ ဒီလိုလုပ်လာ ရင် ဘယ်လိုကာကွယ်ကြမလဲဟင်"

"ကာကွယ်ဖို့ကတော့ ဟော . . . ဟိုမှာ"

"အောင်မယ်လေး"

မွှေးသည် လန့်အော်လိုက်ကာ ဘထူးကို တင်းကျပ်စွာ ပင် ဖက်ထားမိလိုက်လေသည်။

"ဘာဖြစ်တာလဲ မွှေးရဲ့"

"ဟို ဟို . . . ဂျပန် ဂျပန်တွေ"

"မဟုတ်ပါဘူး . . . ဘယ်ကဂျပန်တွေရမှာလဲ"

"ဟင်"

မွှေးက ဘထူး၏ရင်ခွင်ထဲမှ ရုတ်တရက်ရုန်းထွက်လိုက် ပြီး . . .

"ကို ကိုဘထူးကလည်း ဟော ဟိုမှာဆို . . . မွှေးက ဂျပန်တွေ ရောက်လာကြပြီလားလို့"

"မဟုတ်ပါဘူး . . . ဟော ဟိုမှာဆိုတာ ငှက်ကလေး တစ်ကောင် ချုံထဲကို ပြေးဝင်သွားတာကို ပြမလို့"

"သွား . . . ကိုဘထူးကြီးကလည်း ဘာမှန်းလည်းမသိ





ဘူး၊ လူကို ထိတ်ခနဲ ဖြစ်သွားတာပဲ"

"မွှေးက ဒီဂျပန်ကောင်တွေကိုပဲ စိတ်ထဲမှာ စွဲနေတာ ကို"

"ကိုဘထူးကြီးနော်၊ တမင်လုပ်လိုက်တာ မဟုတ်လား . . . သိတယ်"

"ဪ . . . မွှေးကလည်း သူတော်ကောင်းကို ပြစ်မှား မိမယ်၊ ငရဲကြီးလိမ့်မယ်နော်"

ဘထူးသည် အစက မိန်းကလေးတွေကို စိတ်မဝင်စား။ အမေးထူးခေါ်ပြောလောက်အထိပဲ ဆက်ဆံသည်။ သို့သော် အချိန် ကြာန်လာတော့လည်း ဖူးစာရေးနတ်က အောင်သွယ်ပေးခဲ့သည်။ ထူးရှားပါးပါးအဖြစ်အပျက်တစ်ခုကြောင့် မွှေးနှင့် နှလုံးသားချင်း ငြိစပ်ခဲ့ရသည်။

ယင်းကား ဝက်ဝံကြီး၏လက်မှ မွှေးကို ကယ်တင်ပေးခဲ့ သည့်အခြေအနေက အစပြုခဲ့ခြင်းပင်တည်း။

"နာမည်က ဘထူးတဲ့ . . . တင်စီးလိုက်တာ၊ အဘလို့ ခေါ်ရင် ထူးမယ့်လူတဲ့ . . . ဟွန်း"

မွှေးက ဘထူးကို မျက်စောင်းလေးခဲကာ ပြောသည်။

"ဒီနာမည်မျိုးက ဘယ်သူပဲခေါ်ခေါ် အရိုအသေကင်းပြီး သား၊ ကိုယ်က မွှေးထက်ကြီးတယ်၊ အဲဒီတော့ ပြင်ပြီး ခေါ်စရာ မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟို . . . ဘာဘာလို့ခေါ်မယ်လေ၊ အဲဒါမှ အသက်ကြီး တာ ပိုပြီးတော့ ထင်ရှားသွားတာပေါ့ . . . ခစ် ခစ် ခစ်"

မွေးက သူ့အပြောကို သဘောကျကာ ရယ်နေသည်။

"မဆိုးပါဘူး၊ မွေးကို ဟိုဝက်ဝံကြီးကတောင် လိုက် ကြိုက်တယ်၊ ကံထူးတာပေါ့၊ ကိုယ်က ဝက်ဝံကြီးရဲ့လက်ထဲက မွေးကို လုယူလိုက်ရတာ၊ နောက်တော့ ဇာတ်လမ်းတွေ ဖြစ်လာ ခဲ့ရတာပဲ"

"တော်ပါ . . . ဒီဝက်ဝံကြီးအကြောင်း ထပ်မပြောပါနဲ့ တော့၊ ကျောချမ်းလွန်းလို့၊ မွေးလည်း နာဘူးတိရွှာန်ကြောင့် ရွာထဲမှာ အရှက်ကွဲရော"

"မွေးက ချောတာကိုး၊ ဒါကြောင့်မို့ သူ့ခမျာ အသက် စွန့်ပြီး လိုက်လာခဲ့ရတာ"

"တော်ပါ"

ရယ်မိကြလေသည်။

✲ ✲ ✲





# အခန်း [၉]

## အ လင်း ဝံ ကြ ရ သူ များ ၏ နောက် သို့

ဖက်ဆစ်ဂျပန်များသည် မြန်မာ့တပ်မတော်၏ ထိုးစစ်၊ ဘော်လှန်ရေးသမားတို့၏ တိုက်ခိုက်မှုကြောင့် ဆုတ်ခွာကာ ပြေးလာခဲ့ကြရသည်။ သူတို့သည် ရွာစဉ်ဆက်တိုက်ဝင်ကာ ရွာ သားများကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ကျွဲ နွားများကို သတ်ကာ ရိက္ခာအဖြစ် ယူဆောင်သွားခဲ့ကြလေသည်။

စမ်းပေါက်ရွာသည်လည်း ထိုသတင်းကို ကြိုတင်၍ ကြားသိခဲ့ကြသည်။ ထို့ကြောင့် ရွာမှ မိန်းမပျိုများ၊ အမျိုးကောင်း သားသမီးများနှင့် အရွယ်ကောင်းသောယောကျ်ားများကို လွတ်ရာသို့ ခေတ္တရှောင်တိမ်းစေသည်။ သူတို့ရွာကို မဝင်ဘူးဟု မပြောနိုင်။ ထင်သည့်အတိုင်းပင် တစ်ရက်တွင် ဖက်ဆစ်ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



များသည် စမ်းပေါက်ရွာသို့ရောက်လာခဲ့ကြလေသည်။

"တော်လှန်ရေးတပ်သားရှိသလား။ စစ်တပ်ကို သတင်းပေးတဲ့သူ ရှိသလား"

ဟု မထင်လျှင်မထင်သလို ပါးရိုက်နားရိုက်နှင့် စစ်ဆေးမေးမြန်းကြသည်။ ဝက်များကိုသတ်သည်၊ အသားများကိုဖျက်ကာယူသည်။ ကြံသကာ၊ မြေပဲကအစ ဆီပုံးများကိုလည်း ယူသည်။ ရွာတွင် လူနည်းနေ၍ သက်ကြမ်းကင်းဖြစ်ပြီး ကျန်သည့်လူများကို နှိပ်စက်ညှဉ်းပန်းကြသေးသည်။ ထို့နောက် သူကြီးဦးကံပေါ် အပါအဝင် ရွာမှလူကြီးအချို့ကိုဖမ်းဆီးကာ ခေါ်ဆောင်သွားခဲ့ကြသည်။

ယင်းအချိန်တွင် ဘထူးနှင့်ကျန်ရွာသားများမှာ မိမိတို့၏ရွာသားအချို့ကို လုံခြုံသောနေရာများဆီသို့ ပို့ဆောင်နေစဉ်နေရာချထားပြီးခါစပဲ ရှိသေးသည်။ ရွာမှ ဆက်သားတစ်ဦးက အပြေးအလွှားပင် ရောက်လာခဲ့သည်။

"ဘထူး . . . ရွာထဲကို ဂျပန်တွေရောက်လာတယ်၊ နွားတွေ ဖမ်းသွားတယ်၊ ဝက်တွေကိုလည်း သတ်ပြီး ယူသွားခဲ့ကြတယ်၊ လူတွေကိုလည်း ပါးရိုက်တယ်၊ ပြီးတော့ သူကြီးနဲ့ရွာလူကြီးတချို့ကိုလည်း ဖမ်းသွားခဲ့ကြတယ်"

"ဟင် . . . ဟုတ်လား။ ဒီမိစ္ဆာကောင်တွေ ငါတို့ရွာကိုအစောကြီး ရောက်လာခဲ့တာကိုး၊ ငါတို့လည်း ဒီမှာ လူတွေကို





နေရာချပေးနေတာကွ၊ တော်သေးတာပေါ့ကွာ . . . ဒီက မိန်းကလေးတွေရော, ရွာသားတွေရော လက်မတင်ကလေး လွတ်လာကြလို့ ဒါနဲ့ သူကြီးနဲ့ရွာသားတွေ ဘယ်နှယောက်ပါသွားကြသလဲ၊ ဘယ်ကိုခေါ်သွားကြသလဲ"

"ကင်းစုန်းတောကြီးထဲကို . . . အားလုံး ငါးယောက်ပါသွားကြတယ်"

"ဟ . . . ဒီကောင်တွေ အဲဒီဘက်ကိုသွားပြီး ဘာလုပ်ကြမှာလဲ၊ မဖြစ်ဘူး . . . သူကြီးနဲ့ လူကြီးတွေကို သွားကယ်ကြရမယ်၊ ဒီသတ္တဝါတွေက စိတ်မထင်ရင် လမ်းမှာသတ်သွားခဲ့ကြမှာ . . . အရေးကြီးတယ်၊ ကဲ . . . လိုက်မယ့်သူ ဆယ်ယောက်လောက် ထွက်လာခဲ့ကြပါ"

ထိုအခါ ဖျတ်လတ်တက်ကြွသော ရွာသားဆယ်ယောက်က ထွက်လာခဲ့ကြလေသည်။ မွှေးသည် ထိုသတင်းကြောင့် သူတို့ဆီကိုရောက်လာခဲ့သည်။

"ကိုဘထူး . . . ဂျပန်တွေ ရောက်လာကြပြီ . . . ဟုတ်လား။ မွှေး မွှေးတို့ဆီကိုများ . . ."

"မပူနဲ့ မွှေး . . . သင်းတို့ ဒီကိုရောက်လာကြဖို့ အခြေအနေက မပေးတော့ဘူး။ မြန်မာတစ်နိုင်ငံလုံးက သူတို့ကို တော်လှန်ကုန်ကြပြီ၊ ခုလည်း သူတို့ပြေးနေကြရတာ၊ ခု ကင်းစုန်းတောကြီးထဲမှာတဲ့၊ သူကြီးနဲ့ ရွာလူကြီးတွေကိုလည်း ဖမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီ၊ ခု လိုက်ကြမလို့''

''ဟင် . . . ဟုတ်လား၊ အားလုံးသတိထားပြီးတော့ သွားကြပါနော်''

မွေးက စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။ ဘထူးသည် ကျန်ရစ်ခဲ့ကြမည်။ ရွာသားအချို့ကို ခေါ်ကာ . . .

''ကဲ . . . ခင်ဗျားတို့က ဒီကလူတွေကို ဂရုစိုက်ပါ၊ တကယ်လို့ ဒီမိစ္ဆာကောင်တွေရဲ့ အရိပ်အယောင်ကို မြင်ကြရင်လည်း အတတ်နိုင်ဆုံး ရှောင်တိမ်းကြပြီး ကာကွယ်စောင့်ရှောက်ကြပါ''

''ကောင်းပါပြီ . . . မင်းတို့သာ သတိထားပြီးတော့ သွားကြပေတော့၊ ဒီမှာ ကျန်ခဲ့တဲ့သူတွေအတွက်တော့ မပူနဲ့ကွာ''

''ကဲ . . . ဒါဆို သွားကြမယ်''

ဘထူးနှင့်ရွာသားအချို့သည် ထိုနေရာမှ ထွက်သွားခဲ့ကြလေသည်။

✡

ဖက်ဆစ်ဂျပန်များသည် သူကြီးဦးကံပေါ်နှင့် ရွာလူကြီး





ဦးကို ဖမ်းဆီးကာ ခေါ်ဆောင်သွားကြသည်။ ကင်းစုန်းတောကြီးအကြောင်းကို သူတို့ မသိကြ။ မြန်မာ့တပ်မတော်၏ ထိုးစစ်နှင့် တော်လှန်ရေးသမားများ၏ရန်ကို ရှောင်တိမ်းရန်အလို့ငှာ တောဆိုလျှင် ပြီးရောသဘောဖြင့် ဝင်လာခဲ့ကြသည်ပဲလား။ ဤတောသည် သူတို့ကို အကာအကွယ်ပေးနိုင်လိမ့်မည်ဟု ထင်သားကြလေသလား။ နွားအရှင်များကိုလည်း ဖမ်းလာခဲ့ကြလေသည်။

''ဟေ့ . . . ဒီကောင်တွေ ငါတို့ကို စားစာခံအနေနဲ့ ဖမ်းလာတာ အကျိုးမရှိဘူး၊ သက်သက်မဲ့ ထွက်ခတ်ခတ်နေကြတာကွ၊ သေမယ့်ကောင်တွေ''

သူကြီးဦးကံပေါ်က အနားမှ ရွာသားတစ်ဦးကို လှမ်းပြောလိုက်သည်။ ရှေ့မှာသွားနေသော ဂျပန်ဗိုလ်မှူးအဆင့်ရှိသော လူတစ်ယောက်က ကြားသွားခဲ့လေရာ နောက်ကိုပြန်လှည့်လာပြီး . . .

''ခူးရကား''

'ဖြန်း . . ဖြန်း'

သူကြီးဦးကံပေါ်၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်လိုက်သည်။ အတူပါလာကြသော ရွာသားသုံးယောက်တို့သည်လည်း အဆစ်ပါသွားခဲ့ကြလေသည်။

'ဖြန်း . . ဖြန်း . . ဖြန်း'



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဓာစောက သူ့နေရာကို ပြန်လျှောက်သွား
သည်။ ဦးကံပေါ်သည် ထို ဖက်ဆစ်ကောင်ကို မုန်းတီးသောစိ
ဖြင့် ကြည့်လိုက်ပြီး ...

"လုပ်ထားဦးပေါ့ကွာ ... မင်းတို့တွေ ငါတို့မြေပေါ်
အသက်ရှင်လျက်နဲ့ ပြန်ထွက်မသွားစေရဘူး"

ဟု စိတ်ထဲမှကြိမ်းဝါးလိုက်လေသည်။ ထို့အပြင် သူ
ကို ဂျပန်တွေက ဖမ်းခေါ်လာခဲ့သည့်အခြေအနေကို ဘထူး
သိလောက်ပြီဖြစ်သည်။ ထို့ကြောင့် သည်အတိုင်းနေကြမှာတော
မဟုတ်။ ခုလောက်ဆို လိုက်လာလောက်ကြပြီ။ ရန်သူအင်အ
သည် ဆယ့်ငါးယောက်လောက်ပဲရှိသည်။ ဗိုလ်အဆင့်နှ
အကြပ်တစ်ယောက်လည်း ပါလာသည်။

သူတို့အားလုံးသည် ဖျတ်လတ်တက်ကြွခြင်းမရှိ
တော့။ ခွေးပြေးဝက်ပြေး ပြေးလာရ၍ စိတ်ဓာတ်လည်းကျဆ
နေကြသည်။ သူတို့လူအချို့လည်း လမ်းမှာ ကျကျန်ရစ်ခဲ့
ဟန်တူသည်။ ထို့ကြောင့် ဂျပန်ဗိုလ်မှူးသည် ဦးကံပေါ်တို့
ရှုံးမဲမဲနေဟန်တူသည်။

ယင်းအချိန်တွင် ဘထူးနှင့်ရွာသားများသည် ကင်းစု
တောကြီးထဲကို ရောက်လာခဲ့ကြသည်။ ဂျပန်တွေ မည်သ
လမ်းကြောင်းက ဝင်လာခဲ့ကြသည်ကို သတင်းရပြီးဖြစ်သည
ထို့ကြောင့် ဖြတ်လမ်းကနေ ဝင်လာခဲ့ခြင်းပင် ဖြစ်သည်။ ဘထ





ကိုယ်ပေါ်တွင် ဓားတစ်လက်ကို ဓားအိမ်ထဲထည့်ကာ လွယ်
ထားသည်။ လက်မှာလည်း လှံကိုကိုင်ထားသည်။

"ဒီကောင်တွေ မလွဲမသွေ ဖြတ်လာခဲ့ရမယ့်လမ်းက
လောက်ဆွဲဘက်ကို လမ်းကြောင်းက သတ်နေတယ်"

အားလုံး ထိုနေရာဆီကို ပုန်းလျှိုးကွယ်လျှိုးနှင့် လှုပ်ရှ
ကာ ထွက်သွားခဲ့ကြသည်။

✡

ဖက်ဆစ်ဂျပန်တို့သည် အခြားရွာသားနှစ်ဦးကိုလည်း
ရှက်နက်ကာ လမ်းပြအဖြစ် ခေါ်လာခဲ့ကြသည်။ သူတို့သည်
ကင်းစုန်းတောထဲမှတစ်ဆင့် အနောက်ရိုးမဆီကိုရောက်အောင်
သွားကြမည်။ ထိုလမ်းပြနှစ်ဦးသည်လည်း ခေါ်၍သာ လိုက်ပါလာ
ရသည်။ ကင်းစုန်းတော၏အကြောင်းကို မသိ။ ဂျပန်နှစ်
ယောက်က ပေကတ်ကတ်လုပ်နေသော နွားနှစ်ကောင်ကို သစ်
ကိုင်းခြောက်များဖြင့် တဘုန်းဘုန်းနှင့် လိုက်ကာခေါ်လာခဲ့ကြ
သည်။

ဘထူးနှင့်ရွာသားများသည် ခလောက်ဆွဲဘက်ကိုရောက်
ကြလေပြီ။ ချုံ၊ ကမူ၊ သစ်ပင်ကြီးများ၏ အကာအကွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ကာ စောင့်ကြည့်နေကြသည်။ ရွာသားတစ်ယောက်သည် မြင့်မားသည့် သစ်ပင်ကြီးတစ်ပင်ပေါ်ကို တက်သွားသည်။ သစ်ပင်ထိပ်ဖျားမှနေ၍ အခြေအနေကို ဆီးပြီးတော့ ကြည့်နေလေသည်။ သိပ်မကြာလိုက်ပါ။ ခလောက်ဆွဲလမ်းကြောင်းအတိုင်း တလှုပ်လှုပ်နှင့်လာနေသော လှည်းတစ်စုကို တွေ့လိုက်ရသည်။ ဂျပန်တွေမှန်း သေချာသည်နှင့် ...

'ကျီ ကျီ ကျလိ ... ကျီ ကျီ ကျလိ'

သစ်ပင်ပေါ်မှနေ၍ ငှက်တစ်မျိုး၏အော်သံ ပေးလိုက်လေသည်။

"ဟ ... အပင်ပေါ်က အချက်ပေးနေပြီ၊ ငပုတွေ လာနေပြီ"

အားလုံး သွေးပူသွားခဲ့ကြသည်။ ထို့ကြောင့် လှုပ်လှုပ်ရှားရှား မလုပ်ကြတော့၊ ငြိမ်သွားကြကာ အခြေအနေကို စောင့်ကြည့်နေကြလေသည်။ မကြာမီ တောတိုးသံ၊ နွားများနှာမှုတ်သံ၊ ခြေသံများကို ကြားလိုက်ကြရသည်။ တစ်ခဏအကြာတွင် အဝေးမှလာနေကြသော သဏ္ဍာန်များကို မြင်လိုက်ကြရသည်။ ရှေ့ဆုံးမှ ရွာသားနှစ်ယောက်။ [မိမိတို့ရွာသားများ မဟုတ်ကြ၊ လမ်းပြများ ဖြစ်ကြသည်။]

ဖက်ဆစ်ဂျပန်နှစ်ယောက်နောက်မှ ဗိုလ်မှူး၊ သူ့နောက်မှာတော့ သူကြီးဦးကံပေါ်နှင့် ရွာလူကြီးများ၊ ဂျပန်စစ်သားများ





…နှံအတူ နွားများ၊ ရွာထဲမှာ ဝက်များကိုသတ်ပြီး ပေါ်လာသော အသားများကို ငှက်ပျောဖက်များနှင့်ထုပ်ကာ နွားသုံးကောင်ပေါ်မှာ ခွပြီးတင်လာခဲ့ကြသည်။

"ဟော့ ... ဟိုမှာ လာနေကြပြီကွ၊ သူကြီးနဲ့ရွာလူကြီး…တွေကို ဖမ်းလာကြတယ်၊ သူတို့ကို မထိခိုက်အောင်ကာယ်ရမယ်"

ဘထူးက အသက်ငယ်ပေမယ့် ဦးဆောင်မှုရှိသည်။

"လက်နက်တွေက ကိုယ်စီပဲ၊ ဒီကောင်တွေကို လေး…က်လေးတန်က ညှပ်ပြီး အလစ်မှာ ဝင်ချမှရမယ်"

"ဟုတ်တယ်"

သူတို့သည် ထိုကဲ့သို့ ပွဲမတိုးကြဖူးသော်လည်း မြန်မာ…သောစိတ်ဓာတ်ဖြင့် သွေးပွက်ပွက်ဆူနေကြသည်။ လက်ယား…နေကြသည်။ ငါတို့မြေ, ငါတို့နေရာကို မတရား ကျူးကျော်ဝင်…ရောက်ပြီး အမျိုး ဘာသာ သာသနာကို စော်ကားနေကြသူများ၊ …တ်မာရက်စက်ကြသူများဟူသော အသိက မျိုးချစ်စိတ်ကို …ပြီးတော့ အရောင်တင်ပေးသလို ရှိနေကြသည်။

ရန်သူများသည် တဖြည်းဖြည်းနှင့် နီးလာခဲ့ကြလေပြီ။ …သူများသည် မိမိတို့ကို တိုက်ခိုက်ကြမည့်သူများက ရှေ့တွင် …ဆင်သင့်စောင့်နေကြသည်ကို မသိ၊ မမြင်နိုင်ကြ။ ဘထူးတို့…ည် မည်သို့မည်ပုံ တိုက်ခိုက်ကြမည်ကို ကြိုတင်ညှိနှိုင်းထားကြ…ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ထိုသူများက အနားသို့ရောက်လာခဲ့ကြသည်နှင့် ...

''တိုက်''

ဘထူး၏နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသောအသံဖက်ဆစ်ဂျပန်များက အထိတ်တလန့်ဖြစ်သွားခဲ့ကြသည်။ တစ်ပြိုင်တည်းမှာပင် ရွာသားများသည် အကာအကွယ်များမှ ထွက်ကာ ပြေးဝင်သွားခဲ့ကြလေသည်။ မထင်မှတ်သောအခြေအနေမို့ ရန်သူများသည် ကြောင်ပြီးတော့ ကြည့်နေမိကြသည်။ သို့သော် ...

'ဗုဇ် ... ရှပ်'

အား''

လူချင်း အတင်းဝင်လုံးပြီး ခုတ်ပိုင်းကြသည်။ တကယ်တမ်း ရင်ဆိုင်တွေ့ကြရပြီဆိုသောအခါ ပြတ်သားကြသည်။ ရန်သူများကား ငှက်ပျောပင်များကို ဓားထက်ထက်နှင့် ပိုင်းဖြတ်လိုက်သကဲ့သို့ပင်တည်း။ အနီးကပ် လျှပ်တစ်ပြက် ဝင်လုံးကြသည်မို့ ပြန်ပြီးခုခံဖို့ အချိန်မရကြ။ ဘထူးသည် လှံတစ်ဖက် ဓားတစ်ဖက်။ သေနတ်တပြင်ပြင်ဖြစ်နေသော ရန်သူတစ်ယောက်ကို ဓားဖြင့် ပိုင်းချလိုက်သည်။

'ဗုဇ် ... ရှပ်'

''အား''





ဂျပန်ဗိုလ်မှူးသည် သူတို့အတိုက်ခိုက်ခံရပြီးကို သိလိုက်၏။ ခါးကြားထဲမှ သေနတ်ကိုဆွဲထုတ်ကာ မည်းမည်းမြင်ရာကို ပစ်တော့မည်အပြု ...

'ဖတ်'

သေနတ်သည် လက်ထဲမှ လွင့်ထွက်သွားသည်။ ဘထူးက ပြေးဝင်လာပြီး ကန်ထည့်လိုက်ခြင်းပင်။ တစ်ဆက်တည်းမှာပင် ဓားနှင့်ပိုင်းချလိုက်သည်။ ဂျပန်စစ်ဗိုလ်ကလည်း လျင်သည်။ ခေါင်းကိုငုံ့ကာ ရှောင်တိမ်းလိုက်သည်။ ဖော်ပြတ်မည့်အခြေအနေမှ သီသီလေး ကပ်လွဲသွား၏။

ဂျပန်အရာရှိကို လျှော့တွက်၍မရ။ သင်းက ကိုယ်လုံ့ပညာတတ်ပုံ ရသည်။ ဘထူးသည် နောက်တစ်ချက် ဓားနှင့်ပိုင်းအချလိုက်မှာ သည်လိုပဲ ရှောင်တိမ်းသွားသည်။ သို့သော် လက်ထဲရှိ ဓားကြီးနှင့် ဘထူးကို ဝမ်းဗိုက်မှရုပ်ကာ ဖြတ်ခုတ်လိုက်သေးသည်။

ဘထူးသည် ဝမ်းကိုရှုပ်ကာ ဖျတ်ခနဲဆို ခုန်ရှောင်ကာ ထွက်သွားသည်။ ဂျပန်ဗိုလ်မှူးက ဒေါသနှင့်ပြေးလိုက်လာသည်။ ဘထူး မြေပေါ်ကိုပြန်အကျတွင် လှံသွားက မြေပြင်ကိုထောက်မိသွားသည်။ ထိုအခါ မည်သို့ဖြစ်သလဲမသိ မြေပြင်သည် ရုတ်တရက် သိမ့်သိမ့်ခါသွားသည်။ ဖုန်လုံးကြီးကလည်း ထောင်းခနဲဆို ထလာခဲ့လေသည်။ အရှိန်ဖြင့်ပြေးဝင်လာခဲ့သော ဂျပန်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှုုးသည် ဖုန်လုံးကြီးထဲကိုရောက်သွားပြီး မားနှင့်ပိုင်းချလိုက်သည်။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

သို့သော် မားက လေကိုသာ ခုတ်မိသွားသည်။ ဖုန်လုံးများ ပြယ်သွားသောအခါ ဘထူးမရှိတော့။ ထိုနေရာတွင် မြေဇာများသာ ကျန်ရစ်ခဲ့သည်။ အံ့အားသင့်သွားမိသည်။ ဘယ်ရောက်သွားပြီးလဲ။ ထို့နောက် သူ့လူတွေကို စိတ်မချ၍ ပြေးသွားသည်။ ဝင်ရောက်တိုက်ခိုက်ကြသော ရွာသားများသည် သူကြီးဦးကံပေါ်တို့ကို တုပ်နှောင်ထားကြသည်။ လက်ပြန်ကြိုးများကို ဖြုတ်တောက်ပေးလိုက်ကြသည်။ ထို့နောက် တစ်နေရာကို ဆွဲခေါ်သွားခဲ့ကြလေသည်။ ဖက်ဆစ်ဂျပန်များကလည်း မိမိတို့၏ အသက်ကို အချည်းနှီး အသေမခံဘဲ ပြန်လည်၍ တိုက်ခိုက်ကြသည်။

နွားတွေလည်း လန့်ပြီးတော့ ထွက်ပြေးကုန်ကြသည်။

* * *



# အခန်း [၁၈]

## မြွေသမားပြဲ

စောစောက ပျောက်သွားသော ဘထူးသည် တိုက်ပွဲဖြစ်ရာဆီကို ပြန်ပြီးတော့ရောက်နေသည်။ သူသည် ဖုန်လုံးကြီးများ၏ကြားမှာ ပေါ်လာခဲ့ခြင်းပင်ဖြစ်သည်။ ဘထူး မည်သို့မည်ပုံဖြစ်သွားခဲ့သည်ကို ရွာသားများပင် မသိလိုက်။ ဂျပန်တစ်ယောက်က တစ္ဆေတစ်ကောင်လို ပေါ်လာသော ဘထူးကို အံ့အားသင့်နေစဉ်မှာပဲ ...

'ဝှစ် ... ရွပ်'

''အား''

ဘထူး လက်ဦးသွားသည်။ ဂျပန်ဗိုလ်မှူးသည် ဘထူးကို မျှော်လင့်ဘဲ ပြန်တွေ့လိုက်သည်။ လုံတစ်ဖက်၊ ဓားတစ်လက်



www.burmeseclassic.com

www.burmeseclassic.com



ခြင့်လှကို အံ့မြင်မမှာ။ သူ့ရှေ့မှာပျောက်သွားပြီးမှ ဤနေရာသို့ မည်သို့ရောက်နေသည်ကို သူ အံ့အားသင့်နေမိသည်။

တိုက်ပွဲကြားထဲသို့ ဂျပန်ဗိုလ်မှူး ပြန်ဝင်မလာမီ ဘထူးကပင် ခုန်ဝင်သွားသည်။ ဒေါသကြီးနေသော ဂျပန်ဗိုလ်မှူးသည် နှုတ်မှ ကြမ်းတမ်းသောစကားဖြင့် ဆဲရေးတိုင်းထွာလိုက်သည်ဟု ထင်မိလိုက်သည်။ ဓားကို အဆက်မပြတ် ဝှေ့ယမ်းကာ ဘထူးထံ တိုက်ခိုက်သည်။

'ထန် ထန် ထန်'

ဘထူးကလည်း ပြန်ပြီးတော့ တိုက်ခိုက်သည်။ ဂျပန်ဗိုလ်မှူးက ဒေါသကြီးလွန်း၍ တိုက်ခိုက်မှုက ပိုပြီးတော့ ကြမ်းတမ်းသည်။ ဘထူးမှာ သူ့ကိုမထိခိုက်စေရန် သတိထားပြီးတော့ ကာကွယ်နေရသည်။ တစ်ကြိမ်တွင် ရန်သူ၏ဓားသည် ဘထူး၏ ဘယ်ဘက်မှ လျှပ်တစ်ပြက် ဝင်လာခဲ့လေရာ လက်မှာကိုင်ထားသော လှံဖြင့် ရိုက်ထုတ်လိုက်ရသည်။

'ဖြောင်း'

ထိုအခါ လှံများနှင့်ဓားသွား ပြင်းထန်စွာပင် ထိခိုက်မိသွားသည်။ မီးပွင့်ထွက်သွားကာ လှံသွားအချွန်သည် ဂျပန်ဗိုလ်မှူး၏ မျက်နှာပြင်ကို အမှတ်မထင် ခြစ်မိသွားခဲ့သည်။

"အား"

ထိုအပြင် သူကိုင်ထားသော ဓားရှည်သည်လည်း ညို





ညီးသွားကာ နီရဲတက်လာသဖြင့် လက်မှလွတ်ကျသွားခဲ့သည်။ လန့်ပြီးတော့ လွှတ်ချလိုက်သည်လည်း ဖြစ်နိုင်သည်။

ဂျပန်ဗိုလ်မှူး၏ပါးပြင်ကို လှံသွားက ခြစ်မိသွားသော ကြောင့် သွေးများ စို့ထွက်လာသည်။ နောက်တော့ မျက်နှာတစ် ပြင်လုံး ရဲတက်ကာ ပူလောင်ပြင်းပြသော ဝေဒနာကို ခံစား လိုက်ရလေသည်။

"အား"

ထိုအခါ လွန်မင်းစွာ ထိတ်လန့်ပြီး အော်ဟစ်မိလိုက် သည်။ အခြေအနေက ထိုမျှနှင့် ရပ်တန့်မသွားပါ။ လည်ပင်းအထိ အောက်ပိုင်းနေရာများအထိ ပူလောင်မှုကို ခံစားလိုက်ရပြီး အနီး အငွေ့များကလည်း ထွက်လာခဲ့ကြလေသည်။ အသားကိုလောင် မြိုက်သော ညှော်နံ့ကြီး ထွက်ပေါ်လာခဲ့ပြီး ...

"အား အား အား"

တစ်ယောက်တည်း ချာချာလည်ကာ အော်ဟစ်ရုန်းကန် နေရင်းက မီးတောက်များက ဟုပ်ခနဲဆို ထွက်လာကြသည်။ ထို့နောက် ခန္ဓာကိုယ်ကိုမီးစွဲလောင်လေတော့သည်။

"အား အား အား"

ဂျပန်ဗိုလ်မှူးသည် မိမိကိုယ်မိမိ မည်သို့မှ [illegible] ယ နိုင်တော့ဘဲ အော်ဟစ်ညည်းညူကာ သေး[illegible]နှင့် ထွက် ပြေးသွားခဲ့လေတော့သည်။ [illegible]တော့ သူ မည်ကဲ့သို့ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသွားသည်ကို မည်သူမှ မသိလိုက်ကြရတော့ချေ။

ဘထူးတို့လူစု၏တိုက်ခိုက်မှုကြောင့် ဖက်ဆစ်ကောင်များသည် တစ်ယောက်မှ အသက်ရှင်လျက်နှင့် မကျန်ကြတော့ ရွှင်းချက်အနေနှင့်ကား တစ်ယောက်နှစ်ယောက်ကား ဒဏ်ရာနှင့် ထွက်ပြေးသွားခဲ့ကြသည်။ သေလောက်သည့်ဒဏ်ရာများကို ရသွားကြသူများမို့ အသက်ရှင်နိုင်ဖို့ လမ်းကားမရှိ။ ထို့အပြင် ကင်းစုန်းတောကြီးထဲတွင် ဖျာလိပ်လောက်ကြီးသော ကင်းခြေများကြီးများ၊ ကင်းမြီးကောက်ကြီးများ၏ အန္တရာယ်များကလည်း သူတို့ကို အဆင်သင့်ပင် ဆီးကြိုနေကြပေလိမ့်မည်။

ထို့နောက် မိမိတို့လူအားလုံး ပြန်ပြီးတော့ စုမိကြသည်။

"ငါတို့ထဲမှာ အထိအခိုက် ရှိကြသေးသလား"

သူကြီးဦးကံပေါ်က မိမိတို့ကို လာကယ်ကြသော ရွာသားများကို စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

"ကျော်မောင်ကတော့ လက်မောင်းမှာ ဓားထိသွားတယ်၊ ဒါပေမဲ့ စိုးရိမ်စရာမရှိပါဘူး"

ဘထူးလည်း သူတို့အနားကို ပြန်ရောက်လာသည်။

"သူကြီးနဲ့ဦးရီးတို့ ထိခိုက်ဒဏ်ရာ ရရှိကြသေးသလား"

"ဟို ဖက်ဆစ်ကောင် ငါတို့ကို ပါးရိုက်သွားတယ်ကွ ... တောက်"

သူကြီးက မကျေမချမ်းဖြစ်နေသည်။ သူ့ပါးကို ပွတ်





သွက် ...

"သည်းခံလိုက်ပါသူကြီးရာ၊ ခုလည်း သူတို့က အရေးနိမ့်သွားခဲ့ကြပြီပဲ"

"အေးပေါ့ကွာ ... ငါ့လက်နဲ့မတုံ့ပြန်လိုက်ရတာ နာဘယ်ကွာ"

"ဘထူး ... ဒါတွေကို ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ တော်ကြာ ဒီသတ္တဝါတွေနောက်က ထပ်ပြီး လိုက်မလာနိုင်ဘူးလို့ ပြောနိုင်ဘူးကွ"

"အေးကွာ ... ဒီအတိုင်းထားလို့တော့ မဖြစ်ဘူးကွ"

သေဆုံးနေကြသော ဖက်ဆစ်ဂျပန်တို့၏အလောင်းများကို ဖျောက်ဖျက်ပစ်လိုက်ကြသည်။ နွားများကိုလည်း ရွာသို့ ဆောင်းယူသွားကြသည်။ ပိုင်ရှင်ကိုရှာပြီးတော့ ပေးရမည်။ မည်သည့်သဲလွန်စမှ ချန်မထားရခဲ့ကြ။ ထို့နောက် ရွာသို့ လှည့်ခဲ့ပြီးတော့ ပြန်လာခဲ့ကြလေသည်။ တစ်ရက်၊ နှစ်ရက် အခြေအနေကို စောင့်ကြည့်ပြီး ဖက်ဆစ်ဂျပန်များ သူတို့နယ်တစ်ဝိုက်မှာ မရှိကြတော့ဟု စုံစမ်းသိရှိကြပြီးမှ ပုန်းအောင်းနေကြသော ရွာသားများကို ရွာသို့ ပြန်ခေါ်လာခဲ့ကြလေသည်။

✡

www.burmeseclassic.com



မိမိတို့ရွာသားများ ကင်းစုန်းတောကြီးထဲတွင် ဖက်ဆစ် ဂျပန်များနှင့် တိုက်ခိုက်ခဲ့သည့်အကြောင်းကို တမင်လျှို့ဝှက်ထား ကြသည်။

"ဂျပန်က ပြေးနေပြီ၊ ဒါပေမဲ့ အတွက်မှာ တွေ့သမျှကို ရမ်းကားနေကြတယ် ... သတိထားကြ၊ ဖက်ဆစ်တော်လှန်ရေး ကြီးက စနေပြီ၊ သင်းတို့ကို တစ်နိုင်ငံလုံးက ဝိုင်းပြီးတိုက်ခိုက် နေကြပြီ၊ ငါတို့လည်း အထက်က အဆက်အသွယ်ရရင် ဝင်ပြီး နွှဲရမယ် ... သတိရှိကြ၊ စောင့်နေကြ"

သူကြီးဦးကံပေါ်က မိမိ၏ရွာသားများကို စည်းရုံးလိုက် လေသည်။ ထင်သည့်အတိုင်းပင် များမကြာမီမှာ တော်လှန်ရေး သမားများနှင့် အဆက်အသွယ်ရသည်။ ရွာသားများသည် တက် ကြွသောစိတ်ဓာတ်ဖြင့် ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်ရန် လိုက်ပါသွားကြသည်။

"သူကြီးက ရွာကိုစောင့်ရှောက်ပြီး နေရစ်ခဲ့ပါ၊ ရွာမှာ သူကြီးဦးဆောင်မှုမရှိရင် မဖြစ်ဘူး"

ဘထူးက သူတို့နောက်ကို လိုက်မည်တကဲကဲဖြစ်နေ သော သူကြီးကို ဖျောင်းဖျရသည်။

"အေးကွာ ... ဒီခါတော်မီပွဲကြီးကို ငါလည်း ဝင်နွှဲချင် တာ၊ ဒါပေမဲ့ မင်းပြောတာလည်း မှန်တာပဲ၊ ငါလည်း ရွာမှာ





ကျန်ရစ်ခဲ့တဲ့လူတွေနဲ့ ရွာကိုစောင့်ရှောက်ပြီး ကျန်ရစ်ခဲ့မှ ဖြစ်မှာ၊ မင်းတို့ပဲ သွားကြတော့ကွာ၊ ရတနာသုံးပါးတော့ မမေ့ကြနဲ့ဟေ့"

သူကြီးဦးကံပေါ်က သူတို့အားလုံးကို မှာလိုက်သည်။ မွေးသည် ဘထူးကို စိတ်မချသော အမူအရာဖြင့် ...

"ကိုဘထူး"

မွေး၏ ပြောမည့်စကားများက ရင်ထဲမှာပင် ပျောက် ကွယ်သွားသည်။

"ငါ နင့်ဆီကို ရှင်လျက်နဲ့ပြန်လာမှာပါ မွေး၊ နင် ငါ့ကို ဆက်ဆက်စောင့်နေ"

"မွေး ကိုဘထူးကို အသေအချာ စောင့်နေပါ့မယ်ရှင်"

မျက်ဝန်းငွေရည်အပြည့်ဖြင့် ကျန်ရစ်ခဲ့သူကတော့ မွေး။ ဘထူးနှင့် ရွာသားများသည် တော်လှန်ရေးတပ်သားများနှင့် ပူးပေါင်းပြီး ဖက်ဆစ်များကိုတိုက်ခိုက်ရန် ရွာမှ ထွက်သွားခဲ့ကြ လေသည်။

နောင် သူတို့ပြန်ရောက်လာကြသောအခါ ရွာသားများ အစ်ဝက်ခန့်သာ ပြန်ပါလာခဲ့ကြသည်။ ဘထူးလည်း သေကံ ရောက်ခဲ့ပေ။ သူသည် လက်စွဲတော်လှံတစ်ချောင်းဖြင့် အများ က ပြောစမှတ်ပြုရလောက်အောင် နာမည်ကြီးခဲ့လေသတည်း။

✡



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘထူးသည် တော်လှန်ရေးကာလအတွင်းမှာ မိမိ မည်သို့မည်ပုံ ဖက်ဆစ်တို့ကို တိုက်ခိုက်ခဲ့ရသည်ကို မည်သူ့ကိုမှ အသေးစိတ်ပြန်မပြောပြခဲ့။ မြင်ရတွေ့ရသူအချို့ကသာ ပြန်ပြောပြ၍ သိကြရသည်။

''ဘထူးဟာ ဖက်ဆစ်ဂျပန်တွေထဲကို တစ်ယောက်တည်း ထိုးဖောက်ဝင်သွားတာနဲ့ လူပါ ပျောက်သွားရော၊ ရန်သူတွေက သူ့ကို ရှာလို့မတွေ့ကြတော့ဘူး၊ နောက်တော့မှသာ မြေကြီးထဲကထွက်လာသလိုလို ဘွားခနဲဆို ပေါ်လာပြီး တိုက်ခိုက်တော့တာပဲ''

ရွာသားတစ်ဦးက မျက်မြင်ကိုစွမ်း ပြန်ပြောပြရာ ...

''မင်းတို့က ဟုတ်ကောဟုတ်ရဲ့လားကွာ''

''ဟ ... ကျွန်တော်တို့ရှေ့မှာတင် ဖြစ်သွားတဲ့ကိစ္စပါ၊ မဟုတ်ဘဲနဲ့ ပြောပါ့မလား''

အငြင်းအခုန်ဖြစ်ကြသည်။ စကားဆိုသည်မှာ စပြီးပြောပြီဆိုကတည်းက တစ်ယောက်နား တစ်ယောက်ရောက်သွားသည်။ စိတ်လွတ်ကိုယ်လွတ်ပြောရင်း အပိုစာသားတွေထည့်ကာ ကားသွားတတ်သည်။

''ဘထူး ... မင်းကို အဲဒီလို ပြောနေကြတယ်ကွ''





''တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီးတော့ ပြောနေကြတာပါ သူကြီးရာ၊ ကျွန်တော်လည်း လူထဲကလူပါပဲ ... မယုံစမ်းပါနဲ့''

ဘထူးကတော့ အမှုအရာ မထူးခြား။ ခပ်အေးအေးပင် ဖြန်ပြောသည်။

''ဘထူးရဲ့လုံက မြေလျှိုးနိုင်သတဲ့''

ထိုစကားကိုကြားတော့ ဘထူးက ရယ်သည်။

''မြေလျှိုးနိုင်ရအောင် ကျုပ်က နဂါးမို့လား။ ဘာကိစ္စနဲ့ မြေလျှိုးရမှာလဲ၊ ဒီလိုမဟုတ်တမ်းတရားတွေကိုလျှောက်ပြောမယ့်အစား ကိုယ့်အလုပ်ကိုလုပ်ကြပါလား''

သုံးလေးခါလောက် စိတ်ထွက်လာပြီးပြောလိုက်တော့မှ အားပန်းစကားများသည် ပျောက်သွားခဲ့ကြသည်။ ဘထူးက စိတ်ဆတ်သည်။ တချို့ကတော့ ဘထူးသည် အဖြစ်မှန်ကို ဖုံးကွယ်ထားသည်ဟု ကွယ်ရာတွင်ပြောကြ၏။

''ဒီလုံဟာ တကယ်အစွမ်းမထက်ဘူးဆိုရင် ဒီကောင့်အက်ထဲမှာ တစ်ချိန်လုံး ကိုင်ထားမလား''

ရှေ့တင်မှာတော့ မပြောရဲကြ။

တစ်ရက်တွင် စမ်းပေါက်ရွာကို မြွေဆရာတစ်ဦး ရောက်လာ၏။ ပခြုပ်ကြီးနှစ်လုံးလည်း ပါလာသည်။ ရိုးရိုးမြွေ လေမှာယ်ပြစားလျှင် ဘထူးက ဝင်စွက်မှာ မဟုတ်။

ကြည့်လေ ... သူ့အပြောက ...

www.burmeseclassic.com

33 )



"ကျုပ်ရဲ့မြွေတွေက တစ်ကောင်မှ အဆိပ်မပါဘူ
အားလုံး အရိုင်းတွေချည်းပဲ၊ အစွယ်လည်း ချိုးမထားဘူး၊ ဒီမြွေ
တွေကို ကျုပ်နိုင်နင်းအောင် ကိုင်နိုင်တယ်၊ ကြည့်ရင် အေးအေ
ဆေးဆေးကြည့်ကြ . . .၊

အဲ . . . ကျုပ်ထက်ပိုပြီးစွမ်းတယ်ဆိုရင် စမ်းချင်ရင်စမ်
ကြည့်ကြပေါ့၊ မနိုင်ဘဲနဲ့တော့ မလုပ်နဲ့နော်၊ ကျွမ်း လေးငါးယ
ပြန်သွားမယ်၊ ကျုပ်နာမည်မှတ်ထား . . . မြွေဩဇတဲ့"

လူတွေကလည်း အလမ္ပာယ်ပြသည်ကို ကြည့်ချင်လှ
ပြီ မြွေဩဇဆိုသူ၏အပြောကို စိတ်ဝင်စား၍မဟုတ်။ ကလေ
လူကြီးမကျန် စည်းဝိုင်းကြီး၏အပြင်ဘက်မှာ စုရုံးနေကြသည်

"ကဲ . . . ကျုပ် အခု မြွေအလမ္ပာယ်မပြသခင် ကျုပ်
သားသမီးတွေအတွက် အစာဖိုးလေးတော့ မစကြပါ၊ ဒါပြီး
ကျုပ် ဆက်ဆက်ပြပါ့မယ်"

မြွေဩဇဆိုသူက စကားခေါ်လိုက်သည်။ ထို့ကြော
အကြွေစေ့များသည် စည်းဝိုင်းထဲကို တစ်စေ့ပြီးတစ်စေ့ ကျလာ
ကြလေသည်။ မြွေဩဇက တစ်စေ့ချင်းလိုက်လံကောက်ယူ
သိမ်းသည်။ စိတ်ကျေနပ်မှုရပြီဆိုတော့မှ သူ့အလုပ်ကို စသေ
သည်။

"ကဲ . . . ကျုပ် မြွေနဲ့ကစားပြတော့မယ်၊ အားလုံ
ကလေး လူကြီး အပါအဝင် စည်းဝိုင်းထဲကို ဘယ်သူမှမဝင်ကြ





နဲ့ သတိပေးထားပါရဲ့ . . . တစ်ယောက်ယောက်က ဝင်လာလို့
တစ်ခုခုဖြစ်သွားရင် တာဝန်မယူဘူး၊ လူကြီးတွေကလည်း
ကလေးတွေကို ထိန်းထားကြပါ"

မြွေဩဇက ထပ်ပြီးတော့သတိပေးလိုက်သည်။ ထို့
ကြောင့် လူတွေလည်း ငြိမ်သွားကြကာ စည်းနှင့်တစ်တောင်
လောက် အကွာအဝေးအထိ ရှဲသွားခဲ့ကြသည်။ ကလေးတွေသည်
င် စည်းအနားကို မကပ်ကြတော့ပေ။ မြွေဆရာဩဇသည်
ခြုပ်အဖုံးကို ဖွင့်ပြီး တုတ်တိုလေးဖြင့် တစ်ချက်ခေါက်လိုက်သည်
. . .

'ဖြိုး'

"ဟာ"

ပခြုပ်ထဲမှ ကြီးမားသောမြွေဟောက်ကြီးတစ်ကောင်က
ဒါသတကြီးနှင့် ထွက်လာခဲ့လေသည်။ ကြည့်နေကြသောသူများ
သည်လည်း ဟာခနဲဆို ဖြစ်သွားခဲ့ကြသည်။ မြွေဟောက်ကြီး
သည် ဖွန်းခွက် (ပါးပျဉ်း) ကြီးကိုထောင်ကာ ပခြုပ်ထဲမှနေ၍
အာက်ကို လျှောပြီးတော့ ဆင်းလာခဲ့လေသည်။ ပွဲကြည့်ပရိ
သတ်များသည် လန့်ပြီး နောက်ကိုဆုတ်သွားခဲ့ကြသည်။ တချို့က
ပြေးမလိုပြုကြသည်။ မြွေကြီးက သူတို့ဆီကိုရောက်လာခဲ့လေ
သည်လားဟု။

သို့သော် မြွေဆရာဩဇသည် မြွေဟောက်ကြီး၏ရှေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် တုတ်တိုလေးကို လွှပ်ယမ်းပြလိုက်သည်။ မြွေကြီးက ချက်ချင်းပင် သူ့ကို ဆတ်ခနဲဆို ပေါက်ချလိုက်သည်။

"ဟာ"

ဟာခနဲဆို အသံကြီးက ထွက်လာခဲ့ပြန်သည်။ ဒူးတစ်ဖက်ထောင် တစ်ဖက်ချကာ ထိုင်နေသော မြွေဆရာသည် ကိုယ်ကို အနည်းငယ်တိမ်းပေးလိုက်ရုံနှင့် မြွေက သူ့ကိုမပေါက်မိ။ ထို့နောက် ပါးပျဉ်းကို ချက်ချင်းပြန်မတ်လိုက်သည်။ မြွေဆရာသည် ထောင်ထားသော ဒူးကို ဘယ်၊ ညာ ယိမ်းပေးနေလေရာ မြွေဟောက်ကြီးကလည်း ကိုယ်ကြီးကို လိုက်ပြီးတော့ ယိမ်းလျက်ရှိသည်။

မြွေဆရာသည် မြွေဟောက်ကြီးနှင့် အနီးကပ်ဆုံးနေရာမှာ ရှိနေသည်။ သူ၏မျက်နှာက မြွေဟောက်ကြီး၏အနားကို တဖြည်းဖြည်းနှင့် တိုးကပ်လာသည်။ မြွေဟောက်ကြီးက ငြိမ်သက်သွားသည်။ သေးငယ်သောမျက်လုံးတွေက မြွေဆရာ၏ မျက်လုံးတွေကိုသာ စူးစိုက်ပြီးတော့ ကြည့်နေကြသည်။ မြွေဆရာ၏မျက်နှာသည် မြွေဟောက်ကြီးနှင့် နီးသထက် နီးလာခဲ့သည်။ ကြည့်နေကြသူလူတွေမှာ ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြသည်။

"ဒီလူတော့ ဒုက္ခရောက်တော့မှာပဲ"

"မျက်ခွက်ကြီးကို ပေါက်ချလိုက်ရင်တော့ကွာ"

တီးတိုးသံများက ထွက်ပေါ်လာကြသည်။ ကြည့်လေ





...မြွေဆရာသြဂလုပ်နေပုံက အသည်းယားစရာ။ သို့သော် မြွေဟောက်ကြီးသည် မြွေဆရာ၏မျက်နှာက နီးကပ်လာလေလေ ပါးပျဉ်းကြီးက နောက်ကိုတွန့်သွားလေလေ။ မျက်လုံးချင်း အတန်ကြာဆုံမိပြီးနောက် မြွေဟောက်ကြီးမှာ ရုတ်တရက်ဆိုသလို ခေါင်းကို နှိမ့်ချလိုက်သည်။ ပါးပျဉ်းကြီးလည်း မထောင်တော့။

ထိုအခါ လူတွေလည်း အံ့အားသင့်သွားခဲ့ကြရသည်။

"မြွေကြီးက မာန်ကျသွားတယ်ကွ၊ တော်တော်စွမ်းတဲ့ မြွေဆရာပဲ"

"အေးကွာ ...ငါတော့ မြွေဟောက်ကြီးက သူ့ကို ပေါက်ချလိုက်ပြီ မှတ်နေတာ"

ရင်တဖိုဖိုနှင့် ကြည့်နေကြသူတွေလည်း ယခုမှပင် သက်ပြင်းချမိလိုက်ကြသည်။ မြွေဆရာသည် မြွေဟောက်ကြီး၏ လည်ပင်းနေရာကို ဆတ်ခနဲဆို ဖမ်းဆုပ်လိုက်သည်။ မြွေဟောက်ကြီး၏ ပါးစပ်ကြီးမှာ ဖြဲဟလာ၏။ အစွယ်များကို တွေ့လိုက်ရသည်။

"တွေ့လား ...အစွယ်တွေချိုးမထားဘူး၊ ဒီမြွေက အရိုင်း၊ အယဉ် မဟုတ်ဘူး ...တွေ့ကြပြီမဟုတ်လား"

ဟု ပြောလိုက်လေသည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## ရှုံ အ ရှုး

မြွေဆရာဩဂသည် ပရိသတ်များ၏အာရုံကို ဖမ်းစားထားသည်။ အားလုံးက မှင်တက်မိပြီးတော့ ကြည့်နေကြဆဲ မြွေဆရာ၏ ညို့ချက်ထဲကို ပရိသတ်များက ရောက်နေကြပြီကို သူသိလိုက်သည်နှင့် ...

"ကျုပ် သည့်ထက်ကြီးတဲ့ မြွေဟောက်ကြီးတစ်ကောင်ကို ထပ်ပြဦးမယ်၊ အဲဒါကတော့ တောကြီးမြွေဟောက်ပဲ၊ အဲဒီနာမည်ကို ခင်ဗျားတို့က ကြားရုံကြားဖူးကြတယ် မဟုတ်လား ကျုပ်ဖမ်းလာတာ မကြာသေးဘူး၊ ဒါကြောင့် သူ့ကို သိမ်းသွင်းလို့ မရသေးဘူး။ နာခံမှုလိုသေးတယ်လို့ ဆိုရမှာပေါ့ဗျာ ...၊ ဒါကြောင့်မို့ စည်းဝိုင်းထဲကို မဝင်ကြပါနဲ့၊ အရေးကြီးလို့





ပြောတာပါ ...စေတနာနဲ့ပါနော်၊ ကျုပ်တောင် မနည်းကိုင်တွယ်ရမယ့်ကိစ္စ၊ ကဲ ကဲ ...ဒီတောကြီးမြွေဟောက်ကို ထုတ်မပြခင် သူ့အတွက်လည်း အစာဖိုးလေး ကူညီပါဦး၊ ဒီကောင်ကြီးက ကြွက်၊ ဖား၊ ကြက် သိပ်ကြိုက်တာ၊ သူကျေနပ်အောင်လို့ ဝယ်ကျွေးရဦးမယ်လေ"

မြွေဩဂက လာဘ်ခေါ်လိုက်ပြန်သည်။

ပွဲကြည့်ပရိသတ်တွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ စောစောကလည်း ပေးပြီးကြပြီ။ အခုတစ်ခါလည်း ထပ်တောင်းပြန်ပြီ။

"ဘာလဲ ...ခင်ဗျားတို့က မြွေအစာလေး တစ်ပြားတစ်ချပ်ကိုတောင် မစွန့်ကြချင်ကြတော့ဘူးလား။ ကျုပ် အသက်နဲ့ရင်းပြီးတော့ ဖမ်းလာခဲ့တဲ့မြွေပါ၊ ခင်ဗျားတို့က သက်သောင့်သက်သာနဲ့ ကြည့်ကြရတဲ့သူတွေပါ၊ ကျုပ်လည်း ဒီအလုပ်ကို ပြစားရတာ သိပ်ပြီး အန္တရာယ်ကြီးလှပါတယ်၊ အသက်နဲ့ရင်းပြီးတော့ လုပ်ရတာပါ၊ ဝါသနာကလည်း ကြီးလွန်းလို့၊ ဒါလောက်ကတော့ နားလည်ပေးကြပါ"

မြွေဩဂက ထပ်ပြီးတော့ မေတ္တာရပ်ခံလိုက်သည်။ သည်တစ်ခါတော့ သနားစရာ သတ္တဝါလေးဖြစ်အောင် လုပ်ပြလိုက်သည်။ ထိုအခါ ငွေအကြွေစေ့များက စည်းဝိုင်းထဲသို့ ပေါက်ပေါက်ကြဲသလို ကျလာခဲ့ကြပြန်သည်။ မရှိမဲ့ ရှိမဲ့ မစား



www.burmeseclassic.com

www.burmeseclassic.com



ရက် မသောက်ရက် ကလေးမုန့်ဖိုးများ။

ယင်းအချိန်တွင် ဘထူးသည် လှံကိုကိုင်ရင်း မျက်လှည့်ဝိုင်းဆီကို ရောက်လာခဲ့သည်။ သူကတော့ ဘာရယ်မဟုတ်။ ရွာလယ်မှာ လူတွေက ဝိုင်းအုံပြီးတော့ နေကြသည့်အတွက် တီးခေါက်ကြည့်မိရာ မျက်လှည့်ဝိုင်းဖြစ်နေသည်ကို သိလိုက်ရသည်။

"လူတွေကလည်း များလှချည်လား။ မြွေဆရာ အငြိတော်တော်ကောင်းတယ် ထင်တယ်"

ဘထူးရောက်လာ၍ လူတွေက နေရာဖယ်ပေးကြသည်။ ဘထူး၏လှံကို ကြောက်ကြ၍ နဂိုကတည်းကလည်း ဘထူးကို ခပ်ရှိန်ရှိန်။ သည်လိုနှင့် ဘထူး စည်းဝိုင်းအနားအထိရောက်သွားခဲ့သည်။ ထိုစဉ် မမျှော်လင့်ပါသော အခြေအနေတစ်ခုကဖြစ်ပေါ်လာခဲ့သည်။ ကြီးမားသော ပခြုပ်ကြီးထဲမှ ဝရုန်းသုန်းကားဖြစ်ပေါ်လာသည့်အသံများ။ ထို့ကြောင့် ပခြုပ်ကြီးတစ်ခုလုံးလှုပ်ယမ်းကာ ခါသွားခဲ့ရသည်။

ထိုအခါ မြွေဆရာသြဂသည် တအံ့တသြဖြင့် ကြည့်မိလိုက်သည်။

"အထဲမှာ ဘာဖြစ်တာလဲ"

သူ၏လက်ထဲမှတုတ်တိုဖြင့် ပခြုပ်ကိုခေါက်ကာ တဘုတ်ဘုတ်နှင့် အသံပေးလိုက်သည်။ သို့သော်လည်း အထဲမှ ဝရုန်း





သုန်းကားဖြစ်နေမြဲ။

"ဒီကောင်ကြီး အပြင်ကိုမထွက်ရလို့ ဒေါသထွက်နေတယ် ထင်တယ်၊ ဟေ့ကောင် . . . အခုချက်ချင်း ရပ်စမ်း။ ငါ ဆရာ အမိန့်"

နောက်ထပ် ခပ်ကြမ်းကြမ်းလေး ခေါက်ပြလိုက်တော့မှ အထဲမှလှုပ်ရှားမှုက တဖြည်းဖြည်းနှင့် ငြိမ်ကျသွားခဲ့သည်။ ထိုအခါ ပရိသတ်များ၏ သက်ပြင်းချသံများက ထွက်ပေါ်လာခဲ့ကြသည်။ မြွေဆရာသြဂကိုလည်း အထင်ကြီးသွားခဲ့ကြလေသည်။ မြွေဆရာသြဂ၏မျက်လုံးများသည် အမှတ်တမဲ့ဆိုသလို ဘထူးဆီကို ရောက်သွားခဲ့သည်။

"ခင်ဗျားက ဘာဖြစ်လို့ စည်းဝိုင်းထဲ ခြေတစ်လှမ်းရောက်နေရတာလဲ၊ ဒါကြောင့်မို့ ကျုပ်ရဲ့မြွေ ဒေါသထွက်ပြီး နောမငြိမ် ဖြစ်နေတာ၊ နောက်ဆုတ်ပေးပါ"

ဘထူးက ဘာမှပြန်မပြော၊ မြွေဆရာသြဂ၏ မျက်လုံးတွေကို စေ့စေ့ကြည့်ကာ နောက်ဆုတ်သွားသည်။

"ဘယ်လိုလူတွေလဲ မသိဘူး၊ အလိုက်သိဖို့ ကောင်းတယ်"

မြွေဆရာသြဂက ထပ်ပြီးတော့ မကျေမနပ်နှင့် ပြောဆိုက်ပြန်သည်။ ထိုအခါ ဘထူးသည် ဝိုင်းအပြင်ကို ထွက်သွားသည်။ မြွေဆရာသြဂ သတိမမူမိလိုက်။ ထို့နောက် ဟန်နှင့်မာန်



www.burmeseclassic.com

www.burmeseclassic.com





နှင့် တင်းကာ ...

"ကိုင်း ... ငါ့တပည့်ကြီး ပခြုပ်ထဲကနေ အပြင်ကို ထွက်ပြီး ပရိသတ်တွေကို အသုံးတော်ခံလိုက်ပါဦး"

ပခြုပ်အဖုံးမှာ ချည်နှောင်ထားသော ကြိုးကို ဓားသေးသေးလေးဖြင့် ဖြတ်တောက်ပစ်လိုက်သည်။ ထို့နောက် ပခြုပ်အဖုံးကို တုတ်နှင့်မ,တင်ကာ ဖွင့်လိုက်လေသည်။ သို့သော် သူ အပြောကြီးခဲ့သည်။ တောကြီးမြွေဟောက်မှာ ဒေါသတကြီးနှင့် အပြင်ကို ထွက်မလာ။

"ဟိတ် ... ထွက်ခဲ့လေ၊ ထွက်ခဲ့စမ်း"

တုတ်တိုလေးနှင့် ပခြုပ်ကို တဘုတ်ဘုတ်နှင့်နေအောင် ခေါက်လိုက်ပြန်သည်။ ဘာမှမထူးခြား မြွေဆရာကြီး အံ့အားသင့်သွားခဲ့ရသည်။

"ဘယ်လိုဖြစ်တာလဲ"

သူ နားမလည်တော့။ ထို့ကြောင့် ပခြုပ်ပေါ်ကနေ အထဲက ငုံ့ကြည့်လိုက်သည်။ အပေါက်ဝနှင့်လည်း မျက်နှာက အနီးကပ်မနေရဲ။ တော်ကြာ တောကြီးမြွေဟောက်က ရုတ်တရက် ထွက်လာပြီး သူ့ကိုပေါက်ချလိုက်မှဖြင့် ...။ မြွေဆရာကြီး သည် အထဲမှာ မြင်လိုက်ရသောအခြေအနေကြောင့် မျက်လုံးပြူးသွားခဲ့သည်။

"ဟင် ... ဒါ ဒါ ဘယ်လိုဖြစ်တာလဲ"





တုန်ယင်သောအသံကြီးဖြင့် ပြောလိုက်ပြီး တစ်ဆက်တည်းမှာပင် ပခြုပ်ထဲ လက်ထိုးနှိုက်ကာ ဆွဲထုတ်လိုက်တော့

"ဟင်"

"ဟာ"

လူတွေက အထိတ်တလန့် ဖြစ်နေကြသည်။ တောကြီးမြွေဟောက်များ ထွက်လာခဲ့လေမလားဟု ...။

မြွေဆရာ၏လက်ထဲမှာ ကိုင်ထားသည်ကလည်း မြွေ။ ...သော် ကောက်ရိုးရုပ်မြွေကြီး။

"ဟင် ... ဒါ ဒါ ဘယ်လိုဖြစ်တာလဲ၊ ငါ့မြွေကြီး ... ငါ့မြွေကြီးက ဘယ်လိုကြောင့် ဒီလိုကောက်ရိုးရုပ်မြွေကြီး ...သွားခဲ့ရတာလဲ"

မြွေဆရာကြီးက အထိတ်တလန့်ဖြင့် ပြောလိုက်လေ...သည်။ သူ့မျက်လုံးတွေကလည်း ကောက်ရိုးရုပ်မြွေကြီးကို အထပ်...အခါခါပင် ကြည့်နေမိသည်။ သူ့မျက်လုံးတွေက ကြောင်...နှင့်။

"နဂိုကတည်းက ကောက်ရိုးရုပ်မြွေကြီးကို ထည့်ထား...သ၊ အခုမှလာပြီး ဘာအကြောင်းရိုက်နေတာလဲ။ ပိုက်ဆံကို ...တော့ ကောင်းကောင်းတိုးတောင်းပြီးတော့"

"အေးလေ ... ငါတို့ကို ပြဇာတ်မင်းသား လာလုပ်ပြနေ...သ"



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်များအားလုံးသည် မကျေမနပ်နှင့် ထွက်သွားခဲ့ကြသည်။ မြွေဆရာကြီးဂဏ်အနားမှာ မည်သူမျှမရှိတော့။ သူသည် မည်သူ့ကို တရားခံရှာရမှန်း မသိဘဲ ငုတ်တုတ်ကျန်ရစ်ခဲ့လေသည်။

✲

"ကိုဘထူး ... မွေးလေ ပြောစရာစကားရှိလို့"

"ပြောစရာစကား ရှိတာများ။ နိဒါန်းပျိုးနေသေးတယ်ကဲ ပြော ... ဘာပြောမလဲ"

"အိမ်က အိမ်ကနေ မွေးနဲ့ကိုဘထူး သမီးရည်းစားဖြစ်နေကြပြီလားတဲ့"

"အဲဒီတော့ ဘာပြန်ဖြေလိုက်သလဲ"

"ဟုတ်တယ်လို့ ပြောလိုက်တောပေါ့"

ဘထူး စိတ်ဝင်စားသွားသည်။

"သဘောတူ, မတူ"

"ဘထူးနဲ့ဆိုရင် ပြောစရာမလိုပါဘူးတဲ့၊ နင်တို့ ဒီလိုချည်းပဲ မနေကြနဲ့တဲ့၊ သူ့မိဘတွေနဲ့ လာပြီးတောင်းခိုင်းတော့တဲ့"

"ဟင် ... မြန်လှချည်လား"





"ဘာလဲ ... ကိုဘထူးကြီးက မွေးနဲ့မင်္ဂလာမဆောင်ချင်ဘူးလား"

"မဟုတ်ပါဘူး ... နင့်ရဲ့မိဘတွေက မှကန့်ကွက်ဘဲ ချက်ချင်းလက်ခံလိုက်လို့ အံ့အားသင့်မိတာပါ၊ နင့်သဘောကကော"

"ကိုဘထူးသဘောအတိုင်းပဲလေ"

"အင်းလေ ... ငါတို့ သမီးရည်းစားဖြစ်ခဲ့ကြတာပဲ နှစ်ပေါက်နေပြီ၊ မိဘတွေက မြန်မြန်ဖြစ်စေချင်တာပေါ့။ ငါ့အိမ်ကတော့ ..."

"ဟင် ... ကိုဘထူးမိဘတွေက ဘာတဲ့လဲ"

"ငါ့အိမ်က ငါ့အိမ်က"

"ဟင် ... ပြောပါဆို၊ ဘာလဲ ... သဘောမတူဘူးတဲ့လား"

"တူပါတယ်၊ နင်တို့ မြန်မြန်ယူကြတော့တဲ့"

"ဟင် ... သွား၊ သူ့မျက်နှာကြီးက သုန်မှုန်သွားခဲ့တာ၊ တကယ်ပဲ အိမ်ကသဘောမတူလို့လားလို့၊ ကိုဘထူးကြီးက နောက်တတ်သားပဲ၊ အမြဲတမ်း အတည်ပေါက်နဲ့နေတဲ့သူက"

မွေးသည် ဘထူး၏ရင်ဘတ်ကို လက်နှင့်ပုတ်ကာ နှုတ်ခမ်းစူပြီး ပြောလိုက်လေသည်။ ဘထူးကတော့ တဟဲဟဲနှင့်။ ဤသို့ဖြင့် ဘထူးတစ်ယောက် မွေးနှင့်အကြောင်းပါကာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျသွားခဲ့လေသည်။ မဂ်လာဦးညတွင် ထုံးစံအတိုင်း ကာလသားများကို ယမကာဝိုင်း ဖွဲ့ပေးရသည်။ ဘထူးက ယမကာကို စွဲမြဲစွာ မသောက်၊ ရံဖန်ရံခါမှသာ။ ယမကာဝိုင်းတွင် ကာလသားတစ်ယောက်က ဘထူးကိုပြောလိုက်သည်က ...

"ဒီည မင်းကိုငါတို့ ခေါ်မထားပါဘူးကွာ၊ မဂ်လာဦးည မှာ အရေးကြီးတယ်၊ ပြန်တော့ လုံဘထူး" ဟု သတဲ့၊

✲✲✲



## အခန်း (၁၂)

## မိုး မ ဒ မိုး ကြမ်း

၁၀ နှစ်အကြာ ...။

ရန်ကုန်မြို့၊ ရပ်ကွက်ကြီးတစ်ခုအတွင်း လူမမာတစ် ယောက် အမောဖောက်လျက်ရှိသည်။ သူ၏အနားတွင် သမီး ိုင်သူဇာနှင့် မိတ်ဆွေအရင်းအချာဖြစ်သော ဦးဖိုးသော်က ရှိနေ သည်။

"ငါ့ရဲ့အဖြစ်အပျက်က အဲဒါပဲ ဖိုးသော်၊ ငါနဲ့အတူ လာခဲ့ကြတဲ့ မှတ်ကြီးနဲ့နီမိုး နှစ်ယောက်စလုံး သေဆုံးကျန်ရစ်ခဲ့ ာတယ်၊ ငါလည်း ဂူထဲက ရတနာတွေကို တတ်နိုင်သလောက် ယ်ခဲ့တာပေါ့ ...၊

တချို့တစ်ဝက်ကို ထုခွဲပြီး မှတ်ကြီးနဲ့နီမိုးတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ကို ငါ ထောက်ပံ့ခဲ့ပါတယ်''

''ဖြည်းဖြည်းပြောပါ ဖေဖေရယ် . . . မောနေပါ့မယ် နားပါ ဦး''

လှိုင်သူဇာက အနားမှနေ၍ ဦးကျော်ပိုက်ကို သတိပေး လိုက်သည်။ ဦးကျော်ပိုက်သည် သမီးကိုကြည့်ကာ ခဏတော့ ငြိမ်သွားသည်။

''ဖေဖေ့အခြေအနေကို သိပါတယ် သမီးရယ်၊ သတိ ကောင်းနေတုန်းမှာ ပြောနိုင်ခွင့်ရှိတုန်း ပြောသွားပါရစေ''

''ကျော်ပိုက်ရာ . . . မင်း ခဏလောက် နားလိုက်ပါ ဦးလား၊ အိပ်ရာကနိုးမှ ဆက်ပြောပေါ့ကွာ''

''ဒီမှာ ဖိုးသော် . . . ငါ အိပ်ပျော်သွားရင် ဘယ်တော့ ပြန်နိုးလာတော့မှာ မဟုတ်ဘူးကွ၊ အေး . . . ငါ့အနားမှာ မှတ်ကြီး နဲ့ နီမိုးတို့ကလည်း ရောက်နေကြတယ်၊ ငါ မင်းတို့နောက်ကို လိုက်ခဲ့မှာပါ သူငယ်ချင်းတို့ရာ''

''ဖေဖေ . . . ဖေဖေ ဘာတွေပြောနေတာလဲ''

လှိုင်သူဇာသည် ကယောင်ကတမ်းနှင့် ပြောနေသော ဖခင်အတွက် စိုးရိမ်သွားမိသည်။

''သမီး . . . ဖေဖေ့ခေါင်းအုံးအောက်မှာ သော့ရှိတယ် မီးခံသေတ္တာထဲက ဖိုင်တွဲအပြာကို ယူခဲ့စမ်း''

''ဟုတ် ဟုတ်ကဲ့''





လှိုင်သူဇာသည် မီးခံသေတ္တာထဲက ဖိုင်တွဲအပြာလေးကို ယူလာခဲ့သည်။

''ဒီမှာ ဖိုးသော် . . . ဟောဒါ ဖက်ဆစ်နကာမှုရာ ကိုယ် ...ိုင်ရေးဆွဲခဲ့တဲ့ ရတနာသိုက်မြေပုံ၊ ဒီရတနာတွေဟာ ရိုးမတော ...ာ်ကြီးထဲမှာ ခုထက်ထိ ရှိနေကြဦးမယ်၊ အသွားအလာခက်ခဲပြီး ...ချောင်ကျလွန်းလို့ ဘယ်သူမှ မတွေ့နိုင် မသိနိုင်ဘူး၊ မင်းတို့ ...ွားရှာယူကြ''

''အေးပါကွာ . . . မင်း ဖြစ်စေချင်သလို ဖြစ်စေရပါ ...ယ်''

''ငါမရှိရင် ငါ့သမီးလေး တစ်ကောင်ကြွက်ဘဝနဲ့ လော ...အလယ်မှာ မျက်နှာငယ်နေလိမ့်မယ်ကွာ''

''မင်း ဘာမှမဖြစ်နိုင်ပါဘူးကွာ၊ အားငယ်စရာတွေ ...ပြောပါနဲ့၊ မင်းသမီးကိုလည်း ငါ့သမီးလို စောင့်ရှောက်ပါ့မယ် ...ွာ''

ဦးကျော်ပိုက်၏မျက်နှာမှာ အပြုံးပန်းက ပွင့်လာသည်။

''ဒီစကားကြားရတာ ငါဝမ်းသာတယ် သူငယ်ချင်း၊ ...သမီးလေးကို ချမ်းသာစေချင်သလို မင်းကိုလည်း ချမ်းသာစေ ...င်တယ်၊ မင်းဟာ ငါ့ရဲ့သူငယ်ချင်းကောင်း တစ်ယောက်ပဲ၊ ...ေစအရာရာ အနွံအတာခံတယ်၊ ဒီတော့ ငါအခုမှာတာ မဖြစ် ...နေ လုပ်ပါ . . . ကတိပေးပါလား သူငယ်ချင်း''



www.burmeseclassic.com

www.burmeseclassic.com



"ပေး ပေးပါတယ်ကွာ"

ဦးဖိုးသော်မှာ စိတ်ကို အနိုင်နိုင်ထိန်းပြီးတော့ ကတိပေး လိုက်ရသည်။ လှိုင်သူဇာကတော့ တစ်ဖက်ကို မျက်နှာလှည့်က အသံမထွက်သောရှိုက်ခြင်းဖြင့် ငိုနေမိသည်။ ဦးကျော်ပိုက် ရောဂါမှာ အသည်းမှာဖြစ်သော မြစ်ပွားနာ။ ခရီးလမ်းဆုံး ရောက်နေလေပြီ။ နောက်နှစ်ရက်အကြာတွင် ဦးကျော်ပိုက်သည် လောကကြီးထဲမှ အပြီးအပိုင်ပင် ထွက်ခွာသွားခဲ့လေသည်။

"ဟင် ... ဖေဖေ ဖေဖေ၊ ဦးလေးသော် ... လုပ်ပါဦး ဖေဖေ အသက်မရှိတော့ဘူး ... ဟင့် ဟင့်"

လှိုင်သူဇာမှာ ဖြေမဆည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရ သည်။ မိခင်မဲ့နေရာက ဖခင်ကြီးကိုသာ ပုံပြီးတော့ အားကိုးခဲ့ သည်။ ယခုတော့ ဖခင်ပါ ဆုံးပါးခဲ့ပြီဖြစ်၍ သူမအတွက် တောင်ကြီး ပြိုခဲ့ရလေပြီ။

"ဖြစ်ရလေ သူငယ်ချင်းရယ် ... ကောင်းရာမွန်ရာ သာ စိတ်ဖြောင့်ဖြောင့်ထားပြီး သွားပါသူငယ်ချင်း၊ မင်းမှာခဲ့တာ တွေကို ငါ ဆောင်ရွက်ပါ့မယ်ကွာ"

သမီးလည်း ဘာမှ အားမငယ်ပါနဲ့ကွယ်၊ ဦးလေးသော် တစ်ယောက်လုံး ရှိနေတာပဲ၊ ဘယ်သူမဆို ဒီလမ်းကို လိုက်ကြ ရမှာပဲလေ၊ သူက ရှေ့ကအရင်ထွက်သွားပေမယ့် ကိုယ်ကလည်း နောက်က လိုက်ကြရမှာပဲ၊ တရားနဲ့သာ ဖြေပါကွယ်"





ဦးဖိုးသော်က လှိုင်သူဇာကို နှစ်သိမ့်အားပေးရှာသည်။ ကျော်ပိုက်၏ ဈာပနကိစ္စ ပြီးသွားပြီး နှစ်လအကြာတွင် ...

✡

ဦးဖိုးသော်နှင့် လှိုင်သူဇာတို့သည် မြေပုံကို သေသေချာ ပင် စစ်ဆေးကြသည်။

"နကာမူရာက မြေပုံကို ကျကျနန ဆွဲထားခဲ့တာပဲ မှ၊ ဒါပေမဲ့ အခုနေအခါမှာတော့ ပတ်ဝန်းကျင်အနေအထား ပြောင်းလဲချင် ပြောင်းလဲနေလိမ့်မယ်၊ ငါ့တူမရဲ့ဆန္ဒကရော"

"သမီးကတော့ ဖေဖေမှာခဲ့တဲ့အတိုင်း အဲဒီနေရာကို သွားချင်တာပဲ၊ သူတို့သူငယ်ချင်းသုံးယောက်ရဲ့ အသက်သွေးနဲ့ ပြီး ထားခဲ့ရတဲ့ ရတနာတွေလေ၊ ဖေဖေကလည်း သမီးတို့ရဲ့ ပ်ဆောင်ချက်တွေ ရှိ,မရှိ တမလွန်ကနေ စောင့်ကြည့်ချင် ကြည့်နေမှာ"

"ခရီးက တကယ်တောကြမ်းတဲ့နေရာကြီး ဖြစ်နေ ယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ မသွားသင့်ဘူးထင်တယ် ယ်"

"သမီးက တက္ကသိုလ်မှာ ခြေလျင်တောင်တက်အသင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင် တစ်ဦး ဖြစ်ခဲ့ဖူးပါတယ်၊ တော်ရုံခရီးကိုတော့ ခံနိုင်ရည်ရှိပါ တယ်၊ ဒါပေမဲ့ ဒီလိုခရီးမျိုးကို မသွားဖူးပေမယ့် သွားရင် ဖြစ် နိုင်လိမ့်မယ်လို့ ထင်တယ်လေ၊ ဒေသန္တရဗဟုသုတလည်း ရ တာပေါ့၊ ပစ္စည်းမက်လို့တော့ မဟုတ်ပါဘူး''

ဦးဖိုးသော်က လှိုင်သူဇာကို မည်သို့မှ ဖျောင်းဖျ၍မရ အကျိုးအကြောင်းပြောပြ၍လည်း လက်မခံ။ ဖအေ့သတ္တိမျိုး အပြည့်ရှိသည်။ နောက်ဆုံးမှာတော့ လက်လျှော့လိုက်ရသော သည်။

''အင်းလေ . . . တားမရရင်လည်း သွားဖို့စီစဉ်ကြတာ ပေါ့။ ကျော်ပိုက်ဟာ ဦးလေးသော်ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ သူ့ရဲ့ဆန္ဒကို အမှန်တကယ်လည်း ဖြည့်ဆည်းပေးချင်ပါတယ် ဒါပေမဲ့ သွားရမယ့်လမ်းက အန္တရာယ်လမ်းနော်၊ ဆေးဝါး လက်နက်၊ ခဲယမ်းမီးကျောက်ကအစ ပြည့်ပြည့်စုံစုံ ယူသွားကြရ မယ်''

✡

တစ်ရက်တွင် ဦးဖိုးသော်သည် လူငယ်တစ်ယောက်ကို ခေါ်လာခဲ့သည်။



''တူမကြီး သူက ဇော်မိုက်တဲ့၊ ဘွဲ့ရပညာတတ် တစ်ဦး ပဲ၊ ရိုးမတစ်ခွင် ပြုပြစ်အောင် အမဲလိုက်ဖူးတယ်၊ ဒါကလည်း ဝါသနာအရပေါ့လေ၊ လမ်းပြအနေနဲ့ သူ့ကို ခေါ်သွားချင်တယ်''

''ဦးလေးသော် သင့်တော်မယ်ထင်သလို စီစဉ်ပါ၊ သမီး ကတော့ မဆုံးဖြတ်တတ်ဘူး''

''ဦးလေးသော်ကလည်း မုဆိုးဘဝနဲ့ အထီးကျန်နေနေရ ပေမယ့် ဇော်မိုက်က တူလို သားလို တရင်းတနှီး ဆက်ဆံပေးနေ တဲ့အတွက် ဘဝမှာ အဖော်ကောင်းတစ်ယောက်ပါ၊ သစ္စာစောင့် သိတတ်မယ့်သူပါ''

ဇော်မိုက်၏ရှေ့မှာပင် ထိုသူ၏စိတ်ဓာတ်ကို ဖွင့်ဟလိုက် သည်။ ဇော်မိုက်၏ပုံပန်းသဏ္ဌာန်က အတော်ပင် ဖျတ်လတ် သွက်လက်မည့်ပုံ။ အားထားရလောက်သည့် ဟန်အမူအရာ။ အရေးကြီးသည်က သစ္စာစောင့်သိဖို့ပင်။

''မောင်ဇော် . . . သူက ဦးလေးပြောပြောနေတဲ့ အချစ် ဆုံးသူငယ်ချင်း ကျော်ပိုက်ရဲ့ တစ်ဦးတည်းသောသမီး လှိုင်သူဇာ ပါ''

''ဟုတ်ကဲ့ . . . မလှိုင်သူဇာရဲ့အကြောင်းကိုတော့ ဦး လေးသော်က ပြောပြထားလို့ သိပြီးပါပြီ၊ ကျွန်တော်က ဘူမိဗေဒ ပညာရှင်တစ်ယောက်ပါ၊ တောတောင်ရေမြေသဘာဝကို လေ့ လာရတာ ဝါသနာပါသလို သားကောင်တွေရဲ့နောက်ကို လိုက်ရ

www.burmeseclassic.com



တာလည်း စိတ်ဝင်စားပါတယ်၊ ဦးလေးက ဒီခရီးမှာ ကျွန်တော့်ကို သင့်တော်မယ်ထင်လို့ ခေါ်လာခဲ့တာပါ"

"လှိုင်ကတော့ အဖော်ကောင်းတစ်ယောက်ရမယ်ဆိုတဲ့အတွက် ကျေနပ်မိပါတယ်၊ ရှင့်ကို ကူညီမယ်ဆိုတာ သိရလို့ဝမ်းသာမိပါတယ်ရှင်"

ခရီးထွက်ရန် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရင်း ပြင်ဆင်ရင်းနှင့် နောက်ထပ်တစ်လနီးပါးခန့် ကြာသွားခဲ့သည်။ ခရီးထွက်ကြမည့်သူများက သူတို့သုံးယောက်တည်းသာ။

☼

နေသာသောရက်တစ်ရက် . . . ။

လှူတစ်စုသည် ရိုးမတောင်ခြေကို တဖြည်းဖြည်းနှင့်ချဉ်းကပ်လာခဲ့ကြသည်။ ဦးဖိုးသော်၊ ဖော်မိုက်နှင့် လှိုင်သူဇာတို့သည် သူတို့၏လျှို့ဝှက်ခရီးကို စတင်ခဲ့ကြပြီဖြစ်သည်။ ဤခရီးအတွက် ကြံ့ခိုင်မှုရှိကြစေရန်လည်း အားမွေးပြီး အကြိမ်ကြိမ်ပြင်ဆင်ခဲ့ကြသည်။ ဤခရီးတွင် မိန်းကလေးတစ်ယောက်ပါလာခဲ့သည့်အတွက် ဘာဝန်ကကြီးသည်။

ဤသို့ဖြင့် စိုင်းလူ အမည်ရှိ ရွာတစ်ရွာကို ရောက်လာခဲ့ကြသည်။ ဖော်မိုက်သည် သူ၏အသိအိမ်မှာ ဤတစ်ညတည်းခိုရန် စီစဉ်သည်။ အိမ်ရှင်သည် ကောက်ရ ဖြစ်သည်။ ဖော်မိုက်တောလည်ထွက်လျှင် တည်းခိုနေကြအိမ်။ ကောက်ရသည်လူစိမ်းနှစ်ယောက်ပါလာခဲ့သည့်အတွက် အံ့အားသင့်နေမိသည်။

"ကိုဖော် . . . အကြောင်းကိစ္စ ရှိသလား"

ကောက်ရက ထူးခြားမှုရှိသည်ဟုထင်ကာ မေးလိုက်သည်။

"ဟောဒီ ကျွန်တော့်ညီမလေးက ပန်းပင်တွေကို စိတ်ဝင်စားတယ်၊ အဲဒါကြောင့် တောထဲက ရှားပါးတဲ့ သစ်ခွပန်းတွေကို ခင်ဗျားနဲ့အတူ ကူပြီးရှာပေးမလို့ဘဲ၊ ဘယ်လိုလဲ ကိုကောက်ရ . . . ခင်ဗျား အားတယ်မဟုတ်လား"

"အားပါ့ဗျာ၊ ခင်ဗျားရောက်လာတော့မှပဲ တောလည်ထွက်ဖြစ်တော့မယ်၊ ကျွန်တော် နားနေတာကြာပြီဗျ၊ အားလုံးကိုယ့်အိမ်လိုသဘောထားပြီးတော့ လွတ်လွတ်လပ်လပ် တည်းခိုကြပါဗျာ၊ ကိုဖော်နဲ့ပတ်သက်လာတော့ ကျွန်တော့်မိတ်ဆွေတွေပဲပေါ့ဗျာ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ကိုကောက်ရ"

"ကျေးဇူးတင်ပါတယ်ရှင်"

ကောက်ရသည် သားနှစ်ယောက်ကို သူ၏ ယောက်ျားအိမ်သို့ သွားအိပ်စေသည်။ လင်မယားနှစ်ယောက်စလုံး သဘော

www.burmeseclassic.com



ကောင်းကြသည်။ 'အရသာရှိသော အစားအစာများကို ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးကြသည်။ စိုင်းလှူရွာကလေးတွင် နှစ်ရက်ခန့် အနားယူပြီး နောက်တစ်နေ့တွင် ...

☆

ဤခရီးတွင် ကောက်ရအပြင် လမ်းပြတစ်ယောက်ကိုပါ မဖြစ်မနေ ခေါ်ရသည်။ ခရီးလမ်းဆုံးမရောက်မချင်း ရတနာသိုက်နှင့်ပတ်သက်ပြီး တစ်လုံးတစ်ပါဒမှ ဖွင့်ဟပြောရန်မလို။ ဖော်မိုက်က တောတွင်းအတွေ့အကြုံရှိသူမို့ ...

"တောထဲမှာ ရေကိုကျိုချက်ပြီးတော့ သောက်ကြရမယ်၊ သစ်သီးတွေကိုလည်း အရမ်းစားဖို့ မလိုဘူး၊ ငှက်ဖျားမိတတ်တယ်၊ မစားကြတာက ကောင်းတယ်"

ဖော်မိုက်သည် လှိုင်သူဇာကို တစ်လမ်းလုံး ဂရုစိုက်လာခဲ့သည်။ ဂရုစိုက်လွန်း၍ အနေရပင်ခက်လာခဲ့သည်။ သို့သော် တစ်ခါတစ်ရံမှာတော့ ကျေနပ်နေမိသလိုလို။

"သူက အခွင့်အရေးသမား မဟုတ်ပါဘူးလေ၊ ငါ့ကို စိုးရိမ်ပြီးတော့ စောင့်ရှောက်တာမျိုးပဲ ဖြစ်မှာပါ"

လှိုင်သူဇာကတော့ ထိုသို့ပဲ တွေးသည်။ ဖော်မိုက်၏





အမူအရာက မရိုးသားမှု အရိပ်အယောင်ပင်မပြ။ သို့သော် ရင်ထဲကတော့ ဘယ်လိုသဘောထားသလဲ မသိ။ ဟန်ဆောင်ကောင်းနေတာလည်း ဖြစ်နိုင်သည်ဟု တစ်ခါတစ်ရံမှာ တွေးမိတတ်သည်။ မြေပုံညွှန်းနှင့် ပတ်သက်ပြီး ဖော်မိုက်က ခေါင်းထဲမှာ အလွတ်ကျက်ထားသည်။ အများရှေ့မှာ ထုတ်ကြည့်တာမျိုး မလုပ်။ လမ်းပြတစ်ယောက်ပါလာသည်ဆိုပေမယ့် အရံအတားလောက်မျှသာ။ တကယ်တော့ သူတို့သွားချင်သည့်နေရာကို လမ်းပြက လိုက်ပို့ပေးနေရခြင်းသာ။ ဦးဆောင်ဖို့မလို။

လှိုင်သူဇာက ပိုပြီးသွက်လက်ကာ ထက်မြက်နေသည်။

"ငါ့တူမကြီးက ခုလို လန်းလန်းဆန်းဆန်းနဲ့ ရှိနေတော့ ဝမ်းသာရတာပေါ့ကွယ်"

"သမီးအတွက် မပူပါနဲ့ ဦးလေးသော်"

တစ်နေရာကိုအရောက်တွင် ဖော်မိုက်က ခပ်လှမ်းလှမ်းဆီကို လက်ညှိုးထိုးပြလိုက်သည်။ ရေအိုင်ကြီးဆီကိုသွားကြရန်သဘောပင်။ ရှေ့မှာရေအိုင်ကြီးတစ်အိုင်က ဆီးပြီးတော့ ခံနေသည်။

"ဆရာတို့က ဒီရေအိုင်ကြီးနဲ့ ဟိုဘက်အထိ ရေးကြမယ်"

"ဟ ... ဒီရေအိုင်ကြီးကို ဘယ်သူမှ ဖြတ်မကူးကြဘူး၊ ကန်ထဲမှာ ပေါ်ရိသသားစားငါးတွေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ကျွန်တော်တို့ကတော့ ဒီဘက်ကို မရောက်ဖူးကြလို့ မသိဘူးလေ၊ ရိုးမတောကြီးရဲ့ အတွေ့အကြုံကတော့ ရှိပါတယ်၊ ဘယ်သူမှ မသွားကြတဲ့နေရာကို သွားကြည့်ချင်တယ်၊ ဒါမှ ဟိုဘက်မှာ ဘာရှိသလဲဆိုတာသိရမှာပေါ့၊ ခင်ဗျား မလိုက်ချင်ရင်ရတယ်လေ၊ ကျွန်တော် နေ့တွက်ခအပြည့် ရှင်းပေးလိုက်ပါ့မယ်"

"ဟ ... မလိုက်ချင်လို့ မဟုတ်ပါဘူး၊ ဆရာတို့အတွက် စိုးရိမ်လို့ပြောတာပါ"

ထိုစဉ် ရှေ့တွင် လူရိပ်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရသည်။

✡✡✡



## အခန်း (၁၃)

## ပန်း ပွင့် မျက် နှာ

ထိုသူသည် သူတို့ကို ကျောပေးကာရပ်နေသည်။ ဓားကို ... ထားသည်၊ လက်ထဲမှာလည်း လှံတစ်ချောင်း။

"လူတစ်ယောက်ပါလား၊ တောခေါင်ခေါင်ကြီးထဲမှာ ...ယ်က ရောက်လာတာပါလိမ့်"

ဦးဖိုးသော်၏စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

"ကိုကောက်ရ ... ဟိုမှာလူတစ်ယောက်"

"ဟုတ်တယ် ... ဒီလူကိုကြည့်ရတာ ရေအိုင်ကြီးရဲ့ ...စ်ဖက်ကို ကူးမလို့နဲ့တူတယ်၊ ဘယ်လိုအကြောင်းနဲ့ပါလိမ့်"

လူသံ၊ စကားပြောသံများကြောင့် ထိုသူသည် ဆတ်ခနဲ ...ိ နောက်ကိုလှည့်ကြည့်လိုက်သည်။ ထိုသူ၏အကြည့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ခြေလှမ်းများသည်လည်း ရပ်တန့်သွားခဲ့ရသည်၊ အကြည့်က စူးရဲထက်မြက်သည်။ သူတို့အားလုံး၏ နှလုံးသားကို အကြည့်ဖြင့် ချုပ်ကိုင်လိုက်သလိုပင်။

"ဟေ့လူ ... ခင်ဗျား ဘာယ်သူလဲ၊ ဒီမှာ ဘာရပ်လုပ်နေတာလဲ"

လမ်းပြကိုထွီ က ခပ်ဆတ်ဆတ်ပင်မေးလိုက်၏။ သို့သော် ထိုသူက မဖြေဘဲ မျက်နှာကို ရှေ့သို့ပြန်လှည့်သွားသည်။

"ဟေ့လူ ... ခင်ဗျားမေးပုံက သိပ်ဟန်မကျဘူး"

ကောက်ရသည် ထိုသူ့ဆီကိုလျှောက်သွားပြီး ...

"ဒီကမိတ်ဆွေက ဟိုဘက်ကိုကူးမလို့လား"

"ဟုတ်တယ် ... ကျုပ် ကူးမလို့"

အဖြေက တိုတောင်းသည်။ မလှမ်းမကမ်းမှာလည်း ဖောင်တစ်ခုကို တွေ့လိုက်ရသည်။ ဖောင်က အသစ်စက်စက်၊ လူဆယ်ယောက် ကောင်းကောင်းဆံ့သည်။

"ဒါ မိတ်ဆွေရဲ့ဖောင်လား"

"ဟုတ်တယ်"

"ဒါဆိုရင် ကျွန်တော်တို့ပါ လိုက်ပါရစေလားဗျာ"

"အင်းလေ ... လိုက်ကြပေါ့၊ ခေါ်သွားရတာ ဘာအပန်းကြီးတာ မှတ်လို့"

ထိုသူက လွယ်ကူစွာ လက်ခံလိုက်သဖြင့် အံ့အားသင့်





သွားခဲ့ကြသည်။

"အေးဗျာ ... ကျေးဇူးပဲ"

ကောက်ရသည် ဦးဖိုးသော်တို့ဆီကို ပြန်ပြေးသွားသည်။

"ဟန်ကျပြီ ... ဒီလူလည်း ဟိုဘက်ကမ်းကို ကူးမလို့တဲ့ ကျွန်တော်တို့ပါ လိုက်လို့ရတယ်တဲ့"

"ကိုကောက်ရ ... သူတစ်ယောက်တည်းကူးဖို့ စီစဉ်ထားတဲ့ဖောင်က ဆယ်ယောက်စာလောက်ရှိတယ်၊ ဘယ်လိုလဲ ... ဟုတ်ကောဟုတ်ရဲ့လား"

ဦးဖိုးသောက သင်္ကာမကင်းဖြစ်သွားသလို မေးလိုက်သည်။

"သစ်ဝါးတွေ တင်မလို့ နေမှာပေါ့ဗျာ၊ ဒါနဲ့ ဒီရေအိုင်ကြီးရဲ့အကြောင်းကိုတော့ ဦးလေးတို့သိကြရဲ့လား"

"ဟင့်အင်း"

ထိုစဉ် ငှက်တစ်အုပ်က အမြင့်မှနေ၍ ပျံသန်းလာနေကြသည်။ ကောင်းရေငါးဆယ်မက ရှိပေလိမ့်မည်။ ကောက်ရက ခေါ်မိုက်ဆီက အမဲလိုက်သေနတ်ကြီးကို လှမ်းယူလိုက်ကာ ငှက်အုပ်ကြီးဆီသို့ ထိုးချိန်လိုက်သည်။ ကန့်ပေါ်သို့အရောက်တွင်

'ဒိုင်း'

ခလုတ်ကို ဆွဲချလိုက်သည်။ ကျယ်လောင်သောအသံကြီးက မြည်ဟည်းကာ ထွက်ပေါ်လာသည်။ ငှက်အုပ်ထဲမှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်က အောက်ကို ပြုတ်ကျလာခဲ့သည်။ အရှိန်ဖြင့်ကျလာပြီး

'ဘွမ်း'

ရေကန်ထဲသို့ ကျသွားခဲ့လေ၏။ ငှက်ကြီးသည် အတောင်ကို ထိမှန်သွားသဖြင့် ချက်ချင်းမသေဘဲ ရေကန်ထဲမှာ တဖျပ်ဖျပ်နှင့် ကူးနေသေးသည်။ တစ်ခဏအကြာတွင် မထင်မှတ်သောအခြေအနေတစ်ခုက ဖြစ်ပေါ်လာခဲ့သည်။ ရေကန်ထဲမှ ရေများသည် ပွက်စီကာ ထလာခဲ့ကြသည်။ သူတို့မြင်ကွင်းထဲမှာ လက်ဝါးသာသာခန့်ရှိ ငါးများက အုပ်စုလိုက်ပေါ်လာခဲ့ကြလေသည်။ ချွန်ထက်သောသွားများ ရှိကြသည်။

ယင်းငါးများသည် မသေမရှင်ဖြစ်နေသော ငှက်ကြီးကို ဝိုင်းအုံခဲကာ စားကြလေတော့သည်။ ပတ်ချာလှည့်ပြီး စားကြသည်ဖြစ်၍ တစ်ခဏအတွင်းမှာပင် ငှက်၏ကိုယ်ပေါ်မှ အသားဟူသမျှ ပျောက်ကွယ်သွားကာ အရိုးပြိုင်းပြိုင်း ကျန်ရစ်ခဲ့ပြီး ရေအောက်ကို နစ်မြုပ်သွားခဲ့လေသည်။

"ဘုရား ဘုရား ... ကြောက်စရာကြီးပါလား"

ဦးဖိုးသော်က ညည်းညူမိလိုက်သည်။ ဇော်မိုက်နှင့် လှိုင်သူဇာတို့သည်လည်း မျက်စိမျက်နှာပျက်သွားခဲ့ကြသည်။ [အမှန်တွင် ဦးဖိုးသော်တို့သည် မြေပုံညွှန်းအရ ဤရေကန်ကြီး၏ အကြောင်းကို သိထားကြပြီးဖြစ်သည်]

"ကဲ ... လိုက်ချင်ရင်လာကြ"



ထိုသူက စကားကိုခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။ ဇောင်ဆီကိုအရောက်တွင် တစ်ယောက်ပြီးတစ်ယောက် တက်လိုက်ကြသည်။ လှိုင်သူဇာသည် ဇောင်မစီးဖူး၍ ရွံ့တွန့်တွန့်ဖြစ်နေသည်။ သည်လိုနှင့် ဇောင်ပေါ်ကို ရောက်သွားခဲ့ကြသည်။

"ခင်ဗျား ထိုးဝါးကိုကိုင်ပါ"

ထိုသူက လမ်းပြကိုထွီကို ပြောလိုက်ရာ ...

"ဟင် ... ငါက"

"ဟုတ်တယ် ... ကျုပ်က ခင်ဗျားတို့ကို အလကားတင်ပေါ်တာ၊ ဒါလောက်ကတော့ ကူညီရမှာပေါ့"

ကိုထွီသည် အောင့်သက်သက်နှင့် ထိုးဝါးကိုကောက်ကိုင်လိုက်ရသည်။ လမ်းပြ၏ ရင့်သီးသောစကားအသုံးအနှုန်းကို မကြိုက်၍ အခုလို ပညာပေးလိုက်ခြင်းပင်။ သဘောလည်းပေါက်ကြသည်။ ဇောင်က ရေပြင်ပေါ်မှာသွားနေစဉ် သားစားငါးများက ရေထဲတွင် ရှိနေကြသည်ဟူသောအသိက အားလုံး၏ခေါင်းထဲမှာ ကိုယ်စီ။ စိတ်မသိုးမသန့်နှင့် လိုက်ပါလာရင်း တစ်ဖက်ကမ်းကို ရောက်သွားခဲ့ကြသည်။ ထိုအခါကျမှ သက်ပြင်းချကြရလေတော့သည်။

"ကျေးဇူးပဲ နောင်ကြီးရာ ... အခုလိုကူညီတာ၊ ဒါနဲ့ ဇောင်အသုံးပြုလို့ အဖိုးအခသတ်မှတ်ချက်များ ရှိပါသလား"

"မရှိပါဘူး ... ကြုံကြိုက်လို့ ကူညီရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖော်မိုက်က ကျေးရူးစကားဆိုကာ နေရာမှ ထွက်သွား
သည်။ ထိုသူသည် ဖောင်ကြိုးကို အပင်တစ်ပင်နှင့် ခိုင်မြဲ
ချည်နှောင်ရင်း ကျန်ရစ်ခဲ့သည်။ ထို့နောက် ခရီးဆက်ခဲ့ကြ
သည်။ အားလုံး၏စိတ်ထဲမှာ ထိုသူနှင့်ပတ်သက်ပြီး သံသ
ဖြစ်နေကြသည်။ သို့သော် အကြောင်းအချက်ခိုင်မာသော သံ
ယမျိုးတော့ မဟုတ်။

✡

ရေအိုင်ကြီး၏ သည်မှာဘက်ကို ရောက်လာခဲ့ကြသည်
နှင့် စိတ်အားငယ်သွားကြသလို၊ သိမ်ငယ်မိကြသလို၊ ကြောက်
လာမိကြသလိုလို ခံစားလာခဲ့ကြရသည်။ တောသည် သူတို့
ဖမ်းစားလာခဲ့ပြီ ထင်သည်။ တောတောင်ထဲသွားလာနေကျ
သော ကောက်ရသည်ပင် ထိုသို့သောခံစားချက်မျိုး မဖြစ်
ဖူးခဲ့ပေ။ ဦးဖိုးသော်သည်ပင် . . .

"ဘယ်လိုဖြစ်တာလဲ . . . စိတ်ရော ကိုယ်လက်
မအီမသာ ဖြစ်လာတယ်၊ ခရီးပန်းလို့လား"

သူတစ်ယောက်တည်း ခံစားနေရသည်ဟုထင်သည်
သို့သော် အားလုံးက သူ့လိုပင်။ တောတောင်သဘာဝမြင်ကွ





သည်လည်း ပြောင်းလဲလာသည်ဟု ထင်မိကြသည်။ သို့သော်
သူတို့သည် ဘာကိုမှ ဂရုမစိုက်ကြသလို စိတ်ထဲမှာ ဟန်ဆောင်
တင်းကာ ဆက်လက်၍ ထွက်လာခဲ့ကြသည်။ လှိုင်သူဇာသည်
သစ်ပင်ကြီးများပေါ်ကို တမော့မော့နှင့် ကြည့်လာခဲ့သည်။

ရှားပါးပန်းများကို ရှာဖွေရန်လာခဲ့သည်ဟူသောသတင်း
လွှင့်ထားသည့်အတိုင်း ထိုသို့အထင်ရှိကြစေရန် ဖြစ်သည်။
တစ်နေရာကိုအရောက်တွင် ကောက်ရက . . .

"ခဏနားကြရင်ကောင်းမယ်၊ မိန်းကလေးလည်းပါလာ
တယ်၊ သူက ပိုပြီးတော့ ပင်ပန်းမှာပေါ့"

"သူ့ဇာ့ကို အားမနာကြပါနဲ့၊ ဆက်သွားလို့ရပါသေး
တယ်"

"နားဖို့လည်းသင့်ပြီ ဘူမကြီးရယ် . . . ဒါကြောင့်ပါ"

ဦးဖိုးသော်က သူတို့အထဲမှာ အသက်အကြီးဆုံး။ မိန်း
ကလေးအတွက်လည်း စဉ်းစားမိကြသည်။ လူကြီးတစ်ယောက်
အတွက် ထည့်ပြီးမစဉ်းစားမိကြ။ သို့သော် ဦးဖိုးသော်သည်
မောပန်းမှုကို ခံနိုင်ရည်ရှိနေသေးသည်။ လှိုင်သူဇာအတွက်က
အဓိကပါ။

နေ့ခင်းကြောင်တောင်ပေမယ့် တော၏အုပ်ဆိုင်းမှု
ကြောင့် အလင်းအားက နည်းနေသည်။ လမ်းပြကိုထိုနှင့်
ကောက်ရက အပင်ကြီးတစ်ပင်အောက်မှ သစ်ရွက်ခြောက်များကို

ရွှေကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းပေးကြသည်။ အခင်းနှစ်ခုကို တစ်နေရာစီခင်းကြသည်၊ ဦးဖိုးသော်၊ ဖော်မိုက်နှင့် လှိုင်သူဇာတို့က တစ်နေရာ၊ ကောက်ရ နှင့်လမ်းပြကိုတ္ထိက တစ်နေရာခွဲပြီး ထိုင်ကြသည်။ ကောက်ရ နှင့်ကိုတ္ထိတို့က ထမင်းချက်ကြသည်၊ သားကောင်များကို အမဲ လိုက်ခြင်းမပြုရန် လှိုင်သူဇာက မေတ္တာရပ်ခံထားသဖြင့် ...

"ရန်မူဖို့လာတဲ့ သားကောင်ကို အသက်ကာကွယ်ဖို့ အတွက်ကလွဲပြီး အပျော်သက်သက်မပစ်ပါဘူး သူဇာ"

ဖော်မိုက်ကလည်း ကတိပေးသည်။ ထို့ကြောင့် အသား ဘူးများကိုပဲ ဖောက်ပြီး ပြန်နွေးကာ စားသောက်ကြသည်။ စား ပြီးကြသော် ဖော်မိုက်သည် ကောက်ရကို လက်တို့ကာ ခေါ်သွား သည်။ တစ်နေရာကိုအရောက်တွင် ...

"ခင်ဗျားကို ပြောစရာရှိတယ် ... ကျွန်တော်တို့ ဒီကို လာတာ သစ်ခွပန်းရှာဖို့သက်သက် မဟုတ်ဘူး၊ အကြောင်းရှိ တယ်"

"ကျွန်တော်လည်း ရိပ်မိပါတယ်၊ ဒါပေမဲ့ ကျွန်တော်က သူတစ်ပါးကိစ္စကို စပ်စုတတ်တာမျိုး မဟုတ်လေတော့"

"ဟုတ်ပါတယ် ... အခု အဲဒီကိစ္စကို ဖွင့်မပြောမလို့ပါ၊ ဦးလေးနဲ့သူဇာကလည်း ပြောလိုက်ပါဆိုလို့၊ အမှန်ကတော့ အ ကြောင်းရင်းခံက သူတို့နှစ်ယောက်နဲ့ပတ်သက်ပါတယ်၊ ဒီလိုပါ"

ဖော်မိုက်သည် လာရင်းကိစ္စကို ဖွင့်ပြောလိုက်လေသည်။





"ဩော် ... ဒီလိုလား၊ ခုလို ကျွန်တော့်ကိုယုံကြည်ပြီး ပြောပြခဲ့လို့ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက သိပ်ပြီး လေး နက်သလို အရေးလည်းကြီးတယ်ကွဲဖော်၊ အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ မပြောနိုင်ဘူးလေ၊ ပြီးတော့ အမှန်အတိုင်း ပြောရရင် ဒီနေရာကို သိပ်သဘောမကျချင်သလိုဘဲ၊ ကျွန်တော် လည်း ရေအိုင်ကြီးရဲ့ဒီဘက်ကို အခုမှရောက်ဖူးတာ ...၊

ယောကျ်ားသားချည်းပဲဆို အကြောင်းမဟုတ်ဘူး၊ မိန်း ဘလေးတစ်ယောက်ပါလာတဲ့အတွက် တာဝန်ကြီးတယ်၊ အင်း လေ ... ဒီခရီးမှာ သူက အဓိကဆိုတော့ အန္တရာယ်တစ်စုံတစ် ရာ မကျရောက်အောင် ကာကွယ်စောင့်ရှောက်ရမှာပေါ့"

"ဒီစကားမျိုးကြားရတာ ဝမ်းသာပါတယ်ကိုကောက်ရ"

✲

၆

စားသောက်ပြီး ခဏနားကာ ခရီးဆက်ကြသည်။ တော ထဲတွင် သူတို့ တစ်ခါမှ မမြင်ဖူးသော အပင်များကို တွေ့ကြရ သည်။ လျှောက်သွားနေကြရင်းက မွှေးကြိုင်သောပန်းရနံ့တစ်မျိုး ကို ရှူရှိုက်မိလိုက်ကြရသည်။

"ဟင် ... တော်တော်ကိုမွှေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးသော်သည် ထိုရနံ့ကြောင့် နှုတ်မှထုတ်ဖော်ကာ ပြောမိရသည်အထိပင် ဖြစ်သွားခဲ့ရသည်။ ပန်းရနံ့တစ်မျိုးဟု သိလိုက်ကြရပေမယ့် ယင်းရနံ့မျိုးကို တစ်ခါမှ မရှူရှိုက်မိဖူးကြ ပေ။ အားလုံးသည် မွှေးအီထုံသော ပန်းရနံ့ကို သိသိသာသာကြီး ခံစားလိုက်ကြရသည်။ လှိုင်သူဇာက ...

"ဦးလေးသော် ... ဒီပန်းဟာ ဟောဒီအနီးအနားတင် ဝိုက်မှာပဲ ရှိနေမှာ ... လိုက်ရှာကြည့်ချင်တယ်"

"တစ်ခါတလေမှာ ဒီလိုအနံ့မျိုးဟာ အဝေးကြီးကလည်း လေနဲ့အတူ ပါလာတတ်တာကွဲ့"

"ဦးလေးသော် ... ဒီအနားမှာလည်း ရှိတတ်ပါတယ် လိုက်ရှာကြည့်မယ်လေ"

ကောက်ရကလည်း လှိုင်သူဇာကို နားလည်ပေးလိုက် သည်။ လမ်းပြကိုထွီက ...

"ဟိုဘက်ကို သွားကြည့်ရအောင်၊ အနံ့က ပြင်းတယ် အဲဒီဘက်ကလာတဲ့ လေနဲ့အတူ ပါလာခဲ့တာလို့ထင်တယ်"

ကိုထွီက ရှေ့မှဦးဆောင်ကာ ထွက်သွားသည်။ ပင် ဝန်းကျင်ကို သတိထားပြီး ကိုထွီ၏နောက်မှ လိုက်ကြသည် အနံ့က ပိုပြီးတော့ သိသာလာသည်၊ ဆွဲဆောင်မှုအပြည့်ရှိသော ရနံ့ကို အားလုံး နှစ်သက်နေကြသလို တစ်နေရာကိုအရောက်တွင်

"ဟောဒီမှာ လာကြည့်ကြပါဦး"





ကိုထွီ၏အသံကို ကြားလိုက်ကြရသည်။ တစ်ခုခုကိုတွေ့ သွားပြီထင်သည်။ ပန်းပဲဖြစ်လေမလား။ အားလုံး ကိုထွီဆီကို စုပြုံပြီးတော့ ရောက်သွားခဲ့ကြသည်။ ကိုထွီက အပင်ကြီးတစ်ပင် ဆီကို လက်ညှိုးထိုးပြလိုက်သည်။ အပင်ကြီး၏အောက်ခြေမှာ အရွက်အလက်များဖြင့် ဝေဆာနေသော ပန်းချုံကြီးတစ်ခု။ ယင်း ၏အလယ်တွင် ပန်းပွင့်ကြီးတစ်ပွင့်၊ တစ်ပေပတ်လည်ခန့်ရှိသည်။ အပွင့်ကြီး။ ထိုပန်းပွင့်ကြီးကို မြင်လိုက်ကြရသောအခါ အံ့အား သင့်သွားခဲ့ကြသည်။

"ဟင်"

"ဟာ"

အကြောင်းမှာ ပန်းပွင့်၏ပုံသဏ္ဌာန်သည် မိန်းကလေး တစ်ယောက်၏မျက်နှာနှင့် တူနေသောကြောင့်ပင်တည်း။ မျက်ခုံး၊ မျက်လုံး၊ နှာတံစင်းစင်းလေးကအစ ဖောင်းမို့နေသော ပါးစုန့်လေး နှစ်ခုကအစ၊ တင်းမို့နေသော နှုတ်ခမ်းလွှာလေးကအစ၊ လုံးဝန်း သော မေးစေ့လေးပါမကျန် မိန်းမချောလေး၏မျက်နှာနှင့် တစ် ထေရာတည်း။

"ဘယ်လိုလဲ .. ထူးဆန်းလှချည်လား၊ လူတစ်ယောက် ရဲ့မျက်နှာနဲ့ တူနေတဲ့ ဒီလိုပန်းပွင့်မျိုးကို တစ်ခါမှ မမြင်ဖူးဘူး"

ဦးဖိုးသော်၏နှုတ်က မအောင့်အည်းနိုင်တော့ဘဲ ထွက် သွားခဲ့လေသည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

## လုံ ချက် မိ သွား သော သ တ္တ ဝါ

အားလုံးသည် ထိုနေရာမှ အမြန်ဆုံးထွက်ခွာလာခဲ့ကြသည်။ ပန်းပွင့်မျက်နှာသည် သူတို့၏ စက္ကူအာရုံထဲမှာ စွဲငြိပြီးတော့လိုက်ပါလာခဲ့သည်။ မိန်းကလေးတစ်ယောက်နှင့် တူပဲတူနိုင်လွန်းသည်။ ယင်းမှထွက်လာသော ရနံ့သည်လည်း ခန္ဓာကိုယ်အဝန်းရှိ သွေးကြောများထဲအထိ စိမ့်ဝင်ကာ ပျံ့နှံ့သွားခဲ့သည်။ ခေါင်းထဲမှာတစ်မျိုးတစ်မည်ဖြစ်ကာ မအီမသာခံစားမှုမျိုးကို ရရှိသွားခဲ့ကြသည်။

သူတို့ထွက်သွားသောအချိန်တွင် ပန်းပွင့်သည် လေတိုက်၍ လှုပ်ရှားသွားသကဲ့သို့ မျက်နှာက တဖြည်းဖြည်းလှည့်ရင်းလိုက်ပါလာခဲ့သည်။ ယင်းကို လှိုင်သူဇာတို့ မသိလိုက်ကြ။ ခရီး





ဆက်ထွက်လာခဲ့သည့်တိုင် အာရုံရိပ်ထဲမှာ ပန်းပွင့်မျက်နှာက လိုက်ပါလာခဲ့သည်။ လှိုင်သူဇာသည် ရှူဆေးဘူးလေးကို ထုတ်ကာရှူရင်း လိုက်ပါလာသည်။

"သူဇာ ဘာဖြစ်လို့လဲ ... မူးနေတာလား။ ကျွန်တော် ဘာကူညီပေးရမလဲ"

"နည်းနည်းပါးပါးလောက်ပါ ကိုဇော်၊ ခဏနေရင် ကောင်းသွားမှာပါ"

ဇော်မိုက်သည် လှိုင်သူဇာကို အရိပ်တကြည့်ကြည့်နှင့် နေသည်။ ပန်းရနံ့ကြောင့် စိတ်ထဲ ယိမ်းယိုင်သွားခဲ့ကြသည် သား။ ခရီးပန်း၍လားမသိ အချိန်ကလည်း နည်းလာပြီဖြစ်သည်။ တစ်ညတာ တည်းခိုရပ်နားကြရပေတော့မည်။ အနားယူရန်လည်း လိုအပ်လာပြီဖြစ်၏။ ထိုစဉ် လူတစ်ယောက်သည် မလှမ်းတမ်းမှ ဖြတ်လျှောက်သွားသည်။

"ဟင် ... ဟိုလူ"

ကောက်ရက လက်ညှိုးထိုးကာ ပြလိုက်သည်။ ထိုလူသည် လက်မှ လုံတစ်ချောင်းကို ကိုင်ထားသည်။ ဓားတစ်လက်ကို စလွယ်သိုင်းထားသည်။ မိမိတို့ကို ဖောင်ပေါ်တင်ကာ ရေ ...ကြီး၏ တစ်ဖက်ကို ကူးလာခဲ့သူ။

"ဒီလူက ဘယ်လိုကြောင့် ဒီကိုရောက်လာတာလဲ ...တော်တို့နောက်ကို နောက်ယောင်ခံပြီးတော့ လိုက်လာခဲ့တာ

www.burmeseclassic.com



လား။ ဦးလေးသော် မသက်သာဘူးမျာ''

''သူ့လမ်းသူသွားတာပါ မောင်ဇော်၊ ဒီလိုမထင်ပါနဲ့ ဒီတောဟာ ကိုယ်တစ်ယောက်တည်း ဆိုင်တာမှမဟုတ်တာ''

''သူလည်း ကျွန်တော်တို့ကို မမြင်ဘဲ နေမှာမဟုတ်ဘူး တမင်တကာ မမြင်ချင်ယောင်ဆောင်သွားတာများလား''

ကောက်ရကလည်း သက်သာမကင်း ဖြစ်နေမိသည်။

''ကဲ ... တို့တစ်တွေ အနားယူကြဖို့ အချိန်တန်ပြီ တောက မှောင်လာတော့မယ်''

ဦးဖိုးသော်က သတိပေးလိုက်သည်။ စခန်းချရန် နေရာ ရွေးကြရသည်။ တစ်နေရာတွင် စမ်းချောင်းလေးတစ်ခုက စီး ဆင်းလျက်ရှိသည်။ အပင်ကြီးများကလည်း သိပ်မစိပ်၍ ယင်း အပင်တို့၏အလယ်တွင် မြေပြန့်တစ်ခုက ရှိနေသည်။ ထိုနေရာ ကိုပင် ရွေးချယ်လိုက်ကြသည်။ တစ်နေ့လုံးသွားလာခဲ့ကြ၍ တစ်ကိုယ်လုံး နွမ်းရိနေကြကာ ရေချိုးချင်ကြသည်။

''သူဇာလည်း ရေချိုးချင်တယ်''

''အေး ... စီစဉ်ပေးမယ် သမီး''

လှိုင်သူဇာ ရေချိုးရန်အတွက် နေရာကိုရွေးချယ်ကြ သည်။ ကျောက်တုံးကြီးနှစ်ခုအကြား ရေတိမ်သောနေရာကို တွေ့ သွားခဲ့ကြသည်။ ကမ်းစပ်မှာ ပေါက်နေသော အပင်ကြီးတစ်ပင် သည် အရိပ်အာဝါသကောင်းလွန်းလှသည်။ စမ်းချောင်းဘက်ကို





အနည်းငယ်ကိုင်းပြီးတော့ ကျနေသည်။

''ကဲ သူဇာ ... မြန်မြန်ကလေးချိုး၊ ကျွန်တော်နဲ့ ကို ကောက်ရ ဟိုဘက်အကွယ်မှာ ရှိနေကြမယ်''

ဇော်မိုက်က လှိုင်သူဇာကို သတိပေးပြီး နေရာမှထွက် သွားသည်။ အတော်ခပ်လှမ်းလှမ်းတွင် ကောက်ရနှင့်အတူ ကျောပေးကာ စောင့်နေကြသည်။ လှိုင်သူဇာသည် အနားမှာ သူရှိ,မရှိ ကြည့်ပြီး အဝတ်အစားများကို ကျောက်တုံးထက်ရှိ မွေးပွတာဘက်ကြီး၏အနားမှာ ပုံလိုက်သည်။ ထို့နောက် စမ်း ချောင်းထဲသို့ဆင်းလာကာ ရေချိုးနေသည်။ ရေက ရင်စို့လောက် အထိသာ နက်သည်။

အေးစိမ့်နေသောကြောင့် သိပ်အကြာကြီး မချိုးနိုင်။ ကျောက်တုံးထက်က မွေးပွတာဘက်ကြီးကို ရေထဲမှပင်လျှင် လှမ်း ယူလိုက်သည်။ ထို့နောက် တဘက်ကို ကိုယ်မှာ ရစ်ပတ်ကာ အပေါ်ကိုတက်လာခဲ့ပေသည်။ ထိုအချိန်တွင် လှိုင်သူဇာမမြင်နိုင် သော အန္တရာယ်တစ်ခု၊ ကြီးမားသောမြွေဟောက်ကြီးတစ်ကောင် သည် ရေစပ်သို့ကိုင်းကျနေသော သစ်ပင်ကြီး၏အပေါ်မှ ဆင်း လာနေသည်။

ယင်းအချိန်တွင် လှိုင်သူဇာကလည်း သူမ၏ဆံပင် များကို ဖြန့်ကာ လက်ဖြင့်သပ်နေသည်။ ယင်းအပြုအမူကြောင့် မြွေဟောက်ကြီးသည် မျက်စိနောက်သွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြီး'

ဖြီးခနဲဆို အသံထွက်ပေါ်လာပြီး ပါးပျဉ်းကြီးကို ရုတ်တရက် ထောင်လိုက်လေသည်။

လှိုင်သူဇာလည်း အသံကြောင့် အမှတ်တမဲ့ နောက်ကို လှည့်ကြည့်မိလိုက်လေရာ ...

''အောင်မယ်လေး''

မြွေဟောက်ကြီးကိုမြင်တွေ့သွား၍ လန့်ပြီးတော့ အော်လိုက်လေ၏။ ထိုစဉ် ...

'ဝှစ်'

'ဒုတ်'

လေထဲမှ လှံတစ်စင်းသည် အမှတ်မထင် ရောက်လာပြီး မြွေဟောက်ကြီး၏ဦးခေါင်းကို ထိမှန်ကာ သစ်ပင်မှာ စိုက်နေလေတော့သည်။ လှိုင်သူဇာ၏အော်သံကြောင့် ဇော်မိုက်နှင့် ကောက်ရတို့သည် အပြေးရောက်လာခဲ့ကြသည်။

''ဘာ ဘာဖြစ်တာလဲ သူဇာ''

''ဟို ဟို ဟို''

လှိုင်သူဇာသည် ထိတ်လန့်ပြီး အယောင်ယောင် အမှားမှားနှင့် ဖြစ်နေသည်။ သူတို့ဆီကို ချက်ချင်းလိုလို ရောက်လာသောသူတစ်ယောက်နှင့် ပက်ပင်းတိုးမိသွားခဲ့လေ၏။ ဇော်မိုက်သည် ထိုသူ့ဆီကို အပြေးအလွှားပင် ရောက်လာခဲ့ပြီး ...





''ဟော့ ဟော့လူ ... ခင်ဗျား''

အနားကိုရောက်သည်နှင့် အကျီကော်လံစုနှစ်ခုကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး ...

''ခင် ခင်ဗျား သူဇာ့ကို ဘာလုပ်လိုက်တာလဲ''

ထိုသူသည် ဇော်မိုက်ကို အေးစက်သောမျက်လုံးများဖြင့် ကြည့်နေရင်းက ...

''ငါက ဘာလုပ်ရမှာလဲ''

ဇော်မိုက်၏လက်များကိုလည်း ပုတ်ချလိုက်လေသည်။

''အို ... မဟုတ်ဘူး မဟုတ်ဘူး၊ ကိုဇော် မှားလိမ့်မယ်''

လှိုင်သူဇာသည် မည်သို့ရှင်းပြရမှန်းမသိအောင်ပင် ထိတ်လန့်နေမိသည်။ သို့ရှိစဉ် ကောက်ရသည် သစ်ပင်မှာ လှံတစ်ချောင်းစိုက်ဝင်နေသော မြွေဟောက်ကြီးကို တွေ့လိုက်ရလေသည်။

''ကိုဇော် ... ဟို ဟိုမှာကြည့်စမ်း''

သစ်ပင်ဆီကို လှမ်းကြည့်လိုက်ရာ မြွေဟောက်ကြီး၏ဦးခေါင်းကို လှံတစ်ချောင်းက စိုက်ကာ ပင်စည်အထိ ဖောက်ဝင်သွားလျက်ရှိသည်။ မြွေဟောက်ကြီး၏ သစ်ပင်ထက်မှာ တန်းလန်းကြီးရှိနေသော ကိုယ်ထည်ကြီးသည် အောက်ကို တဖြည်းဖြည်းနှင့် လျှောကျလာကာ ဘုတ်ခနဲဆို အပင်ခြေရင်းသို့ ရောက်သွားလေသည်။ မြွေကိုယ်ထည်ကြီးက တွန့်လိမ်ကာ လူးလွန့်နေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်သူဇာမှာ အသည်းတယားယားနှင့် ဖြစ်နေသည်။

ဦးဖိုးသော်နှင့်ကိုထွီတို့သည်လည်း အပြေးရောက်လာခဲ့ကြလေ၏။

"ဘာဖြစ်တာလဲ ဘာဖြစ်လို့လဲ"

သို့သော် သူတို့သည် မြွေဟောက်ကြီးကိုတွေ့လိုက်ရ၍ အဖြေကိုသိသွားခဲ့ကြလေသည်။ မြွေဟောက်ကြီးကိုကြည့်နေရင်းကပင် ထူးခြားမှုများက ဖြစ်ပေါ်လာခဲ့ကြသည်။ လှံသွားစိုက်ဝင်နေသော ခေါင်းပိုင်းမှစပြီး နီရဲလာသည်။ မီးခိုးများ အူထွက်လာသည်။ သည့်နောက် ကိုယ်ထည်အောက်ပိုင်း တောက်လျှောက်နီရဲလာပြီး ဟုပ်ခနဲဆို မီးတောက်ကတက်လာခဲ့သည်။ ထိုသူသည် လှံကို ဆွဲနုတ်လိုက်သည်။ မြွေဟောက်ကြီးသည် အောက်ကို ဖုတ်ခနဲဆို ပြုတ်ကျသွားသည်။

တစ်ကိုယ်လုံး မီးတောက်လောင်သွားကာ တွန့်လိမ်ကောက်ကွေးနေသော မြွေဟောက်ကြီးအားလုံးက အံ့အားတသင့်ဖြင့် ကြည့်နေကြသည်။ တစ်ခဏအတွင်းမှာပင် မြွေဟောက်ကြီးမှာ အရိုးစုဘဝသို့ ပြောင်းလဲသွားခဲ့လေပြီ။ စောစောက လူကိုသတိရပြီး လှည့်ကြည့်မိလိုက်ကြသည်။ မရှိတော့ ... ထွက်သွားခဲ့လေပြီ။

✡





"ဟ ... ထူးဆန်းလှချည်လား၊ မြွေဟောက်ကြီးကဘာကြောင့် ဒီလိုဖြစ်သွားခဲ့ရတာလဲ၊ ဒီလိုမျိုး တစ်ခါမှ မမြင်ဖူးဘူး"

ဦးဖိုးသော်သည် တအံ့တသြနှင့် ပြောလိုက်လေ၏။ ...သာလျှင်မဟုတ် အားလုံးကပါ အံ့အားသင့်နေမိကြသည်။

"သူဇာ ရေချိုးပြီး အပေါ်ကိုတက်လာတော့ သစ်ပင်ပေါ်...က ဆင်းလာတဲ့ မြွေဟောက်ကြီးကို မြင်လိုက်ရတာပဲ၊ လန့်ပြီး ...အောက်မှာ လှံတစ်ချောင်းက မြွေဟောက်ကြီးကို လာစိုက်တယ်၊ ...ဒီလူသာ လက်မမြန်ခဲ့ရင် သူဇာလည်း ခုလောက်ဆိုသေပြီ၊ ...ကိုဇော်က မဆင်မခြင် ဘာလို့ ဒီလိုလုပ်လိုက်ရတာလဲ"

"ကျွန်တော်လည်း သူဇာကလန့်ပြီးအအော်မှာ ပြေးလာ...တော့ ဒီလူ့ကိုလည်း တွေ့လိုက်ရတာနဲ့ အထင်မှားသွားခဲ့တာပါ"

ဇော်မိုက်ကလည်း လှိုင်သူဇာကို တောင်းပန်သလိုယောင်...ကြည့်လိုက်သည်။

"ဟဲ ဟဲ ... စိတ်မကောင်းဖြစ်မနေနဲ့ ကိုဇော်၊ အထင်...မှားတာပဲ ... ဘာတတ်နိုင်မှာလဲ၊ နောက်တစ်ခါကြုံရင် တောင်း...ပန်လိုက်ပေါ့"

"ဦးလေး ... ဒီလူဟာ ကျွန်တော်တို့နဲ့ပဲ အမြဲပိုနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှိးကောရှိးရဲ့လားမသိဘူး၊ နောက်ယောင်ခံပြီးတော့များ လိုက်နေတာလား''

ကောက်ရက ထိုသူကို အမြဲတမ်း သင်္ကာမကင်းဖြစ်နေ သည်။

''သူ့အကြောင်းနဲ့သူလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ပြော လို့တော့ မရဘူးပေါ့၊ အရမ်းတော့ အထင်မလွဲကြနဲ့''

ထို့နောက် အားလုံး နှစ်ယောက်တစ်တွဲစီ ရေချိုးကြ သည်။ လမ်းပြမောင်ထွီနှင့် ကောက်ရတို့သည် ထမင်းချက်ကြ သည်၊ ရေနွေးကျိုကြသည်။ ရွာမှဝယ်လာခဲ့သော ငါးခြောက် ငါးခြမ်းကို အသီးအရွက်များခူးကာ ချက်ပြုတ်ကြသည်။ လှိုင် သူဇာက ဝင်ကူမည်ပြုရာ အားလုံးက တားဆီးကြသည်။ သည် လိုနှင့် ကောက်ရက တောတောင်ထုံးစံအရ ဆိုင်ရာပိုင်ရာတို့ကို တင်မြှောက်ပသပြီးမှ ဝိုင်းဖွဲ့ပြီးစားကြသည်။

နေက အနည်းငယ်ညိုလာခဲ့သည်နှင့် တောရိပ်တောင် ရိပ်များက ထိုးပြီးတော့ ကျလာခဲ့သည်။ ရွက်ဖျင်တဲများကို ဆောက်ကြသည်။

''ကျွန်တော်တို့အတွက် မဆောက်ပါနဲ့၊ ဒီလိုပဲ လွတ် လွတ်လပ်လပ်နေချင်တယ်''

ကောက်ရနှင့်ကိုထွီတို့က တားဆီးကြသည်။ သူတို့က တောတောင်ထဲမှာ သည်အတိုင်းအိပ်စက်နေကြ၏။ ရွက်ဖျင်တဲ





နှင့် မအိပ်တတ်ဟု ဆိုကြသည်။ ဇော်မိုက်ကလည်း ရွက်ဖျင်တဲ နှင့်မအိပ်ဟု ဆိုသည်။ ထို့ကြောင့် ဦးဖိုးသော်နှင့် လှိုင်သူဇာ အတွက် တစ်လုံးစီ ဆောက်ပေးလိုက်ရသည်။

မှောင်ရီသန်းလာသောအခါ မီးပုံကြီးများကို ဖိုကြရ သည်။ မီးပုံကြီးသုံးပုံ။ သားရိုင်းကောင်များက မီးရောင်ကို ကြောက်ကြသည်။ သူတို့အနားကို ကပ်မလာစေရန်အတွက် မီးပုံကြီးများကို ဖိုထားကြရသည်။ အမှောင်က လုံးဝဆိတ်သုဉ်း သွားသောအခါ မီးရောင်ရှိသောနေရာကလွဲပြီး အားလုံး အမှောင် သန်းသွားခဲ့လေတော့သည်။ ညဥ့်ပိုးကောင်လေးများက ဟိုမှ သည်မှ အော်မြည်လာကြသည်။ ဦးဖိုးသော်နှင့် လှိုင်သူဇာတို့သည် အိပ်ရာဝင်သွားခဲ့ကြပြီဖြစ်သော်လည်း ကျန်လူများက ဝိုင်းဖွဲ့ပြီး တော့ စကားပြောနေကြသည်။ ထို့နောက် တစ်ယောက်တစ်လဲစီ ကင်းစောင့်ရန် စီစဉ်ကြသည်။ မောင်ထွီက ရှေးဦးစွာ ကင်းတာ ဝန်ယူမည်ဟုဆိုသည်။ အလယ်တွင်ကောက်ရ၊ သည့်နောက်ပိုင်း မှာတော့ ဇော်မိုက်။ သူတို့သုံးယောက် စကားပြောနေကြစဉ် မှာပင် ဆုံးရသောပန်းရနံ့ကို ရလိုက်ကြပြန်သည်။

''ဟ ... ဒီပန်းရနံ့ကို ရလိုက်ပြန်ပြီ၊ ဘယ်လိုဖြစ်တာ လဲ''

''ကိုဇော် ... ဒီအနားမှာလည်း လူမျက်နှာနဲ့ပန်းပင်မျိုး ပေါက်နေသလားမှ မသိတာ၊ ကျွန်တော်တော့ အဲဒီပန်းရနံ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရှုပြီးကတည်းက ခုထက်ထိ စိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ ဆိုတာကို ပြောလို့မရတော့ဘူး''

ကောက်ရကလည်း သူ့ခံစားချက်ကိုပြောပြသည်၊ ကိုထွီ က ...

''အားလုံး ကိုဇော်လိုပဲ ခံစားနေကြရတာပါပဲ၊ ကို ကောက်ရ ဒီပန်းဟာ အန္တရာယ်ရှိတယ်၊ ကျွန်တော့်စိတ်ထဲမှာ သူ့ဆီကထွက်လာတဲ့ရနံ့ဟာ အဆိပ်ရနံ့လို့ပဲထင်တယ်''

''အေးဗျာ ... စိတ်အနှောင့်အယှက် တော်တော်ပေးတဲ့ အနံ့ပဲ၊ ကဲ ကဲ ... အချိန်လည်း တော်တော်ကုန်လာပြီ၊ ကိုထွီက ကင်းတာဝန်ယူပြီးတော့ စောင့်ပေတော့၊ ကျွန်တော်တို့လည်း အိပ်တော့မယ်''

ဇော်မိုက်က စကားဝိုင်းကို သိမ်းလိုက်သည်။ ကိုထွီသည် သေနတ်ကိုယူကာ ရွက်ဖျင်တဲနှစ်လုံး ထိုးထားရာဆီကို လျှောက်သွားသည်။ ထိုနေရာမှာ မီးပုံကြီးတစ်ပုံကို ဖိုထားသည်။ ဇော်မိုက်တို့နှင့်လည်း သိပ်မဝေးလှပါ။ သူသည် သေနတ်ကောင်းကောင်း ပစ်တတ်သည်။ ဇော်မိုက်က သူ့သေနတ်ကို ကိုထွီအား ပေးလိုက်ခြင်းပင်။ မီးပုံအနီးသို့ ရောက်သော ထင်းချောင်းများကိုပစ်ထည့်ကာ လောင်စာဖြည့်လိုက်သည်။

✲ ✲ ✲



# အခန်း (၁၅)

## ညာ၏ခြောက်လှန့်မှုများ

ကိုထွီသည် သစ်ပင်ခြေရင်းကိုမှီထိုင်ကာ ညဝန်းကျင် အခြေအနေကို အကဲခတ်နေသည်။ သူသည် အပင်ပန်းခံနိုင်သူ၊ သုံးရက်လောက်မအိပ်ဘဲ နေနိုင်သူဖြစ်သည်။ အခုအချိန်မျိုးတွင် ညဘက်မှာ အစာရှာထွက်ကြသော သားရိုင်းသတ္တဝါများကို အထူးသတိထားကာ စောင့်ကြပ်နေသည်။ မီးပုံထဲ ဝါးဆစ်ပစ်ထည့်ကာ သားကောင်များကို ခြောက်လှန့်ရန် စိတ်ကူးရှိသည်။

သို့သော် အိပ်ပျော်နေကြသူများကို စိတ်အနှောင့်အယှက်ဖြစ်မည်စိုး၍ ထိုအကြံကို လက်လျှော့လိုက်ရသည်။ ထင်းပုံထဲ ထင်းခြောက်များကိုသာ အဆက်မပြတ် ထိုးနေသည်။ လေအဝေ့တွင် စူးရှသောပန်းရနံ့က ပါလာတတ်သည်။ ကိုထွီ ထိုပန်း





www.burmeseclassic.com

www.burmeseclassic.com





ရန့်ကို မှန်းသည်။ သေနတ်ကို ပေါင်ကြားထဲထည့်ပြီး ပတ် ကျင်ကိုသာ အကဲခတ်ပြီးတော့ကြည့်နေမိသည်။ တစ်ခဏအကြ တွင် ရှတ်တရက် ငိုက်မျဉ်းလာခဲ့သည်။

"ငါ ဘယ်လိုဖြစ်ပါလိမ့်၊ အိပ်ချင်လာတယ်"

မျက်လုံးတွေကို လက်နှစ်ဖက်နှင့် ပွတ်သပ်လိုက်သည် သို့သော် ချက်ချင်းမှာပင် ငိုက်မျဉ်းလာခဲ့ပြန်သည်။

"ဟာ . . . မဟုတ်သေးပါဘူး၊ မဖြစ်သင့်တာ"

သတိထိန်းထားသည့်ကြားထဲက မျက်တောင်တွေက ပြီးတော့ ကျကျသွားသည်။ ဘယ်လိုပဲ ထိန်းချုပ်ထားပေမ မရ။ လေးကျသွားသောမျက်ခွံတွေကို ဘယ်လိုမှ ပင့်တင်၍မ တော့ပေ။ မည်မျှကြာသွားခဲ့သလဲမသိ ဖျတ်ခနဲ လန့်နိုးသွားသည်

သူသည် မီးပုံနားတွင် မိန်းကလေးတစ်ယောက် အမှတ်မထင် တွေ့လိုက်ရသည်။ ပထမသော် လှိုင်သူဇာ ထင်မိလိုက်သေးသည်။ နောက်တော့ ဝတ်စားဆင်ယင်ပုံက မ ရှေးခေတ်နန်းတွင်းသူတစ်ယောက်၏ ဝတ်စားဆင်ယင်ပုံမျိုး ဖြ နေသည်ကို သိလိုက်ရသည်။ မိန်းကလေးက ချောမောလှပလွ လှသည်။ သူ့ကို ညို့မြူသောအကြည့်၊ ဖိတ်ခေါ်မျက်ဝန်းများဖြ ကြည့်ရင်း နေရာမှလှည့်ထွက်သွားသည်။

ကိုထွီသည် ဆွဲငင်အားကောင်းသော ရူပါရုံမြားချက် သွားကာ နေရာမှထလိုက်သည်။ မိန်းကလေး၏နောက်ကို လို





သွားမိသည်။ တစ်နေရာကိုအရောက်တွင် မိန်းကလေး၏နံဘေးရှိ သစ်ပင်ကြီးတစ်ပင်၏အကွယ်မှ ကြောက်စရာကောင်းသော လူကြီးတစ်ယောက် ရှတ်တရက်ထွက်ပေါ်လာခဲ့သည်။ ခေါင်းတုံး ကြီးနှင့် ပါးစပ်ကလည်း ပြဲပြဲ၊ နှာတံမရှိ၊ နှာခေါင်းပွကြီးက နီ နေသည်။ မျက်လုံးတွေက အရောင်တောက်နေကြသလို ထင်ရ သည်။

"ဟင် . . . ဘာ ဘာကောင်ကြီးလဲ"

မိန်းကလေးကို မတွေ့ရတော့ ထိုအကောင်ကြီးသည် သူ့ကို ရန်မူရန် ပြေးချလာသည်။

'ဒုန်း ဒုန်း ဒုန်း ဒုန်း'

"ဟိုက် . . . ငါ့ကို ရန်ရှာတော့မယ်"

ရှတ်တရက်မို့ ကြောက်စိတ်ဝင်သွားခဲ့သည်။ နောက် တော့မှ လက်ထဲမှာကိုင်ထားသော သေနတ်ကြီးကို သတိရသွား သည်။

"လာစမ်း လာခဲ့စမ်း . . . ကဲကွာ ကဲကွာ"

'ဒိုင်း ဒိုင်း'

သေနတ်ဖြင့် ထိုးချိန်ကာ ကြောက်ကြောက်လန့်လန့်ဖြင့် ပစ်ထည့်လိုက်လေ၏။

သေနတ်သံကြောင့် ဇော်မိုက်တို့ လန့်နိုးလာကြသည်။

"ဟင် . . . သေနတ်သံပါလား"

www.burmeseclassic.com



ကောက်ရနှင့်ဇော်မိုက်တို့သည် ကိုထွီရှိနေသောနေရာကို လှမ်းကြည့်လိုက်ကြသည်။

"လာချို့ ကိုကောက်ရ"

ပြေးသွားကြသည်။ ကိုထွီသည် သေနတ်ကို ရှေ့တည့်တည့်သို့ ထိုးချိန်လျက် သစ်ပင်ကိုမှီကာ ထိုင်လျက်သား။

"ကိုထွီ ... ကိုထွီ ဘာဖြစ်တာလဲ"

ကောက်ရက ပခုံးကိုကိုင်ကာ လှုပ်နှိုးပြီးမေးလိုက်သည်။

"ဘာ ... ဘာမှမဟုတ်ပါဘူး။ ကျားရိုင်းတစ်ကောင်ချဉ်းကပ်လာလို့"

ကိုထွီက ပြောမိပြောရာ ပြောလိုက်သည်။ သူ ကောင်းစွာ သတိရနေပြီဖြစ်သည်။ အိပ်မက်လား တကယ်လားဟူ၍ ခွဲခြားပြီးမသိနိုင်၍ လွယ်လွယ်ပင် စိတ်ကူးရသလို ပြောလိုက်ခြင်းပင်။ ထို့ပြင် သူ့အဖြစ်မှန်ကို ပြောလိုက်လျှင် မယုံမကြည်ဖြစ်သွားမှာကိုလည်း စိုးရိမ်မိသည်။

"ဟုတ်လား ... ဒါဆိုရင် ရှေ့ဆက်သတိထားကြရတော့မယ် ကိုကောက်ရ၊ တော်သေးတာပေါ့ဗျာ"

"ကဲ ကိုထွီ ... ကျုပ်အလှည့်၊ ခင်ဗျားသွားအိပ်တော့"

ကောက်ရက ကိုထွီကို အိပ်ခိုင်းလိုက်သည်။

"ကိုကောက်ရသေနတ်သံကြောင့် ကျွန်တော်တို့က လန့်နိုးလာကြပြီး တဲထဲက ဦးလေးသော်နဲ့သူဇာတို့ကတော့ နိုး





လာကြပါလား"

"အာ ... ဟုတ်ပါရဲ့"

ဇော်မိုက်နှင့်ကောက်ရတို့သည် တဲများဆီကို ပြေးသွားခဲ့ကြသည်။ ဓာတ်မီးထိုးပြီး ကြည့်ကြရာ နှစ်ယောက်စလုံး နှစ်ခြိုက်စွာ အိပ်မောကျနေကြသည်။

"ကောင်းကောင်းကို အိပ်မောကျနေကြတာပဲဗျား ထူးဆန်းတယ်၊ ဒီလောက်ကျယ်တဲ့ အသံကြီးကို ဘာဖြစ်လို့ မနိုးကြတာလဲ မသိဘူး"

"ကောင်းကောင်းကြီး အိပ်ပျော်နေလို့ အာရုံပိတ်နေတာလားမှ မသိတာ ကိုဇော်"

ဇော်မိုက်က တစ်ခုခုကို သင်္ကာမကင်းဖြစ်မိသည်နှင့် ကိုထွီ့ဆီကို ပြန်သွားသည်။ ကိုထွီသည် သေနတ်ကို ဘေးမှာချကာ အိပ်ပျော်လျက်ရှိနေလေပြီ။ သေနတ်ကိုယူပြီး ခါးချိုးကာ ကြည့်လိုက်သည်။

"ဟင်"

"ဘာလဲ ကိုဇော်"

"သေနတ်ကျည်က နှစ်တောင့်စလုံးရှိနေတယ်၊ ပစ်ထားပါလား၊ သူ့ကိုလည်း ကျည်တောင့်အပိုပေးထားတာမဟုတ်ဘူး။ ဒါ ဘယ်လိုဖြစ်တာလဲ"

"အေးဗျာ ... စဉ်းစားစရာပဲ၊ ဒါဆိုရင် သေနတ်သံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာကတော့ . . . နှစ်ချက်တောင်နော်''

မည်သို့ပင် စဉ်းစား စဉ်းစား အဖြေကမပေါ်။ ဆန်းကြယ်သောကိစ္စတစ်ခု ဖြစ်နေသည်။

''ကိုကောက်ရ . . . ကျွန်တော်တို့နှစ်ယောက် အတူတူစောင့်ကြမယ်ဗျာ''

''ဟ . . . ဘယ်ဖြစ်မလဲ၊ ခင်ဗျားအိပ်ပါဦး၊ ကျွန်တော်သေသေချာချာ စောင့်ပါ့မယ်''

''ခင်ဗျားကိုမယုံလို့ မဟုတ်ဘူး၊ တစ်ခုခု ဖြစ်မှာစိုးလို့''

''ဘာမှမဖြစ်ပါဘူး မစိုးရိမ်ပါနဲ့၊ ကဲ ကိုဇော် . . . ခင်ဗျားသွားအိပ်တော့''

ဇော်မိုက်သည် ကောက်ရကို ဘယ်လိုမှပြော၍မရသည့်အဆုံးမှာ ကိုထွီ၏အနားမှာကပ်၍ လှဲချလိုက်သည်။ သေနတ်ကိုတော့ ကိုင်ထား၏။ ကောက်ရလည်း ကိုထွီ စောစောကထိုင်နေသည့် သစ်ပင်ကြီးဆီကို လျှောက်သွားခဲ့လေသည်။

ကောက်ရသည် ထင်းတုံးများကို လောင်စာဖြည့်ရင်းပတ်ဝန်းကျင်အခြေအနေကို လေ့လာနေမိသည်။ လေအဝှေ့မှာရောက်လာတတ်သော ပန်းရနံ့ကို ရှူရှိုက်မိရပြန်လေပြီ။ ထို့ကြောင့် စိတ်မသက်မသာ ခံစားလိုက်ရသည်။

✡





ဇော်မိုက်၏အနားကို လူတစ်ယောက်က တဖြည်းဖြည်းနှင့် တိုးကပ်လာနေသည်။ အနားကိုရောက်သောအခါ ဘေးမှာချထားသော သေနတ်ကို လှမ်းယူလိုက်သည်။ ဇော်မိုက်သည် သေနတ်ကို လက်ဖြင့်ဆုပ်ကိုင်ကာ အိပ်ပျော်နေသည်ဖြစ်ရကားအမှတ်တမဲ့ပင် ပြန်ပြီးတော့ ဆွဲယူမိလိုက်သည်။ ထို့နောက်ဖျတ်ခနဲဆို နိုးလာပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ . . .

''ဟင်''

အနီးကပ်မြင်လိုက်ရသော မျက်နှာကြီးတစ်ခု။ ခေါင်းတုံးပြောင်ကြီးနှင့် မည်းသည်းနေသော မျက်နှာကြီးက သူ့ကိုမကျေမနပ်ဖြင့် ကြည့်နေသည်။ ဇော်မိုက်သည် ချက်ချင်းပင်ထထိုင်လိုက်ပြီး သေနတ်ကို မောင်းတင်ကာ ထိုးချိန်လိုက်သည်။

''ဟေ့လူ . . . ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ သေနတ်ကို လာယူရတာလဲ၊ ထွက်သွားစမ်း''

ထိုအခါ လူကြီးသည် သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်ကာ တဖြည်းဖြည်းနှင့် နောက်ဆုတ်သွားခဲ့လေသည်။ ထို့နောက်ချုံများကြားသို့ ဝင်ပြီး ပျောက်ကွယ်သွားခဲ့လေသည်။

ကောက်ရသည် ဇော်မိုက်ထံမှ ထွက်လာသောအသံကြောင့် နေရာမှ ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော် ကိုဇော် . . . ဘာလဲ ဘာလဲ"

သို့သော် ဇော်မိုက်က သေနတ်ကိုဆုပ်ကိုင်ကာ အိပ်နေမြဲ။

"ဟော့လူ ဟော့လူ . . . ခင်ဗျားထွက်သွား ထွက်သွား စမ်း"

နွတ်ကလည်း ယောင်ပြီးတော့ အော်နေလေသည်။ ကောက်ရက ဇော်မိုက်၏လက်မောင်းကို ဆုပ်ကိုင်ကာ . . .

"ကိုဇော် ကိုဇော်"

ထိုအခါကျမှ ဇော်မိုက်လည်း နိုးလာခဲ့သည်။

"ဟင်"

"ကိုဇော် . . . ခင်ဗျား ဘာတွေ ယောင်နေတာလဲ"

ဇော်မိုက်သည် ဝန်းကျင်အခြေအနေကို အလောတကြီးနှင့် ကြည့်လိုက်ပြီး . . .

"ကိုကောက်ရ . . . ခင်ဗျားတစ်ယောက်တည်းလား"

"အေးလေ . . . ခင်ဗျားအော်သံကြားလို့ ပြေးလာခဲ့တာ ဘာဖြစ်တာလဲ"

"လူတစ်ယောက်ဗျာ ကျွန်တော့်အနားကို ရောက်လာပြီး သေနတ်ကို လာဆွဲလို့၊ သူ့မျက်နှာကြီးကလည်း ခက်ထန်နေတာပဲ၊ ခေါင်းတုံးကြီးနဲ့"

"ကျွန်တော်ရောက်လာတော့ ဒီနားမှာ ဘယ်သူမှမရှိပါဘူး။ ခင်ဗျားလည်း အိပ်နေရင်းက ယောင်နေတယ်၊ အိပ်မက် မက်တာပဲ ဖြစ်မှာပါ"





ကိုထွီကတော့ အနားမှာအိပ်ပျော်နေသည်။ တုတ်တုတ်မျှပင် မလှုပ်။ စောစောက ဖောက်ပဲ့ခဲ့သည့် အဖြစ်အပျက်တစ်ခုကြောင့် စိတ်မောကာ ကောင်းစွာအိပ်စက်အနားယူနေသည်ထင့်။

"အေးဗျာ . . . ကျွန်တော် အိပ်မက်မက်တာပဲဖြစ်မှာပါ။ ဒီလူ ကိုထွီလည်း ဒီလိုပဲဖြစ်ခဲ့တယ် ထင်တယ်"

ထိုစဉ် . . .

ကောက်ရသည် ရွက်ဖျင်တဲများဆီကို အကြည့်ကရောက်သွားခဲ့သည်။ မျက်လုံးထဲမှာ မိန်းကလေးတစ်ယောက်နှင့် လူကြီးတစ်ယောက်တို့သည် ရွက်ဖျင်တဲအသီးသီးဆီသို့ ဝင်သွားခဲ့ကြသည်ကို မြင်လိုက်ရသည်။ မိန်းကလေးက ရှေးခေတ်အဝတ်အစားများနှင့်ဖြစ်ပြီး လိုင်သူဇာ၏တဲထဲသို့ ဝင်သွားသည်။ လူကြီးက ဓားကိုကိုင်ကာ ဦးဖိုးသော်၏တဲထဲသို့ ဝင်သွားခဲ့ကြလေသည်။

"ဟင်"

ကောက်ရသည် နေရာမှပြေးထွက်သွားသည်။

"ကိုကောက်ရ . . . ကိုကောက်ရ"

ဇော်မိုက်က လှမ်း၍ခေါ်လိုက်သော်လည်း ကောက်ရမှာ နောက်ကြောင်းကို လှည့်မကြည့်တော့။ ကောက်ရသည် ရှေးဦးစွာ လိုင်သူဇာ၏တဲထဲသို့ ပြေးဝင်သွားခဲ့သည်။ မီးထိုးကြည့်ရာ လိုင်သူဇာသည် အေးဆေးစွာပင် အိပ်မောကျနေလျက် အခြားမည်



www.burmeseclassic.com

www.burmeseclassic.com





သူ့ကိုမှ မတွေ့ရ။

"ဟင် ... ဘယ်ရောက်သွားသလဲ"

ထို့နောက် တဲထဲမှပြေးထွက်သွားပြီး ဦးဖိုးသော်၏တဲထဲသို့ မီးထိုးကြည့်ပြန်သည်။ ဦးဖိုးသော်မှလွဲပြီး အခြားမည်သူမှ မရှိ။ စဉ်းစား၍မရအောင် ဖြစ်သွားခဲ့ရသည်။

"ဘယ်လိုဖြစ်တာလဲ၊ ငါ သေသေချာချာ မြင်လိုက်ရတာပါ"

ဖော်မိုက်လည်း ကောက်ရ၏အနားကို ရောက်လာခဲ့သည်။

"ကိုကောက်ရ ... ဘာတွေ့လို့လဲ"

"လူနှစ်ယောက် တဲထဲကို တစ်ယောက်စီဝင်သွားကြတယ်၊ ခု လာကြည့်တော့ မတွေ့ရတော့ဘူး"

"ခင်ဗျားမျက်စိမှားတာ ဖြစ်မှာပါ"

"မမှားနိုင်ပါဘူးဗျာ ... သေသေချာချာကို မြင်လိုက်ရတာပါ"

ဖော်မိုက်က ခေါင်းတစ်ချက်ယမ်းခါလိုက်သည်။ မဖြစ်သင့်တာတွေ ဖြစ်နေသည်လို့ ထင်မိလိုက်သည်။

"ကဲ ... ကျွန်တော်ပါ ခင်ဗျားနဲ့အတူ နေမယ်ဗျာ"

ကောက်ရက ဘာမှမပြော။ တဲနှင့်လည်း မနီးမဝေးမှ အဆင်ပြေသည်။





"ကိုထွီကတော့ ဘယ့်နှယ်လုပ်မလဲ"

"ဒီကနေ လှမ်းမြင်နေရတာပဲ၊ မီးပုံကို မီးအားကလည်း ဘက်နေတာပဲ၊ အိပ်ပါစေ"

ဖော်မိုက်ကတော့ အခင်းကိုဖြန့်ချလိုက်ကာ လဲလျောင်းလိုက်သည်။ ကောက်ရ၏စိတ်တွေက မငြိမ်သက်သေး။ ပတ်ဝန်းကျင်ကို သင်္ကာမကင်း ဖြစ်နေဆဲ။ တစ်ခဏအကြာတွင် ကိုထွီသည် အထုပ်များနှင့်အခင်းကို ဆွဲကာ သူတို့ဆီကိုရောက်လာခဲ့သည်။

"အိပ်လို့မရဘူးဗျာ၊ ကျွန်တော့်ကို တစ်ယောက်ယောက်က လာခေါ်နိုးနေသလိုပဲ၊ ဒီမှာလာအိပ်တာ၊ အထုပ်တွေကိုပါ ယူလာခဲ့တယ်၊ တချို့ကို ရွက်ဖျင်တဲထဲမှာ ထည့်ထားတယ် ဟုတ်လား"

"ဟုတ်တယ် ... ကျွန်တော်ပါ ကိုကောက်ရနဲ့ အတူတူတွဲပြီးစောင့်မှာ၊ ခင်ဗျားအိပ်တော့ ကိုထွီ"

"အေးဗျာ ... ကျေးဇူးပဲ ကိုဖော်"

အထုပ်များကို အနားမှာချပြီး အခင်းခင်းကာ စိတ်ချလိုက်ချ အိပ်ပျော်သွားခဲ့သော ကိုထွီ၊ နောက်ထပ် မည်သည့် အနှောင့်အယှက်များ ရောက်လာလေဦးမည်လဲဟု စိတ်တထင့်ထင့်နှင့် စောင့်စားရင်း မိုးစင်စင်လင်းခဲ့ရလေသည်။

✡✡✡



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## တော ထဲ က မြို့ မျက် ဟောင်း

ဇော်မိုက်နှင့်ကောက်ရတို့သည် မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့ကြသည်။ နိုးလာကြပြန်တော့လည်း အားလုံးအတူတူ။ လှိုင်သူဇာသည် အိပ်ရေးဝထား၍ မျက်နှာလေးက ဖောင်းအစ်နေသည်။ ဦးဖိုးသော်လည်း ထို့အတူ။

"စအိပ်လိုက်ကတည်းက မိုးအလင်း တစ်ရေးပဲကွာ၊ ဘယ်လိုဖြစ်လို့ ဒါလောက်အထိ အိပ်ပျော်သွားခဲ့တာလဲ မသိဘူး"

"သူဇာလည်း ဦးလေးသော်လိုပဲ ... ဘာကိုမှ မသိတော့ဘူး"

"အင်း ... ညက ကျွန်တော်တို့သုံးယောက် စိတ်ကယောက်ကယက်ဖြစ်နေကြတာ ဦးလေးသော်တို့ မသိလိုက်ကြ





ဘူး မဟုတ်လား"

ဦးဖိုးသော်ရော လှိုင်သူဇာပါ မျက်နှာအပြောင်းအလဲဖြစ်သွားခဲ့ကြသည်။

"ဟင် ... ဘာတွေများ ဖြစ်ကြလို့လဲ"

ထိုအခါ တစ်ယောက်စီ အကြောင်းစုံရှင်းပြလိုက်ကြသည်။ နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ကြလေသည်။

"အဲဒီလို ဖြစ်ခဲ့ကြတာလား၊ အင်း ... တကယ်တော့ ဒါတွေဟာ စိတ်ထင်ယောင်ထင်မှား ဖြစ်ခဲ့ကြတာပဲ၊ တောကသည်း ကြီးတော့ မာယာများတယ်၊ ပြီးတော့ ငါတို့အားလုံး ဟိုပန်းရနံ့ကို ရှူထားမိကြတယ် မဟုတ်လား၊ အဲဒီရနံ့ထဲမှာ လူကို မူးယစ်စေတတ်တဲ့ အရာမျိုးတွေ ပါလာတယ်၊ ဒါကြောင့် အရာရာကို စိတ်ဖောက်ပြန်သလိုဖြစ်ပြီး မြင်ချင်ရာကို မြင်နေကြရတာပေါ့"

"ကျွန်တော်တို့လည်း အဲဒီလိုပဲ ထင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကျတော့ အဲဒီလိုဖြစ်ပြီး ဦးလေးသော်နဲ့ လှိုင်သူဇာတို့က ဘယ်လိုကြောင့် အိပ်ရာက မနိုးကြတာလဲ"

"ကိုဇော် ... ငါတို့ရဲ့အာရုံကြော၊ နာ့ဗ်ကြောတွေက တုံ့ပြန်မှု မရှိကြဘူးလေ၊ ဒါကြောင့်မို့ ဘာမှမသိဘဲ ဖြစ်ကြရတာ၊ မင်းတို့က တုံ့ပြန်မှုတွေရှိတော့ ဒီလိုပဲ ဖြစ်ကုန်ကြတာပေါ့"

ဦးဖိုးသော်က မည်သို့ပင်ဆိုစေ ကောက်ရနှင့်ကိုဇော်တို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆန်းကြယ်သော၊ အထိတ်တလန့်ဖြစ်စရာကောင်းသော ဖြစ်ရပ်များဟုသာ လက်ခံထားကြသည်။

အလင်းရောက်လာခဲ့ပြီ ဖြစ်၍ စိတ်သက်သာရာ ရသွားခဲ့ကြသော်လည်း တောက အလင်းရောင်အားနည်းနေသေးသည်။ နံနက်အဆာပြေ အစာအစာများကို စားသောက်ခဲ့ကြပြီးသည်နှင့် ခရီးစထွက်ကြလေသည်။

ကိုထွီနှင့်ကောက်ရတို့က လမ်းရှင်းပေးသည်။ ဇော်မိုက်သည် မြေပုံညွှန်းကိုကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်။

"ဘာလဲ ကိုဇော်"

"ဦးလေးသော် ... ကျွန်တော်တို့ လမ်းကြောင်းလွဲလာခဲ့ပြီ ထင်တယ်၊ လာတုန်းကတော့ မြေပုံညွှန်းအတိုင်းပဲ၊ ဘယ်လိုကြောင့် ဒီလို တဖြည်းဖြည်းနဲ့ လွဲသွားခဲ့ရတာလဲ မသိဘူး"

"အေး ... ငါလည်း ရိပ်မိတယ်၊ ဒါပေမဲ့ နောက်ကြောင်းကို ပြန်လှည့်ဖို့ကတော့ မဖြစ်နိုင်တော့ဘူး၊ ရှေ့ကိုပဲ ဆက်ကြမယ်ကွာ၊ ငါတို့ အရပ်ရှစ်မျက်နှာခွဲပြီး ကြည့်ကြမယ်၊ ဖြစ်နိုင်ခြေရှိတဲ့လမ်းကနေ မူလပစ်မှတ်ဆီကို ဖြတ်ထွက်ကြမယ်"

"ဟုတ်တယ် ... အဲဒီလိုပဲ လုပ်ကြမယ် ဦးလေးသော်"

နကာမှရောရေးဆွဲထားသည့် ခရီးမိုင်ခန့်မှန်းခြေကို တွက်ဆကြသည်။ ရတနာဂူဆီကိုသွားရာလမ်းနှင့် မျဉ်းပြိုင်ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။





"ဟုတ်တယ် ... လမ်းက တစ်ဖက်စီ ဖြစ်နေပေမယ့် ပြိုင်နေတယ်၊ ကျွန်တော်တို့က လာရာလမ်းကြောင်း တဖြည်းဖြည်းနဲ့ သွေဖီလာခဲ့တာ၊ မူလသွားရာလမ်းကြောင်းနဲ့ တော်တော်လေးကို ဝေးကွာသွားတယ်၊ ဟောဒီနေရာကိုရောက်ရင် မူလပစ်မှတ်ဆီကို ဖြတ်ထွက်ကြမယ်"

ဇော်မိုက်က မြေပုံညွှန်းတစ်နေရာကို လက်ထောက်ပြီး တော့ပြသည်။ ထိုစဉ် ...

"ဟောဒီမှာ လာကြည့်ကြစမ်းဗျို့"

ကိုထွီ၏အသံကိုကြားလိုက်ကြရသည်။ ထို့ကြောင့် ခြေလှမ်းသွက်သွက်နှင့် လျှောက်သွားခဲ့ကြလေရာ ...

✲

သူတို့ ရောက်သွားကြသောအခါ ကိုထွီက တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ သူတို့တွေ့လိုက်ကြရသည်ကား ရှေးဟောင်း ဘုရားပြို၊ စေတီပျက်များ၊ ဘုရားငုတ်တိုများပင်။

"တောနက်ကြီးထဲမှာ ဒါတွေကို တွေ့လိုက်ကြရတာ အံ့အားသင့်စရာပဲ၊ ဒီနေရာဟာ ရှေးက လူတွေ နေထိုင်သွားခဲ့ကြပုံပဲ၊ တော်တော်ကြီးကျယ်ခမ်းနားစွာနဲ့ နေထိုင်သွားခဲ့ကြတာ၊

www.burmeseclassic.com



မြို့ကြီးတစ်မြို့နဲ့ တူတယ်''

စိတ်ဝင်စားလာကြသည်နှင့် လျှောက်ကြည့်မိကြသည်။ လူနေအိမ်ခြေအဟောင်းငုတ်တိုင်များ၊ ရေတွင်း ရေကန်များကိုပ် ဟိုနေရာ သည်နေရာမျိုးမှာ တွေ့လာခဲ့ကြရသည်။

''ဟုတ်တယ် . . . တကယ့်ကို မြို့ပျက်ကြီးတစ်ခုဆိုတာ ကျိန်းသေတယ်''

လှိုင်သူဇာက မှတ်ချက်ချလိုက်သည်။

''မြို့ပျက် ရွာပျက်ဆိုတာ ဘယ်သူမှမရှိကြတော့ပေမယ့် လူတွေရဲ့အစွဲအလမ်းကြောင့် နာနာဘာဝတွေအသွင် ဖန်ဆင်းပြီး ကျန်ရစ်ခဲ့ကြတယ်လို့ လူတွေက ထင်ကြတယ်၊ ပရလောကသားတွေဘဝနဲ့ အမျိုးမျိုးအဖုံဖုံ ခြောက်လှန့်ကြတယ်လို့ ပြောကြတယ်''

ကောက်ရက ထိုနေရာကို မနှစ်မြို့စွာဖြင့် ကြည့်ရင်း ပြောလိုက်လေ၏။ ယုံကြည်မှုလား၊ ဤအတိုင်း စိတ်ထဲက လက်ခံထားလေသလား။ အဆောက်အအုံပျက်များနှင့် တိတ်ဆိတ်နေသော ဤနေရာတွင် မိမိတို့အပြင် အခြားအခြားသော သူများသည်လည်း ရှိနေကြသည်ဟု ထင်နေမိကြသည်။ မိမိတို့ကို စောင့်ကြည့်နေကြသည်ဟူ၍လည်း သက်ာမကင်း ဖြစ်လာမိခဲ့ကြလေသည်။ ထို့ကြောင့် နေရာမှ အမြန်ထွက်ခဲ့ကြသည်။

''ဒီတောကြီးဟာ အမြဲတမ်း ပြောင်းလဲနေတယ်နဲ့ တူပါ





တယ်၊ ဖေဖေတို့လည်း ဒီနေရာကို မရောက်ခဲ့ကြတာ အမှန်ပဲ''

လှိုင်သူဇာကလည်း သဘောပေါက်လာခဲ့သည်။ ခရီးဆက်ခဲ့ကြသည်။ မူလပစ်မှတ်ရှိရာ ကျောက်ဂူကြီးဆီကို လမ်းတစ်လမ်းမှ ဖြတ်ဖောက်ထွက်ရမည့် နေရာဆီကိုရောက်ရန် အနည်းငယ် လိုသေးသည်။ တောထဲတွင် သားကောင်ငယ်များကို မတွေ့ကြရ။

တစ်နေရာအရောက်တွင် မလှမ်းမကမ်းမှ ဖြတ်သွားသော မြွေထိုင်ဝက်ဝံကြီးတစ်ကောင်ကို အမှတ်မထင် တွေ့လိုက်ကြရသည်။ သူ့လမ်းသူသွားနေသည်ဖြစ်၍ အလုပ်မရှုပ်ခဲ့ကြ။ ခုမှပင် သားကောင်ကြီးတစ်ကောင်ကို မြင်တွေ့လိုက်ကြရခြင်းပင်။

တစ်နေရာကိုအရောက်တွင် တောင်ကုန်းကြီးတစ်ခုပေါ်ကို တဖြည်းဖြည်းနှင့်တက်လာသော သတ္တဝါကြီးတစ်ကောင်။ တောင်ကုန်း၏တစ်ဖက်မှ တက်လာခဲ့သည့် ကျားသစ်ကြီးသည် ထိပ်သို့ရောက်သောအခါ အောက်ကို တစ်ချက်ကြည့်လိုက်သည်။ ဦးဖိုးသော်က အမှတ်မထင် လှမ်းပြီးတော့မြင်လိုက်သည်။

''တောင်ကုန်းပေါ်မှာ ကျားသစ်ကြီးတစ်ကောင်''

ဦးဖိုးသော်သည် လေသံဖြင့် သတိပေးလိုက်သည်။ ကောက်ရက ဖော်မိုက်ဆီက သေနတ်ကိုယူလိုက်သည်။ ကျားသစ်ကြီးသည် အောက်မှလူများကို တစ်ချက်ကြည့်လိုက်ပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်တည်းနှင့် ချန်ဆင်းလာခဲ့လေသည်။

'ဒိုင်း'

ကော်ဒိုက်ယမ်းအား ပေါက်ကွဲသံနှင့်အတူ ကျားသစ်ကြီးသည် လေထဲမှာပင် တန့်ခနဲဖြစ်သွား၏။ ထို့နောက် အောက်ကို အရုပ်ကြိုးပြတ် ပစ်ကျလာခဲ့လေသည်။

'ဘုန်း'

ကျားသစ်ကြီးသည် မြေပြင်ပေါ်မှာ ဆန့်ငင် ဆန့်ငင်နှင့် အကြောဆွဲနေ၏။ နောက်ပြီးတော့ ငြိမ်ကျသွားခဲ့သည်။ သွားရောက်ကြည့်ကြရာ ကျည်က နားထင်ကို ဖောက်ထွင်းသွားခဲ့သည်ကို တွေ့လိုက်ကြရ၏။

''မတတ်နိုင်ဘူး ... ဒီကောင်ကြီးက အန္တရာယ်ပြုမှာဆိုတော့ လုပ်လိုက်ရတာပဲ''

ကောက်ရက ညည်းညူကာပြောလိုက်သည်။ လှိုင်သူဇာသည် ကျားသစ်ကြီးကိုကြည့်ပြီး ထိတ်လန့်သွားမိသည်။ တောကောင်၏အန္တရာယ်ကို စတင်ပြီးတော့ ကြုံတွေ့လိုက်ကြရခြင်းပင်။

''သတိတော့ထားကြမှဟေ့၊ ဒီဘက်မှာ သားရိုင်းသတ္တဝါကြီးတွေ ပေါပုံရတယ်''

ဦးဖိုးသော်က သတိပေးလိုက်သည်။ ကောက်ရက မြေပြင်တစ်နေရာကို လက်ညှိုးထိုးပြလိုက်၏။ လတ်လတ်ဆတ်ဆတ်





ကျားခြေရာများ။

''ကျားတစ်ကောင်ပဲ၊ ဒီကောင်ကြီး ဒီကဲ့ထွက်သွားတာ မကြာသေးဘူး''

ထို့ကြောင့် သတိကြီးစွာထားကာ လျှောက်နေကြရသည်။ ချုံအကွယ်တစ်ခုတွင် ချောင်းမြောင်းနေသော သတ္တဝါတစ်ကောင်။ သူတို့ မမြင်မိ။

''ကျားနံ့ရတယ် ... ဆက်မသွားကြနဲ့ဦး''

ကောက်ရက သတိပေးလိုက်သည်။ စကားမဆုံးမီမှာပင် ချုံကိုကျော်လွှားကာ ထွက်ပေါ်လာသော ကျားကြီးတစ်ကောင်။ အနီးကပ်ဖြစ်နေ၍ သေနတ်များကို ပြင်ဆင်ရန် အချိန်မရလိုက်။

''ဟင် ... ကျား ကျားကြီး''

လှိုင်သူဇာက ထိတ်လန့်ပြီး အော်မိလိုက်သည်။ ထိုစဉ်

'ဝုစ် ... ဒုတ်'

လှံတစ်ချောင်းက လေကိုခွင်းပြီးတော့ ရောက်လာသည်။ ကျားကြီး၏လက်ပြင့်နောက်ကို တိုက်ရိုက်ပင် သွားမှန်သည်။

'ဝေါင်း'

ကျားကြီးက နာကြည်းစွာပင်အော်လိုက်လေ၏။ ထို့နောက် မြေပြင်ပေါ်ကို အရုပ်ကြိုးပြတ် ပစ်ကျသွားခဲ့သည်။

'အူး ... ဝေါင်း'

ကျားကြီးသည် လူးလိမ့်ကာ အော်ဟစ်သောင်းကျန်း



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိသည်။ ဦးဖိုးသော်နှင့်အားလုံးသည် အံ့အားတသင့်ဖြင့် ကြည့်နေမိကြသည်။ လှံသမားကိုမတွေ့ရ။ ကျားကြီးသည် အသက်မထွက်မီ တွေ့မိရာရာကို ကိုက်ခဲကာ ဒေါမာန်ကြီးလျက် ရှိသည်။ တစ်ခဏကြာမှ ငြိမ်သက်သွားခဲ့လေသည်။ မရှေးမနှောင်းမှာပင် လူတစ်ယောက်က သူတို့ဆီကို ချက်ချင်းလိုလိုပင် ရောက်လာခဲ့သည်။

လှံသမားကို အံ့ဩမိခြင်းတော့ မဖြစ်မိပါ။ သူတို့နှင့် မကြာခဏ ဆုံမိသောသူပင်။ ထိုလှံကိုလည်း အားလုံးက စိတ်ဝင်စားနေကြသည်။ ထိုသူသည် ကျားကြီး၏အနားကို လျှောက်သွားသည်။ လှံကိုဆွဲမနုတ်မီ ကျားကြီး၏ကိုယ်ပေါ်မှ အငွေ့များက ထွက်လာခဲ့သည်။ သူသည် လှံကိုဆွဲနုတ်လိုက်သည်။

အားလုံး ဝိုင်းအုံကာ ကျားကြီးကိုကြည့်နေကြသည်။ ကြည့်နေရင်းကပင် ကျားကြီး၏တစ်ကိုယ်လုံး အငွေ့များထွက်လာကာ နီရဲလာသည်။ ချက်ချင်းပင် ဟုပ်ခနဲဆို မီးတောက်များ တက်လာပြီး လောင်ကျွမ်းစပြုလေတော့သည်။

"ဟင်"

"ဟာ"

အားလုံး အံ့အားတသင့် ဖြစ်သွားခဲ့ကြသည်။ မြွေဟောက်ကြီးကို သတ်ခဲ့စဉ်ကတည်းက လှံအစွမ်းကို သိထားကြပြီးဖြစ်သည်။ ယခုတစ်ဖန် ကျားကိစ္စတွင် အရင်ကအတိုင်း





လှံအစွမ်းက ပြနေပြန်သည်။ ထိုသူသည် လှံကိုကိုင်ကာ နေရာမှ ထွက်သွားတော့မည်အပြု ...

"ခဏနေပါဦး မောင်ရင်"

ဦးဖိုးသော်က ထိုသူကို ဟန့်တားလိုက်သလို ဖြစ်သွား၏။ သူ၏ခြေလှမ်းများသည် တန့်သွားခဲ့ရသည်။

"မောင်ရင် အခုလိုကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပါနဲ့ဆို သုံးခါရှိပြီ"

ဖောင်နှင့်လိုက်ခွင့်ပြုစဉ်ကတစ်ခါ၊ မြွေဟောက်ကြီးကို သတ်စဉ်ကတစ်ခါ၊ ခုတစ်ခါ။

"ကျေးဇူးတင်စရာမလိုပါဘူးဗျာ၊ ကျွန်တော် ကူညီခွင့်ကြုံလို့ ကူညီရတာပါ"

မျက်နှာအမူအရာ ရှုသိုးသိုးပေမယ့် စကားပြောက ပြေပြစ်သည်။ သူ့ကို ဝိုင်းပြီးတော့အကဲခတ်နေစဉ်မှာ ကျားကြီးတစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်နေခဲ့လေပြီ။

"ဒါနဲ့ ခင်ဗျားက ဘယ်ကိုသွားမလို့လဲ၊ ခုလိုမေးမိတာ စိတ်မရှိပါနဲ့၊ ခရီးတစ်ခုထဲမှာ အတူတူဆုံမိကြလို့ စိတ်ဝင်စားပြီး မေးမိတာပါ"

ဇော်မိုက်က လေသံကို အပျော့ပျောင်းဆုံးထားကာ မေးသည်။

"သံသယစကားတော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . မဟုတ်ပါဘူး၊ ဒါကိုတော့ ယုံပါ"

"ကျွန်တော် ကျောက်ချဉ်လာရှာတာ၊ ဟောဒီဘက်မှာ ကျောက်ချဉ်ရှိတယ်ဆိုလို့၊ နာမည်က ဘထူးတဲ့၊ ဒီကနေ သိပ်မဝေးတဲ့နေရာမှာ စမ်းပေါက်ရွာဆိုတာ ရှိတယ်၊ အဲဒီမှာနေတာ"

ဖော်မိုက်ကလည်း အတူပါလာသောသူများနှင့် မိတ်ဆက်ပေးသည်။ ဘထူးကတော့ အန္တရာယ်ပြွမ်းသည့် တောကြီးထဲကို စွန့်စွန့်စားစားနှင့် ရောက်လာခဲ့ကြသည့်သူများ၏ ရည်ရွယ်ချက်ကိုမမေး၊ သူ့အလုပ် မဟုတ်။ မီးတောက်ကြီးဖြစ်ကာ လောင်ကျွမ်းနေသော ကျားကြီးဆီက အသားညှော်နံ့များ ထွက်လာခဲ့သည်။

"ကျွန်တော်တို့ တစ်သက်မှာ ဒီလိုထူးဆန်းတာမျိုး ခု တစ်ခါပဲ တွေ့ဖူးသေးတယ်၊ ခင်ဗျားရဲ့လုံ့က အစွမ်းထက်လှချေလား၊ ဘယ်လိုသံမျိုးနဲ့လုပ်ထားတာလဲဗျာ"

"လက်ဆောင်ရထားတာပါ၊ ကျွန်တော်လည်း မသိဘူး၊ သုံးလိုက်ရင် ခုလိုဖြစ်သွားတာပဲ မိတ်ဆွေ"

ဖော်မိုက်သည် ဘထူးထံမှလုံ့ကို တောင်းယူကာ ကြည့်သည်။ လုံ့သွားရင်းတွင် အလုံးလေးတစ်လုံးက ကပ်နေသည်။ လက်နှင့်ကိုင်ကြည့်ရာ လှုပ်ပင်မလှုပ်၊ မြဲနေသည်။ ထို့နောက် ဘထူးကို ပြန်ပေးလိုက်လေသည်။

☆☆☆



## အခန်း [၁၅]

## ကျောက် ချဉ် နက်

ဘထူးလည်း နှုတ်ဆက်ကာ ထိုနေရာမှ ထွက်သွားခဲ့လေသည်။

"သူ့လုံ့က အစွမ်းထက်တဲ့သံတစ်မျိုးနဲ့ စီရင်ထားတာ၊ ဂမ္ဘီရအစီအရင်နဲ့လုပ်ထားတဲ့သံ ဖြစ်လိမ့်မယ်"

ကောက်ရက လုံ့ကိုစိတ်ဝင်စားလျက် ရှိသည်။

"ဒါ သံမဖြစ်နိုင်ဘူး . . . သတ္တုပစ္စည်းတစ်မျိုးပဲ၊ ဒါမှမဟုတ် မိုးကြိုးသွားနဲ့ပေါင်းစပ်ထားတဲ့ပစ္စည်း ဖြစ်လိမ့်မယ်၊ ဒါကြောင့်မို့ မီးလောင်နိုင်တာ၊ ကျားကြီးဗျာ . . . အရေခွံတောင်မရလိုက်ဘူး၊ တစ်ခါတည်းကို ပြာဖြစ်ရော"

ကိုထွီက အရိုးပါပြာဖြစ်သွားသော ကျားကြီး၏ ရှင်ကြွင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး နှမြောတသကာ ပြောလိုက်မိသည်။ သို့သော် ဦးဖိုးသော်ကမူ လုံသွားသည့် ထိုထက်လေးနက်သော ဖြစ်စဉ်များ ရှိလိမ့်မည်ဟု ယူဆထားသည်။ ဘထူးဆိုသည့်လူသည် သူတို့နှင့် မရောနှောဘဲ ထွက်သွားခဲ့သည့်အတွက် စိတ်ထဲမထားမိကြပေ။ သို့သော် မိမိတို့နှင့် မကြာခဏဆုံမိကြသည့်အတွက် တွေးစရာများ ဖြစ်နေမိကြရလေသည်။

သူတို့အုပ်စုသည် ခရီးကို မှန်မှန်ပင် သွားနေကြရင်းက တစ်နေရာကိုအရောက်တွင် ရေသံများကို ကြားလာခဲ့ကြရသည်။ မည်သူကမှ ဤနေရာကိုမရောက်ဖူးကြ။ ထို့ကြောင့် ပတ်ဝန်းကျင်ကို သတိထားပြီးတော့ ခရီးဆက်နေကြရသည်။ ဤနေရာတွင် ကောက်ရနှင့်ကိုထွီက ရှေ့မှ လမ်းပြအဖြစ်တာဝန်ယူကာ မျက်ခြည်မပြတ် ရှိနေကြသည်။ ရေသံက တဖြည်းဖြည်း နှင့် နီးလာသည်။ ကြီးမားသော ကျောက်တုံးကြီးများ။ ကျောက်ဆောင်ကြီးများကို တွေ့လာခဲ့ကြရသည်။ မျက်စိအောက်မှာ ဘွားခနဲဆို ပေါ်လာကြသလိုပင်။ ကျောက်တုံးတွေက နီညိုရောင်များ ဖြစ်ကြသည်။ ကြီးကြီး သေးသေး ရှိကြသည်။ စမ်းချောင်းကြီးတစ်ခုသည် အချို့ကျောက်တုံးများကြားမှ ဖြတ်ပြီးတော့ စီးဆင်းလျက်ရှိသည်။ ရေ၏အလျင်က ကြီးမားသည်။ စီးနေသောအရှိန်က ပြင်းသည်။

'ဝေါ ဝေါ ဝေါ ဝေါ'





ရေစီးသံသည် တဝေါဝေါနှင့် ကြောက်စရာ မြည်ဟည်းလျက်ရှိနေသည်။ တစ်နေရာအရောက်တွင် ကျောက်တုံးများကြားမှာ လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အခြားသူမဟုတ် . . . ဘထူးပင်တည်း။ သူသည် ကျောက်တုံးတစ်တုံးမှာထိုင်ကာ သူ့ရှေ့ရှိ အရာဝတ္ထုတစ်ခုကို အာရုံစိုက်လျက်ရှိသည်။

"ဗျို့ ကိုဘထူး"

ဖော်မိုက်က လှမ်းခေါ်လိုက်သည်။ ဆူညံလျက်ရှိသော ရေသံများကြောင့် ကြားမှကြားနိုင်ပါ့မလားဟု။ သို့သော် ဘထူးက ဆတ်ခနဲဆို နောက်ကို လှည့်ကြည့်လိုက်သည်။

"ခင်ဗျား ဘာလုပ်နေတာလဲဗျ"

"သိချင်ရင် လာခဲ့လေ"

ဖော်မိုက်သည် ကျောက်တုံးများ တစ်တုံးပြီးတစ်တုံး ငြ်းကာ ဘထူးဆီကို ရောက်သွားခဲ့လေ၏။ ဘထူးသည် ဆင် ွယ်တစ်ချောင်းပမာ ရှည်လျားမည်းနက်သော အရာတစ်ခုကို က်မှာကိုင်ထားသည်။ အရှည်က တစ်တောင်ကျော်ကျော်ခန့် ပေလိမ့်မည်။

"ဒါ ဘာလဲဗျ"

"ကျောက်ချဉ်နက်"

ဖော်မိုက်ကို လှမ်းပေးလိုက်ရာ ယူလိုက်သည်။ ကျောက်



www.burmeseclassic.com

www.burmeseclassic.com





ချဉ်နက်ဆိုသည်ကို တစ်ခါမှ မကြားဖူးခဲ့။ သလင်းကျောက်ပဓာ ကြည်လင်သော ကျောက်ချဉ်ကိုသာ သူမြင်ဖူးသည်။ ယခုလို အချောင်းလိုက် အတောင့်လိုက်တော့ မဟုတ်။

"အေးဗျာ ... ကျွန်တော်လည်း အရင်က တောတောင်ထဲမှာ သွားလာဖူးပါတယ်၊ ကျောက်ချဉ်နက်ဆိုတာ တစ်ခါမှ မကြားဖူးဘူး"

ဘထူးက သူဖဲ့၍ ပုံရွှဲကာကျနေသောအပိုင်းအစလေး တစ်ခုကို ပေးလိုက်သည်။

"လျှာနဲ့တို့ကြည့်ပါလား ... အန္တရာယ်မဖြစ်ဘူး၊ သူက ဆေးဖက်ဝင်တယ်"

ဇော်မိုက်က လျှာနှင့်တို့ကြည့်သည်။ အရသာက ချဉ်သည်။ ဘထူးသည် ဇော်မိုက်ဆီက ကျောက်ချဉ်နက်အချောင်းကို ယူပြီး အိတ်ထဲထည့်လိုက်သည်။ ဘေးမှာချထားသော လုံကိုင်ကာ ကျောက်တုံးတစ်တုံးကြီးတစ်တုံးဆီ ကူးသွားသည်။ ထို့နောက် တစ်နေရာကိုအရောက်တွင် ဘထူးက ဇော်မိုက်ကို လက်ညှိုးထိုးပြလိုက်သည်။ ကျောက်တုံးနှစ်ခုကြားမှ ထိုးထွက်နေသော ကျောက်ချဉ်နက်တစ်ချောင်း။ ဇော်မိုက်ကလည်း ထိုနေရာကို ရောက်လာပြီး ကြည့်လိုက်သည်။

"အေးဗျာ ... ထူးဆန်းတယ်၊ ဒီလိုပစ္စည်းမျိုးဟာ မြေကြီးထဲက ထွက်လာတာပဲ"





"သူက ရေစပ်စပ်လိုနေရာမျိုးမှာသာ ရှိတတ်တယ်၊ တစ်ခါတလေ ကုန်းခေါင်ခေါင်နေရာမျိုးမှာ တွေ့ရတတ်တယ်"

ဘထူးသည် ကျောက်ချဉ်နက်ကို အောက်ခြေမှနေ၍ လက်တစ်ဖက်တည်းနှင့် ဆွဲနုတ်လိုက်လေသည်။ သိပ်ပြီးတော့ လေးလေးပင်ပင် မရှိ။ သူသည် ကျောက်ချဉ်နက်တော်တော်များများကို ရထားခဲ့လေပြီ။ နောက်ထပ်ရှာတွေ့သော ကျောက်ချဉ်နက်အချို့ကို သူ၏အိတ်ထဲမှာ သေချာစွာထည့်နေစဉ် ...

"ကိုဘထူး ... ကျွန်တော့်ကို တစ်ခုလောက်ရောင်းပါလားဗျာ၊ အမှတ်တရ ယူသွားချင်လို့"

"မရောင်းပါဘူးဗျာ ... ခင်ဗျားကို လက်ဆောင်ပေးပါတယ်"

ဘထူးက ဇော်မိုက်ကို ကျောက်ချဉ်နက်တစ်ချောင်း ပေးလိုက်သည်။

"ကျေးဇူးပဲဗျာ"

ထိုစဉ် လှိုင်ဆွေဇာသည် ဘထူးနှင့်ဇော်မိုက်တို့အနားကို ရောက်လာပြီး ...

"ကိုဇော် ... ကျွန်မတို့ခရီးအတွက် ကိုဘထူးကို အဖော်ခေါ်လို့ ရရင်ကောင်းမယ်"

ဇော်မိုက်က ဘထူးကို အကဲခတ်နေစဉ်မှာ ...

"ကျွန်တော် အချိန်မပေးနိုင်ပါဘူးဗျာ၊ လာရာလမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လှည့်ပြန်ရတော့မှာ''

''ဒါဆိုရင် မောင်ရင်က ဖောင်ကို ပြန်ယူသွားမှာပေါ့''

ဦးဖိုးသော်လည်း ရောက်လာပြီးမေးလိုက်သည်။

''ဟုတ်ကဲ့''

''ဦးတို့က အပြန်အခက်အခဲဖြစ်တော့မှာပေါ့''

''ဟာဗျာ ... ကျွန်တော်တို့ ဖောင်တစ်ခု သတ်သတ် လုပ်လို့ ရတာပဲ၊ သူ့လမ်းသူသွားပါစေ''

ကိုတွီက မဆီမဆိုင် ဝင်ပြောလိုက်လေသည်။ ထိုအခါ လှိုင်သူဇာက ...

''အို ... သူဇာတို့က တစ်နေရာကနေ လှည့်ပြန်ကြမှာ ပဲ၊ ဒီရေလမ်းအတိုင်း ပြန်မသွားပါဘူး၊ သားစားငါးကြီးတွေ ရှိနေကြတဲ့ နေရာက ကြောက်စရာကြီး''

လှိုင်သူဇာပြောလိုက်မှ အခြေအနေကို သတိရသွားခဲ့ကြ သည်။ သူတို့သည် ရတနာဂူကို လိုက်ရှာနေကြသည်ပဲ။ ဂူဆီကို ရောက်လျှင် ပွဲက ပြီးပြီ။ နကာမူရာရေးဆွဲခဲ့သော မူလမြေပုံညွှန်း အရ ပြန်ရန်အတွက် မူလလမ်းကြောင်းအမှန်ကို သိကြရမည်ဖြစ် သည်။ ယခုကတော့ လမ်းမှားပြီးရောက်လာခဲ့ကြခြင်းပင်တည်း။

ဘထူးသည် အေးဆေးစွာပင် နေရာမှထွက်သွားသည်။ လှိုင်သူဇာကတော့ အသက်သခင်ကျေးဇူးရှင်ဖြစ်သော ဘထူးကို ခရီးအတွက်ခေါ်ရန် ဆန္ဒရှိနေခဲ့သည်။





ဦးဖိုးသော်သည် လှိုင်သူဇာကို တစ်နေရာသို့ ခေါ်သွားပြီး

''ငါ့တူမကြီးက သူ့ကိုခေါ်လို့ ဘယ်ဖြစ်မှာလဲ၊ ဦးတို့ရဲ့ ခရီးက သာမန်ခရီးမဟုတ်ဘူးလေ ... လျှို့ဝှက်ချက်တွေ ပေါ် ကုန်မှာပေါ့''

''သူဇာတို့ရဲ့ အသက်သခင်ဖြစ်နေလို့ ဒီလိုစိတ်ကူးမျိုး ရသွားတာပါ ဦးလေးသော်''

''ဒီလိုဆိုရင် ဦးတို့ကိစ္စမှာ သူ့ကိုလည်း ထည့်ချင်တယ် ဆိုတဲ့သဘောလား၊ ကိစ္စက ဘာမှန်းမသိဘဲနဲ့ ဆင်သတ် အရပ်ဝေသလို ဖြစ်နေပါဦးမယ်ကွယ်''

လှိုင်သူဇာတစ်ချက်တော့ တွေဝေသွားခဲ့ရသည်။

''ဦးက လောဘအကြောင်းပြောတာ မဟုတ်ပါဘူး ကွယ်၊ လူ့စိတ်ဆိုတာ အသိရခက်တယ်ကွဲ့၊ တော်ကြာ မလိုလား အပ်တဲ့ကိစ္စတွေ ဖြစ်လာမှာစိုးလို့ပါ''

ဦးဖိုးသော်က ရှင်းပြသည်။ ကိစ္စသည် ထိုမျှနှင့်ပင် ပြီးသွားခဲ့လေသည်။

✡

နေရင်းနေရင်း ခရီးဆက်လာခဲ့ရာ ဦးဖိုးသော်နှင့် ဖော်



www.burmeseclassic.com

www.burmeseclassic.com



မိုက်တို့သည် မြေပုံညွှန်းကို ထပ်မံလေ့လာကြရာ ...

"ဦးလေးသော် ... ကျွန်တော်တို့ ဒီနေရာကနေ ဟိုဘက်ကို ဖြတ်ထွက်ကြရမယ်ထင်တယ်၊ ဒါမှ မှားနေတဲ့လမ်းဟာ အတည့်ဖြစ်သွားမယ်"

"အင်း ... ဒီအတိုင်းပဲ ဖြစ်လိမ့်မယ် ထင်တယ်"

"ကိုကောက်ရ ... ဟိုဘက်ကို ဖြတ်ထွက်ဖို့ အသင့်တော်ဆုံးနေရာကို ရှာကြရအောင်"

"ကိုဖော် ... ဟိုနေရာကိုကြည့်စမ်း။ သွားရ လာရလွယ်ကူမယ်ထင်တယ်၊ တောလမ်းလေးကို ဖြစ်နေတယ်"

ကောက်ရက လက်ညှိုးထိုးပြလိုက်သည်။ ထိုလမ်းကပင် သွားရန် ဆုံးဖြတ်လိုက်ကြသည်။ ထောင့်ဖြတ်လမ်းကလေးတစ်ခုပင် ဖြစ်သည်။

သားကောင်တော်တော်များများ သွားထားကြ၍လား သို့မဟုတ် သဘာဝအလျောက်ပဲ ဖြစ်နေတာလား မသိ ... လမ်းကတော့ ဖြောင့်ဖြူးနေသည်။ အားလုံး သဘောတူလိုက်ကြသည်။ ကောက်ရညွှန်ပြသည့်လမ်းကပဲ သွားကြမည်ဟု၊ ကောက်ရနှင့် ကိုထွီကပင် ရှေ့မှဦးဆောင်ကာ ထွက်လာခဲ့ကြသည်။

"ကိုထွီ ... ခင်ဗျားနဲ့ကျွန်တော် အတူသွားလို့မဖြစ်ဘူး တစ်ယောက်ယောက်က နောက်ကနေမှ ဖြစ်မယ်"





"ဟုတ်တယ် ... ကျွန်တော် နောက်ကနေ လိုက်မယ်လေ"

ကိုထွီက နောက်ဆုံးမှနေလိုက်သည်။ ရှေ့ဆုံးက ဖော်မိုက်၊ ဦးဖိုးသော်နှင့် လှိုင်သူဇာတို့ကို အလယ်မှ ထားလိုက်ကြလေသည်။ တောသည် ပထမတော့ ရှင်းသယောင်ရှိသော်လည်း လမ်းဖြောင့်နေရာက ကွေ့ကောက်လာသည်။ တစ်ဖာလုံမရှိတရှိ လျှောက်လာကြပြီးသောအခါ လမ်းသည် အနည်းငယ်ကျဉ်းမြောင်းသွားသည်။ ဝင်လာခါစက တောရှင်းသော်လည်း သစ်ပင်ကြီးများက မျက်စိအောက်မှာ ရုတ်တရက်ရောက်လာသလို ဘွားခနဲ ဘွားခနဲဆို ပေါ်လာခဲ့ကြသည်။ အပင်တွေ မြင့်မားထူထပ်လာ၍ အလင်းအားသည်လည်း နည်းသွားခဲ့လေသည်။

အားလုံး၏စိတ်ထဲမှာလည်း အလိုလိုနေရင်း ကျဉ်းကျပ်သွားသလိုခံစားလိုက်ရသည်။ ထိုအထဲမှာ စိတ်ထဲမှာ မသိုးမသန့်ဖြစ်စရာတစ်ခုကို ကြုံလာခဲ့ကြရသည်။ ယင်းကား အခြားမဟုတ်။ ဆန်းကြယ်သော ပန်းရနံ့ကို ရှူရှိုက်မိလာရသောကြောင့်ပင်တည်း။

"ဟင် ... ဒီပန်းရနံ့ကို ရမိလိုက်ကြပြန်ပြီ"

ဦးဖိုးသော်သည် စိတ်အနှောင့်အယှက်ဖြစ်သွားသလို ခံစားလိုက်ရသည်။ အားလုံးသည်လည်း ထိုနည်းအတူ ပန်းခြုံကို ရလိုက်ကြသည်နှင့် ပန်းပွင့်ကြီး၏အဆင်းသွင်ပြင်ကိုပြန်ပြီး

www.burmeseclassic.com



တော့ မြင်ယောင်လာခဲ့ကြသည်။ အမျိုးသမီးတစ်ယောက်၏ မျက်နှာနှင့်တူသော ပန်းပွင့်မျက်နှာသည် သူတို့ကို ခြောက်လှန့်နေဆဲပင် ရှိသေးသည်။

အားလုံး၏ရင်ထဲ စိတ်ထဲကပင် ထိုပန်းပွင့်ကို လက်မခံနိုင်ကြဘဲ ချောက်ချားနေမိသည်။ အန္တရာယ်တစ်စုံတရာ ပေးနိုင်သော မိစ္ဆာမျက်လုံးများနှင့် ရက်စက်မှုကိုပေးတတ်သော နှုတ်ခမ်းလည်း ပါရှိသည်။ ယင်းပန်းပွင့်မှ ထွက်ပေါ်လာသော ရနံ့သည်လည်း စိတ်ကို မငြိမ်မသက် ဖြစ်စေသည်သာမက ခြောက်လှန့်မှုများကိုလည်း ခံစားလာစေခဲ့ရသည်။ မရှိကိုအရှိ၊ မဟုတ်ကို အဟုတ် စသည်ဖြင့် ကယောင်ချောက်ချား ဖြစ်ခဲ့ကြသည်ကိုလည်း အားလုံး ကြုံခဲ့ကြရသည်။ မည်သည့်နေရာက လွင့်ပျံ့လာမှန်းမသိသော ပန်းရနံ့ကို ရှူမိလိုက်ကြသည့်တစ်ခဏ၌ စိတ်ထဲမှာ လေးလံသွားခဲ့ကြရလေသည်။

သို့သော် မည်သူကမှ [ဦးဖိုးသော်ကလွဲပြီး] မဝေဖန်ကြပေ။ ကောက်ရသည် ရှေ့မှသွားနေရာက ရပ်လိုက်၏။

"ဦးလေးသော် နှာခေါင်းကိုပိတ်ထားကြရင် ကောင်းလိမ့်မယ်ထင်တယ်"

ကောက်ရက သတိပေးလိုက်သည်။ ထိုအခါကျမှ လက်ကိုင်ပဝါအသီးသီးဖြင့် နှာခေါင်းကိုအုပ်ကာ ပိတ်ထားလိုက်ကြလေသည်။ အကြာကြီးလည်း ပိတ်မထားနိုင်ကြ၊ လေရှူပေါက်





အနည်းငယ် ပေးလိုက်သည်နှင့် ထိုပန်းရနံ့ကြီးက ထိုးပြီးတော့ ဝင်လာခဲ့ပြန်လေသည်။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်တွင် ထူးခြားသောအပင်များကို တွေ့လာခဲ့ကြရသည်။ ပင်စည်သည် အသွေးအခေါက်များနှင့် ရှိမနေဘဲ ကြီးမားသော အရွက်ကြီးများနှင့် ပင်စည်ကို အဆင့်ဆင့်ကပ်ကာ အုပ်ထားကြသည်။

ထို့ကြောင့် ပင်စည်တစ်ခုလုံးသည် အရွက်များဖြင့် ဖုံးအုပ်ထားသလို ဖြစ်နေသည်။ အမြင့်ကတော့ ခြောက်ပေလောက်ရှိမည်ဖြစ်ပြီး ထိပ်ပိုင်းသည်လည်း အရွက်ကြီးများက ညွတ်ပြီးသော ဖုံးအုပ်ထားကာ လုံးလုံးကြီးဖြစ်နေသည်။ အားလုံးသည် ထူးခြားသောအသွင်သဏ္ဍာန်ရှိသည်။ ထိုအပင်ဖြောင့်ဖြောင့်ကြီးကို သတိထားမိလိုက်ကြသည်။ အကိုင်းအခက် အရွက်အလက်ဟူ၍လည်း မရှိကြပေ။ သူတို့အနားက ဖြတ်သွားနေစဉ်အတွင်း အပင်များသည် လှုပ်ရှားလာခဲ့ကြသည်။

✲✲✲

www.burmeseclassic.com

## အခန်း (၁၀)

## ပန်း ပွင့် များ နှင့် တိုက် ခိုက် ကြ ခြင်း

အပင်များသည် ပင်စည်ချည်းသက်သက်သာရှိကာ လှုပ်ရှားလာခဲ့ကြသည်။ ရှေးဦးစွာ သတိပြုမိလိုက်သူက လှိုင်သူဇာပင်။

"ဟင် . . . ဒီအပင်တွေက ယိမ်းထိုးလာကြပါလား"

နှုတ်မှ လွှတ်ခနဲဆို ထွက်သွားသည်။ ထိုအခါ အားလုံး သတိထားမိကာ လှည့်ကြည့်မိလိုက်ကြစဉ်မှာပင် . . .

'ဖျပ် ဖျပ် ဖျပ် ဖျပ်'

ပင်စည်ကို ဖုံးအုပ်ထားကြသော အရွက်ကြီးများသည် ဖျတ်ခနဲ ဖျတ်ခနဲမြည်ကာ ကြွကျလာခဲ့ကြသည်။ တစ်ခုပြီးတစ်ခု ကြွလာကြသည်မှာ မြန်လှသည်ဖြစ်ခြင်း။ အပေါ်ဆုံးထိပ်ပိုင်းရှိ





အရာလုံးလုံးကြီးကို ဖုံးအုပ်ထားသော အရွက်ကြီးများသည်လည်း ရုတ်တရက် ကြွကျသွားခဲ့ကြလေရာ . . .

"ဟင်"

"ဟာ"

အာမေဍိတ်သံ အသီးသီးက ထွက်သွားခဲ့ကြလေ၏။ အံ့အားတသင့်လည်း ဖြစ်သွားခဲ့ကြသည်။ အကြောင်းမှာ အရွက်များက ကြွကျသွားခဲ့ကြသည်နှင့် ပန်းဖူးငုံကြီးသဏ္ဍာန်အရာကြီးကို မြင်လိုက်ကြရသောကြောင့်ပင်။ ချက်ချင်းမှာပင်လျှင် ယင်းပန်းဖူးငုံကြီးသည် ပွင့်အာကျသွားကာ ပန်းပွင့်ကြီးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ယင်းပန်းပွင့်ကြီးကား လှည်းဘီးတမျှ ကြီးမားလှသည်။ လူမျက်နှာနှင့်တူသော ပန်းပွင့်ကြီးပါတည်း။

"ဟင်"

"ဟာ"

ထပ်မံ၍ အာမေဍိတ်သံများက ထွက်သွားခဲ့ကြရပြန်လေသည်။ ယင်း ရောမပန်းပွင့်ကြီးဆီက စူးရှသောရနံ့များကလည်း ထောင်းခနဲဆို ထွက်လာခဲ့ကြသည်။ အားလုံး မွှန်ထူသွားခဲ့ကြလေသည်။ ထိုသို့ဖြစ်သွားစဉ်အခိုက်အတံ့မှာပင် ပန်းပွင့်ကြီးများသည် အောက်ကိုငိုက်ကျလာခဲ့ကြသည်။

ပါးစပ်ပေါက်လိုနေရာမျိုးက ပွင့်ဖတ်တစ်ခုသည် ရုတ်တရက် ဖြဲဟသွားသည်။ တကယ့်ပါးစပ်ကြီးတစ်ခုအလိုင်းပင်။

www.burmeseclassic.com



အပင်ကြီးတစ်ခုလုံး ယိမ်းထိုးလာပြီး အောက်ကို ငိုက်ကျလာခဲ့ကြသည်။ အန္တရာယ်ဆိုသည်ကို သိလိုက်ကြလေပြီ။

"ဟော့ ဟော့ ... သူတို့ထားကြ၊ ဒါ သွေးရိုးသားမိုး မဟုတ်ဘူး"

ဦးဖိုးသော်က အော်ဟစ်ကာ သတိပေးလိုက်သည်။ ချက်ချင်းလိုလိုပင် ပန်းပွင့်ကြီးများသည် အောက်ကို တစ်ပြိုင်တည်းလိုလို ယွန်းငိုက်ကာ ကျလာခဲ့ကြသည်။ တောင့်တင်းနေသော ကိုယ်ထည်ကြီးသည်လည်း ခုတော့ လှုပ်ယမ်းလာကာ အလိုက်သင့်ပင် အောက်သို့ ညွတ်ကျလာခဲ့ကြလေသည်။

ပန်းပါးစပ်ကြီးပြဲပြဲနှင့် လူတွေအားလုံးကို ကိုက်ခဲကြတော့မလို အသည်းယားစဖွယ် လှုပ်ရှားနေကြသည်။ ထိုစဉ် ပန်းပွင့်ကြီးတစ်ပွင့်သည် ကောက်ရ၏ကိုယ်ပေါ်သို့ တစ်ရှိန်ထိုး ကျလာခဲ့လေရာ ...

"ဟာ"

ကောက်ရသည် ဓားနှင့်ပိုင်းချလိုက်သည်။ ထိုအခါ ကိုယ်ထည်ကြီးသည် မြွေတစ်ကောင်ပမာ လိမ်တွန့်ကာ ရှောင်ထွက်သွားသည်။ အံ့အားသင့်စရာပင်။ ပြတ်ထွက်သွားသော ပန်းပွင့်ကြီးသည် အောက်ကို ဖုတ်ခနဲ ထိုးကျသွားသည်။ သို့သော် ပန်းပွင့်မျက်နှာကြီးက ဆက်ပြီးတော့ အသက်ဝင်နေသေးသည့် အလား တဖျတ်ဖျတ်နှင့် ခုန်နေသေးသည်။



"ဟင် ... ကဲကွာ ကဲကွာ"

ကောက်ရသည် စိတ်မထိန်းနိုင်တော့သလို ဓားဖြင့် ဆက်ကာ ဆက်ကာ ပိုင်းချလိုက်လေသည်။ အပိုင်းပိုင်း အတစ်တစ် ဖြစ်သွားသည်အထိ ပြတ်တောက်ထွက်သွားခဲ့သည်။ လမ်းက အနည်းငယ်ကျဉ်းသည်ဖြစ်ရကား သောင်းကျန်းနေသော ပန်းပွင့်များက အုံလိုက်ကျင်းလိုက်မို့ ရှောင်တိမ်းရန်ခက်ခဲနေကြသည်။ ပန်းပွင့်ကြီးတစ်ပွင့်သည် ဇော်မိုက်ဆီကို ထိုးပြီးတော့ ဝင်လာခဲ့လေရာ ...

'ဒိုင်း'

သေနတ်ဖြင့် အနီးကပ်ပစ်ထည့်လိုက်ရသည်။ အပေါက်ကြီးဖြစ်ကာ ကြေမွသွားသည်။ ဦးဖိုးသော်လည်း ခါးကြားမှာ ထိုးထားသော ဓားကောက်ကြီးကို ဆွဲဖြုတ်ကာ သူ့ဆီထိုးဆင်းလာသော ပန်းပွင့်မျက်နှာကြီးကို ခုတ်ချလိုက်သည်။ တည့်တည့်ကြီး ထိသွားခဲ့သည်ဖြစ်၍ ထက်ပိုင်းပြတ်ထွက်သွားခဲ့လေသည်။ ကိုထွီကတော့ ဘယ်ညာနှစ်ဖက်ညှပ်ကာ တိုက်ခိုက်လာသော ပန်းပွင့်ကြီးများကို ဓားနှင့် ဘယ်ညာယမ်းကာ ခုတ်ချပစ်သည်။

"ကဲကွာ ကဲကွာ"

'ဖုစ် ဖုစ် ဖုစ်'

သို့သော် ပန်းပွင့်ကြီးများသည် နိုင်မာသော ကိုယ်ထည်ကြီးများကို တွန့်လိမ်ကွေးကောက် ရှောင်ရှားသွားကြသည်။

www.burmeseclassic.com



မားချက်တွေက မမိ။

"ဒါလောက်တောင်ဖြစ်လုတာ"

ထို့ကြောင့် မြေပြင်မှာပစ်လဲ့ကာ အပင်၏အခြေများမှ ခုတ်ချပစ်လိုက်လေသည်။ တိရိစ္ဆာပြတ်တောက်ထွက်သွားကြကာ ဘုံးဘုံးလဲကျသွားခဲ့ကြသည်။ သို့သော် ပင်စည်ရော ပန်းပွင့်ကြီးများပါ တဖျတ်ဖျတ်နှင့် လူးခါနေကြသေးသည် ဖြစ်ရကား …

"ခုထက်ထိ လှုပ်နေကြတုန်းပဲလား"

စိတ်မထိန်းနိုင်တော့ဘဲ အပိုင်းပိုင်းအတစ်တစ် ဖြစ်သည်အထိ ဆက်ကာ ဆက်ကာ ခုတ်ချပစ်လိုက်လေတော့သည်။ ပန်းပွင့်ကြီးများသည် သူတို့ အထိနာလာခဲ့ကြသည်နှင့် ပါးစပ်ကြီးများကိုဟကာ စေးပျစ်သောအရည်များကို ပန်းထုတ်ပစ်ကြသည်။

'ဗျစ် ဗျစ် ဗျစ်'

တံတွေးနှင့်ထွေးလိုက်ကြသလိုပင် တော်တော်ဝေးဝေးအထိ ရောက်နိုင်ကြလေရာ …

"ဟော့ ဟော့ … ဘာအရည်တွေမှန်း မသိဘူး၊ လူကိုယ်ပေါ်ကို ကျလိမ့်မယ်၊ တတ်နိုင်သမျှ ရှောင်ကြ"

ဦးမိုးသော်က သတိလည်းပေးရင်း ရှောင်ရင်း အတော်ခပ်လှမ်းလှမ်းမှာ ရှိနေကြသောအပင်များကပင် လူနံ့ရ၍ လှုပ်ခါယမ်းနေကြသည်။ ဤသို့ ကျဉ်းထဲကျပ်ထဲအခြေအနေသို့ ရောက်နေကြခိုက်မှာ …





သဏ္ဍာန်တစ်ခုသည် သူတို့ဆီကို ပြေးဝင်လာခဲ့သည်။ သူက အခြားသူမဟုတ် … ဘာထူး။ ထိုသူသည် သူတို့ကြားထဲကို ရောက်လာခဲ့ပြီး ပန်းပွင့်ကြီးများ၏အောက် ပင်စည်လိုအရာကြီးကို လှံနှင့် တရစပ်ထိုးသွားသည်။ လမ်းတစ်လျှောက်ရှိ အပင်များကို ဘယ်ညာထိုးကာ ရှောင်လည်းရှောင်၊ ပြေးလည်းပြေးနှင့် မြန်ဆန်လွန်းလှသည်မှာ လျှပ်ပြက်သွားသလိုပင်။

ပန်းပွင့်ပင်ကြီးများသည် ပထမသော် ဘာမှ မဖြစ်ကြသလို နောက်တော့ ပင်လုံးကြီးသည် တဖြည်းဖြည်းနှင့် ညှိုးမည်းလာသည်။ အားလုံးသော အပင်များသည် ထိုအတိုင်းပင် ဖြစ်လာခဲ့ကြသည်။ ထိုသို့ဖြစ်လာစဉ်မှာပင် လှုပ်ယမ်းနေမှုများက လျော့ပါးသွားခဲ့ကြသည်။ ကြည့်နေရင်းကပင် အငွေ့များ ထွက်လာခဲ့ကြလေသည်။ နောက်တော့ ဟုပ်ခနဲ ဟုပ်ခနဲဆို မီးတောက်များထွက်ပေါ်လာခဲ့သည်။

မီးလောင်ကျွမ်းစပြုနေစဉ်မှာပင် မီးရှိန်ကြောင့် ပန်းပွင့်ကြီးများသည် ယမ်းခါနေကြသည်။ ပန်းပွင့်မျက်နှာများသည်လည်း လူကဲ့သို့ပင် ပူလောင်မှုကိုခံစားနေကြရသောအသွင်သို့ ပြောင်းလဲသွားခဲ့ကြလေသည်။ ထိုမျက်နှာကြီးများသည် ကြောက်မက်ဖွယ်ရာအသွင်သို့လည်းကောင်း၊ သနားစရာ ပုံပန်းသဏ္ဍာန်သို့လည်းကောင်း အမျိုးမျိုး အသွင်ကူးပြောင်းကုန်ကြသည်။

သူတို့၏ပါးစပ်များထဲမှ ထွက်လာခဲ့ကြသော စေးပျစ်ပျစ်



www.burmeseclassic.com

www.burmeseclassic.com



အရည်များသည့် တစီစီနှင့် မြည်လာခဲ့ကြပြီး လောင်စာဆီမျာ ပမာ ဖြစ်သွားသည်။ နောက်ဆုံးမှာတော့ ဟုပ်ခနဲ ဟုပ်ခနဲဖြင့် ပန်းပွင့်ကြီးများအားလုံး မီးထတောက်ကုန်ကြလေတော့သည်။

"ခင်ဗျားတို့ ဒီမှာ ကြာကြာမနေကြနဲ့ ...ပြေးကြ ပြေးကြ"

ဘထူးက သတိပေးလိုက်တော့မှ အားလုံး အသိဝင်လာ ကြသလို ဖြစ်သွားခဲ့ကြသည်။ ဘထူးက ဦးဆောင်ပြီး ရှေ့က ပြေးသည်။ ရှင်သန်ပြီးကျန်နေသေးသော ပန်းပွင့်များကို လမ်းမှာ တွေ့က လုံနင့်တိုးထိုးသွားခဲ့သည်။ အားလုံးသည်လည်း ဘထူး၏ နောက်က အပြေးလိုက်လာခဲ့ကြလေသည်။ နောက်သို့လှည့်ကြည့် ကြစဉ်တွင် မီးဟုန်းဟုန်းတောက်လောင်နေကြသော ပန်းပွင့်များ က တဖျစ်ဖျစ်နှင့် အော်မြည်ရင်း ကျန်ရစ်ခဲ့ကြသည်။ ထိုအသံ များက သူတို့ကို ကျိန်ဆဲပြောဆိုနေကြသလိုပင်။ တော်တော်ဝေး ဝေးကို ရောက်သွားကြတော့မှ ပြေးနေကြရာက ရပ်လိုက်ကြ သည်။ အားလုံး မောဟိုက်နွမ်းနယ်နေကြလေသည်။

"ဒါနဲ့ မောင်ဘထူးက ဘယ်လိုကြောင့် ရောက်လာခဲ့ တာလဲ"

ဦးဖိုးသော်က မေးလိုက်သည်။

"ဦးတို့ ထွက်သွားတဲ့နေရာကို ကျွန်တော်ကြည့်နေမိတာ ဒီနေရာဟာ မိစ္ဆာပန်းပွင့်ပင်ကြီးတွေ ကြီးစိုးနေကြတဲ့နေရာပဲ





ကျွန်တော်ရောက်ဖူးလို့ သိတာ၊ ဒါကြောင့် စိတ်မချတာနဲ့ပဲ ပြေးလာခဲ့တာ"

"အေးကွယ် ...မောင်ဘထူးသာ ရောက်မလာခဲ့ရင် တော်တော်ရှင်းရခက်မယ့် အန္တရာယ်ပဲ၊ ကျေးဇူးတင်လိုက်တာ ကွယ်"

"ရပါတယ် ...ကျွန်တော်က ဒီနေရာကို သုံးလေး ခေါက်လောက် ရောက်ဖူးလို့ သိနေတာ၊ ကဲ ...ကျွန်တော် ဟိုဘက်က လှည့်ပြီးပြန်ပါဦးမယ်"

"ခ ခဏလေး ကိုဘထူး"

ဖော်မိုက်က လှမ်းခေါ်လိုက်သည်။

"ဟုတ်ကဲ့ ပြောပါ"

"အပန်းမကြီးဘူးထင်ရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလား ဗျာ"

"ဘယ်ကိုလဲ"

"ဟိုဘက်ကိုပါ၊ ခင်ဗျားက ကျွန်တော်တို့ကို ခုလို အခက်အခဲတွေ့တိုင်း ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်၊ နောက် ထပ်လည်း အကူအညီက လိုဦးမှာမို့ပါ"

ဘထူးသည် တစ်ခဏတော့ တွေဝေသွားသည်။ သူ့ ကျောထက်မှာလည်း ကျောက်ချဉ်နက်များထည့်ထားသည့် လွယ် အိတ်ကို လွယ်ထားသည်။ အားလုံးက ဘထူး၏အဖြေကို စောင့်



www.burmeseclassic.com

www.burmeseclassic.com



စားနေမိကြသည်။

"ကောင်းပြီလေ ... လိုအပ်တယ်ဆိုရင် လိုက်ပေးပါ့မယ်"

"အေးဗျာ ... ကျေးဇူးပါပဲ"

အားလုံးက ဝမ်းသာသွားခဲ့ကြသည်။ ဘထူးကပင်လျှင် ဦးဆောင်ပြီး ထိုနေရာက ထွက်လာခဲ့ကြလေသည်။

✡

ဇော်မိုက်က ဘထူးနှင့်အတူ လိုက်ပါလာသည်။ မြေပုံအညွှန်းကို စိတ်ထဲမှာ မှတ်သားထားပြီး နဂါးမှူရာ၏ အမှတ်အသားအရ ဂူရှိသောနေရာသည် မဝေးတော့ဟု ထင်မိသည်။ ဘထူးက သူ့ကို အဖော်ခေါ်သည်ကို ဘာကြောင့်လဲဟု မမေးစစ်ရခြင်းမရှိ။ သူတို့ အမှန်တကယ် အကူအညီလို၍သာ ခေါ်လာခဲ့ခြင်းပဲဟု လက်ခံထားမိသည်။

ကောက်ရှနှင့်ကိုထွိတို့ကလည်း ဘထူးကို အကဲခတ်ရင်း လိုက်ပါလာကြသည်။ တစ်နေရာကိုအရောက်တွင် ဇော်မိုက်က ရပ်တံ့လိုက်သည်။ ထို့နောက် အနားကိုရောက်လာသော ဦးဖိုးသော်ကို ...





"အနောက်မြောက်ပဲ ဦးဖိုးသော်"

ဦးဖိုးသော်က လမ်းညွှန်သံလိုက်အိမ်မြှောင်ကို ထုတ်ကြည့်လိုက်သည်။

"ဒီဘက်ကိုပဲ ကိုဇော်"

အားလုံး အနောက်မြောက်ဘက်ဆီကို လမ်းကြောင်းပြောင်းသွားခဲ့ကြသည်။

"အင်း ... ဒီလူတွေဟာ တစ်ခုခုကို ရှာနေကြတာပဲ"

ဘထူးသည်လည်း ဦးဖိုးသော်တို့လူစုကို အကဲခတ်နေရင်း လိုက်ပါလာခဲ့သည်။ တစ်နေရာကို ရောက်လာကြသောအခါ ...

"မြေပုံညွှန်းအရဆိုရင် ဒီနေရာပဲ ဦးလေးသော်"

"ဟုတ်တယ်၊ ဒါဆိုရင် ဒီဂူကြီးကို ဘာကြောင့်မတွေ့ရတာလဲ"

"သေသေချာချာ ရှာကြည့်ရမှာပေါ့၊ ဒါနဲ့ ကျွန်တော်တို့ရဲ့အကြံအစည်ကို ကိုဘထူးနဲ့ကိုထွိတို့ကို ပြောပြသင့်ပြီလို့ ထင်တယ် ဦးလေးသော်"

"အင်း ... ဟုတ်တယ်၊ သည်ထက် လျှို့ဝှက်ထားရင် မကောင်းဘူး"

ဦးဖိုးသော်ကပင် ...

"ကဲ ... ဒီက ကိုဘထူးနဲ့ ကိုထွိတို့ကို တောင်ကို

www.burmeseclassic.com



ထွက်လာခဲ့ကြတဲ့ ခုကိုစွန့်ပတ်သက်ပြီး ပြောချင်လို့ပါ၊ အတူတူ လာခဲ့ကြတဲ့သူချင်း မလျှို့ဝှက်တန်ကောင်းဘူး ထင်ပါတယ် ဒီလိုပါ . . . ခု ဒီကိုရောက်လာခဲ့ကြရတဲ့ အကြောင်းရင်းက"

ဦးဖိုးသော်လည်း ဖက်ဆစ်ဂျပန်ခေတ်က မှတ်ကြီး ကျော်ပိုက်နှင့် နီမိုးတို့ကို ဂျပန်မိုလ်မှူး နကာမူရာက ရတနာ သေတ္တာများနှင့်အတူ ဖမ်းခေါ်လာခဲ့သည့်ကိစ္စမှစ၍ အစချိကာ ဖြစ်စဉ်အားလုံးကို အတိုချုံးကာ ပြောပြလိုက်သည်။

ကိုထွီက အနည်းငယ် အံ့အားသင့်သွားသယောင် ဖြစ် သွားခဲ့သော်လည်း ဘထူးကတော့ အမူအရာမပြောင်းလဲပေ။

"ဒါကြောင့် ခင်ဗျားတို့နှစ်ဦးကို ရဲဘော်ရဲဘက်တွေလို့ သဘောထားပြီး ခုကိစ္စမှာ ပါဝင်ကူညီစေချင်တယ်၊ ရတဲ့အကျိုး အမြတ်ကိုလည်း မနစ်နာစေရပါဘူး"

✡✡✡



## အခန်း (၁၉)

## နတ်ကြီးသည်

ဦးဖိုးသော်က လိုရင်းတိုရှင်း ပြောပြလိုက်သည်။

"ဦးတို့ အကူအညီလိုရင် ကူညီပါ့မယ်၊ ဒီလိုကိစ္စမျိုး ဆိုတာ အခက်အခဲကြီးနိုင်တယ်၊ တောထဲ တောင်ထဲမှာဆိုတော့ သူ့အတိုင်းအတာနဲ့သူ နတ်ကြီးတယ်"

ဤလိုကိစ္စမျိုးကိုတော့ တောတောင်ထဲ သွားလာနေကျ သူများသာ နားလည်ကြသည်။ ဇော်မိုက်၊ ကောက်ရနှင့် ကိုထွီ တို့သည် ဘထူး၏ဆိုလိုရင်းကို သဘောပေါက်ကြသည်။ ဇော်မိုက် က စည်သွပ်ဘူးတစ်ဘူးကို ဖောက်ကာ ကောက်ရအား ပေးလိုက် သည်။

"ကိုဘထူးရဲ့အစီအစဉ်အတိုင်း လုပ်ပါ၊ ဒီနေရာကို

ကျွန်တော် ခုတစ်ခါပဲ ရောက်ဖူးသေးတယ်''

ကောက်ရက ဘထူးကို လှမ်းပေးလိုက်သည်။ ဘထူးသည် မလှမ်းမကမ်းရှိ အပင်ကြီးတစ်ပင်ဆီကို လျှောက်သွားသည်။ စည်သွပ်ဘူးကို အပင်ခွကြားမှာတင်ထားလိုက်ပြီးမှ . . .

''တောစိုးတောင်စိုး ဘိုးတိုးကြီးခင်များ . . . စားဖွယ်ရာများနဲ့ ပူဇော်ပသပါတယ် . . . သုံးဆောင်တော်မူပါ၊ ခု ကျွန်တော်တို့လာတဲ့ကိစ္စကိုလည်း အောင်မြင်အောင်ကူညီပါ၊ လာလတ္တံ့သော ဘေးအန္တရာယ်များရှိရင်လည်း ဖယ်ရှားပေးပါ၊ အသက်ကို ကာကွယ်စောင့်ရှောက်ပေးပါ ခင်ဗျာ''

တောထုံးစံအတိုင်း လမိုင်းတင်ကာ ပူဇော်ပသလိုက်လေသည်။ မည်သို့ပင်ဆိုစေ စိတ်ထဲမှာတော့ ရှင်းသွားခဲ့ကြလေသည်။ ဇော်မိုးက ဘထူးကို အခြေအနေရှင်းပြသည်။

''ဒီနေရာအမှန်ဆိုရင် ရှာတွေ့ရမှာပေါ့၊ နေရာများ လွဲနေသလား''

''မလွဲနိုင်ဘူး . . . မြေပုံညွှန်းအရဆိုရင် အတိအကျပဲ''

''ဆယ်နှစ်ကျော်ကျော် ကြာခဲ့ပေမယ့် တစ်ခါတလေမှာ အနေအထားက ပြောင်းလဲနိုင်တယ်၊ ဒီဂူဟာ ပျောက်မသွားနိုင်ဘူးဆိုပေမယ့် ပြောင်းလဲမှုတစ်ခုခုကတော့ ရှိနေပြီ၊ ရှာကြည့်ကြတာပေါ့ဗျာ''

ဘထူးသည် ဂူအနီးအနားတစ်ဝိုက်မှာပင် လျှောက်ပြီး လေ့လာလျက်ရှိသည်။ ဇော်မိုက်၊ ကောက်ရနှင့်ကိုထွီတို့သည်လည်း လှည့်ပတ်ကာ ရှာနေကြသည်။ တစ်နေရာကိုအရောက်တွင် ဘထူးသည် သူ့လှံကို မြေပြင်မှာ မသိမသာထောက်မိလိုက်သည်။ လှံသည် တဆတ်ဆတ်ဖြင့် တုန်ခါသွားသည်။

''ဟင်''

ဘထူး သတိထားမိသွားသည်။ ယင်းနေရာသည် အောက်ကို မသိမသာ ချိုင့်ဝင်လျက်ရှိသည်။

''ကိုဇော်မိုက် . . . ခဏ''

ဘထူးက လှမ်းခေါ်လိုက်၍ လျှောက်သွားခဲ့သည်။

''ဘာလဲ ကိုဘထူး''

''ဒီနေရာ ဖြစ်လိမ့်မယ်ထင်တယ်''

''ဟင် . . . ဘာကြောင့်လဲ၊ ဂူမှမရှိတာ''

''ဒါပေမဲ့ ဒီနေရာအမှန်ဖြစ်လိမ့်မယ်''

ဇော်မိုက်သည် တစ်စုံတစ်ခုကို စဉ်းစားမိသွားခဲ့ပြီး ဘထူးညွှန်ပြသည့်နေရာကို ထပ်မံ၍ စစ်ဆေးကြည့်မိလိုက်သည်။ သို့ရှိစဉ် ကျန်လူများသည်လည်း ရောက်လာခဲ့ကြလေသည်။

''ဘာထူးခြားလို့လဲ မောင်ဇော်''

''ကိုဘထူးညွှန်ပြတဲ့နေရာဟာ ထူးခြားမှုရှိနေတယ်၊ ဟောဒီမြေလွှာဟာ အောက်ကို နိမ့်ဆင်းသွားတာပဲ၊ ဆယ်နှစ်အတွင်းမှာ မြေကြောပြောင်းလဲမှုတစ်ခု ဖြစ်ခဲ့တယ်၊ မြေညွှန်း







www.burmeseclassic.com

www.burmeseclassic.com





အရဆိုရင် ဒီနေရာဟာ ဂူကြီးရှိခဲ့တဲ့နေရာပဲ''

''ဟင် ... ဒါဆို ကျောက်ဂူကြီးက ဘယ်ရောက်သွားခဲ့လဲ၊ ပြိုကျပျက်စီးသွားခဲ့တာလား''

''အဲသလို မဟုတ်ဘူး၊ သူဇာပြောရမယ်ဆိုရင် ဒီဂူကြီးဟာ မြေအောက်ကို ရောက်နေသလားပဲ''

''ဟင် ... ဟုတ်လား''

''ပထဝီမြေအနေအထားရဲ့ ပြောင်းလဲရွေ့လျားမှုအရ ဖြစ်နိုင်ခြေ အများကြီးရှိနေတယ်''

''အဲဒီတော့''

''ဖော်ထုတ်ကြရမယ်ပေါ့''

အားလုံးက စိတ်ဝင်စားသွားခဲ့ကြသည်။

''ကိုဘထူးကလည်း ဒီနေရာမှာ ရှိနိုင်တယ်လို့ ပြောနေတယ်၊ ဒါကြောင့် တူးဖော်ကြည့်ရမှာပဲလေ''

ထို့ကြောင့် အားလုံး ခဏတစ်ဖြုတ်နားကြသည်။ ရိက္ခာဆန်များကို ချက်ပြုတ်ကာ စားသောက်ကြသည်။ စားသောက်ကြပြီး နာရီဝက်ခန့်သာ အနားယူကြသည်။ လုပ်ငန်းစကြလေသည်။ ဘထူး လှံနှင့်ထောက်ပြခဲ့သောနေရာကို အသေယူကာ တူးဖော်ဖို့ ပြင်ဆင်ကြလေသည်။ ဘထူးက လှံကို လှိုင်သူဇာ လက်ထဲအပ်လိုက်သည်။

''ကဲ ညီမ ... ဒါလေးကို ခဏသိမ်းထားပေးပါ''





''ဟုတ်ကဲ့''

လှိုင်သူဇာက လှံနှင့်အတူ မလှမ်းမကမ်းရှိ ကမူသေးသေးလေးပေါ်မှာ ထိုင်လိုက်သည်။ လှံက အတော်ကို အချိန်စီးနေကြောင်း သိရသည်။ ဇော်မိုက်၊ ကောက်ရနှင့် ကိုထွီတို့သည် ဘထူးနှင့်အတူ နှစ်ယောက်တစ်တွဲစီ တူးကြမည်ဖြစ်သည်။ စတင်ပြီးတော့ တူးကြသည်။ ငါးပေလောက်အနက်ကိုအရောက်တွင် မိုးက ချုပ်စပြုလာခဲ့လေရာ ဆက်မတူးကြတော့ဘဲ ရပ်နားလိုက်ကြလေသည်။

ထိုနေရာတွင် တစ်ညတာ နားကြရမည်ဖြစ်သည်။ ရေထွက်စမ်းလေးတစ်ခုမှာ ရေချိုးကြသည်။ မိုးချုပ်မှ ထမင်းကို နောက်ထပ်စားကြသည်။ ဦးဖိုးသော်နှင့် လှိုင်သူဇာတို့အတွက် ရွက်ဖျင်တဲထိုးကြသည်၊ မီးပုံများကို ဖိုကြသည်။ ညသို့ရောက်လာခဲ့သည်နှင့် စိမ့်ပြီးတော့ အေးလာသည်။

''သူဇာ ... အနားယူတော့လေ၊ တစ်နေ့လုံး ပင်ပန်းလာခဲ့တာ''

''ဟုတ်ကဲ့''

လှိုင်သူဇာက ရွက်ဖျင်တဲထဲကို ဝင်သွားခဲ့သည်။ ကျန်လူများကတော့ မီးပုံနှင့်မနီးမဝေးမှာ စကားလက်ဆုံကျနေကြ၏။

''ကိုဘထူးကို တမင်ဒုက္ခပေးသလို ဖြစ်နေပြီ၊ အိမ်ကို ပြန်ချင်မှာပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က ဘယ်မှမပြေးပါဘူးဗျာ၊ နောက်ပြီး တောထဲမှာ အကြာကြီးနေမှာမှ မဟုတ်တာ၊ ကျွန်တော်ကတော့ ထွက်ချက်ပြီးပြီး ဒီတောကနေ ဖြတ်ထွက်သွားရင် ရွာက တစ်နာရီခရီးပဲ"

"ဟင် . . . ဟုတ်လား၊ ဒါလောက်တောင် နီးသလား"

"ဟုတ်တယ်၊ ဟိုးအရင်က ဒီနေရာကို နှစ်ခေါက်သုံးခေါက်လောက် ရောက်ဖူးထားတယ်"

"ဟန်ကျလိုက်လေကွယ်၊ ကိစ္စအောင်မြင်ရင် မောင်ဘထူးရဲ့ရွာကို လိုက်လာခဲ့ရဦးမှာပဲ"

"ဟ . . . ရပါတယ်၊ ကျွန်တော် သဘောပေါက်ပါတယ်"

သည့်နောက်မှာတော့ ဦးဖိုးသော်ကို အနားပေးလိုက်ပြီး တစ်ယောက်တစ်လဲစီ ကင်းစောင့်ကြသည်။ ဘထူးက ပထမဦးဆုံး ကင်းတာဝန်ကို ယူသည်။ ကျန်လူများကား မောမောနှင့် အိပ်ပျော်သွားခဲ့ကြလေပြီ။ ဘထူးသည် တော၏အရိပ်အခြည်ကို ကြည့်ရင်း မီးကို အဆက်မပြတ် ထိုးလျက်ရှိသည်။ မီးရောင်ကြောင့် သားကောင်ရိုင်းကြီးများ ရဲတင်းစွာ မဝင်ရောက်နိုင်ကြ။

"အင်း . . . ဒီလူတွေဟာ သူတို့ရဲ့အသက်ကို ငါ့အပေါ်မှာ ဝကွက်အပ်ထားပြီး စိတ်ချလက်ချ အိပ်ပျော်သွားခဲ့ကြပြီ ငါလည်း သူတို့ရဲ့ကိစ္စမှာ မသိမသာ ပါဝင်လာခဲ့ရတာပါလား"

လှံကို ဒေါးမှာချပြီး တွေးတောလျက်ရှိနေစဉ် သူ့စိတ်





ထဲမှာ သက်ာမကင်း ဖြစ်လာခဲ့သည်။ မြေပြင်အောက်မှာ ထူးခြားမှုတစ်ခု ဖြစ်နေသလိုပင်။ ထို့ကြောင့် မြေပြင်ကို နားနှင့်ကပ်ပြီးတော့ နားထောင်လိုက်သည်။ နားထဲမှာ စကားပြောသံများကို ကြားနေကြရသလိုပင်။ သို့သော် အားလုံးသည် ပီသခြင်းမရှိ။ လုံးဗထွေးနှင့်သာ။ ထို့နောက် နားကို ဆတ်ခနဲဆို ရုပ်မိလိုက်သည်။

"ငါ ဘာဖြစ်လို့ ဒီလိုလုပ်မိတာပါလိမ့်၊ ငါကြားနေရတဲ့ အသံတွေကလည်း ဟုတ်ကောဟုတ်ရဲ့လား"

သူ လုပ်မိလုပ်ရာကို လုပ်နေသည်ဟု ထင်မိသည်။

"အောက်မှာ ရတနာဂူကြီးရှိနေတယ်ဆိုတာ အမှန်ပဲလား"

အတွေးထဲမှာ သံသယတွေ ဝင်နေမိသည်။ သူသည် ကြောက်တတ်သူမဟုတ်သော်လည်း ရတနာရှာဖွေခြင်းဟူသော ကိစ္စသည် ကြီးကျယ်လှသည် မဟုတ်ပါလား။ ဤလိုကိစ္စမျိုးသည် လွယ်ကူသည်မဟုတ်။ အခက်အခဲရှိနိုင်သည်လည်း မဟုတ်ပါလား။ သူပြောဖူးခဲ့သည့် စကားအတိုင်း နတ်ကြီးသည် ဟုပဲ ဆိုရပေမည်။

မြေအောက်က ထွက်လာသောအသံများကို သူ ဥပေက္ခာပြုလိုက်သည်။ ကင်းကိုသာ သေချာစွာ စောင့်နေလေသည်။ ထို့နောက် ကောက်ရလည်း နိုးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘထူး ... ကျွန်တော် အိပ်မောကျသွားလို့ ခုမှပဲ နိုးလာတယ်၊ ခင်ဗျားကလည်း မနိုးဘူးဗျာ"

"ဟာ ... ကိစ္စမရှိပါဘူးဗျာ၊ ဒါလောက်ကတော့ ခင်ဗျား တို့လည်း လူရောစိတ်ပါ ပင်ပန်းလာခဲ့ကြတာ"

"ခင်ဗျားလည်း ပင်ပန်းတာချင်း အတူတူပဲလေ ... ဘာထူးသေးသလဲ၊ ကဲ ကဲ ... တစ်ရေးအိပ်လိုက်ပါဦး"

"ကျွန်တော် ခင်ဗျားအနားမှာပဲ အိပ်မယ်၊ အကြောင်းရှိ ရင် နိုး ... ဟုတ်ပြီလား"

ဘထူးသည် ကောက်ရ၏အနားမှာပင် လုံချည်ဟောင်း တစ်ထည်ကိုခင်းကာ လှဲချလိုက်သည်။ လုံကိုတော့ သူ့လက် နှင့် ဆုပ်ကိုင်ထားသည်။ သို့သော် နစ်နစ်မြိုက်မြိုက် အိပ်ပျော် သွားသည်။ ဇော်မိုက်၊ ကိုထွီ ကင်းက တစ်ဦးပြီးတစ်ဦး လဲသွား သည်။ ဤသို့ဖြင့် မနက်မိုးစင်စင်လင်းသွားခဲ့ရလေသည်။

✡

နံနက်ခင်းအဆာပြေ ပါလာသော မုန့်ကြွပ်၊ ကိတ် ခြောက်များကို ကော်ဖီ၊ လက်ဖက်ရည်ဖျော်ကာ စားသောက်ကြ သည်။





"ညက ကင်းသာစောင့်နေရတယ်၊ စကားပြောသံတွေ လိုလို ကြားနေရလို့၊ ဟို ဒီ လိုက်ပြီးတော့ ကြည့်နေရသေးတယ်၊ တောထဲ ဘယ်သူတွေများ ရောက်လာကြသေးသလဲလို့ ...၊ နောက်တော့မှ မသင်္ကာတာနဲ့ မြေကြီးနဲ့နား ကပ်ပြီးတော့ နား ထောင်ကြည့်တာ၊ အဲဒီအသံတွေက မြေကြီးအောက်ကနေ ထွက် လာတဲ့အသံတွေမှန်း သိရတယ်"

"ဟင် ကိုကောက်ရ ... ခင်ဗျားက အဲဒီလို ထင်သ လား၊ ကျွန်တော်လည်း ခင်ဗျားလိုပဲ ကင်းစောင့်ရင်း အသံတွေ ကြားနေရလို့ အပြင်ကတော့ မဟုတ်တန်ရာဘူး၊ ဒါ မြေကြီး အောက်က ထွက်လာခဲ့တဲ့အသံတွေပဲလို့ သင်္ကာမကင်းဖြစ်မိတာ နဲ့ မြေကြီးနဲ့နား ကပ်ပြီးတော့ကြည့်မိတာ၊ ထင်တဲ့အတိုင်းပါပဲ ... တီးတိုးစကားပြောသံတွေက ပွဲတင်ထပ်နေတယ်"

ဇော်မိုက်ကလည်း ကောက်ရ၏အတွေ့အကြုံနှင့် တူညီ နေကြောင်း ပြောပြသည်။

"ဟင် ... ဒါဆို ကျွန်တော်လည်း ခင်ဗျားတို့လိုပဲ အဲသလို ကြုံခဲ့ရတယ်၊ ပြန်ပြောမပြဘူးလို့နေတာ၊ ဒါဆို အားလုံး ရဲ့အတွေ့အကြုံက တူနေတာပေါ့၊ ဒါနဲ့ ကိုဘထူးကကော"

"ခင်ဗျားတို့အားလုံးလိုပါပဲ ကိုထွီ၊ ကျွန်တော်လည်း မိုးလင်းရင် ပြောမပြဘူးလို့နေတာ ... မယုံမှာစိုးလို့၊ ပြီးတော့ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့၊ ခုတော့ အဖြစ်ချင်းက တူနေ

www.burmeseclassic.com



ကြွတာကိုး''

''ဒီအကြောင်းတွေကို ပြန်ပြီးပြောမပြချင်တာက သူဇာ ဘို့ ကြောက်မှာစိုးလို့လား၊ သူဇာ ဒါလောက်အထိ သွေးမကြောင် ပါဘူး၊ တောတောင်ထဲမှာ ဒီလိုမသိုးမသန့်ကိစ္စတွေ ဖြစ်တတ် ကြွတာဟာ သဘာဝပဲမဟုတ်ဘူးလား''

လှိုင်သူဇာက ခပ်အေးအေးပင် ပြောလိုက်လေသည်။

''ငါ့တူမကြီးက သတ္တိကောင်းမှန်း သိပါတယ်၊ ဒါ လောက်မှ သတ္တိမရှိရင် ဒီလိုနေရာမျိုးကို ဘယ်လာပါ့မလဲ ... မဟုတ်ဘူးလား၊ ဒါပေမဲ့ တောဆိုတာ ပရိယာယ်မာယာများ တယ်၊ အမြင်မှားတတ်တာမျိုး၊ အကြားအာရုံမှားတတ်တာမျိုး တွေလည်း ရှိတတ်ကြွတာပဲ၊ ဘာမဆို တစ်ထစ်ချ ယုံကြည်လို့ မရဘူးလေ၊ ကိုယ့်ဉာဏ်နဲ့ချင့်ချိန်ပြီး ဆုံးဖြတ်ကြရမှာပေါ့''

ဦးဖိုးသော်လည်း လူကြီးပီပီ စကားကိုချင့်ချိန်ပြီးတော့ ပြောသည်။ အချိန်ကား မနက်ဝေလီဝေလင်းအချိန်။

''ကဲ ... အချိန်ရှိတုန်း လုပ်ငန်းလေးစလိုက်ကြရ အောင်''

ဇော်မိုက်က အရင်ပေါက်တူးကို ကိုင်လိုက်လေသည်။ နေ့က လက်စနေရာကစပြီး တူးကြသည်။ တစ်ယောက်တစ်လဲ ။ ဦးဖိုးသော်သည် တားမြစ်နေကြသည့်အထဲက မြေကြီးများကို သယ်ထုတ်ပေးသည်။ လှိုင်သူဇာလည်း အငြိမ်မနေ။ ဘောင်းဘီ





ရှည်ကို ဒူးဆစ်အထိခေါက်ကာ ဝင်ကူသည်။

''ဟ ... ဦးလေးသော်နဲ့သူဇာတို့ကလည်း ဝင်မလုပ်ကြ ပါနဲ့၊ ဒီမှာလေးယောက်တောင် ရှိနေတာ၊ ရပါတယ်''

''ငါတို့လည်း ဝင်ကူမှာပေါ့ကွာ၊ ဒါလောက်တော့ လုပ် နိုင်ပါသေးတယ်၊ ငါ့တူမကြီးသာ နားတော့''

''သူဇာလည်း ဒါလောက်ကတော့ လုပ်နိုင်ပါတယ် ဦးရယ်''

နှစ်ယောက်စလုံးကို တားမရ၍ လက်လျှော့ထားလိုက် ကြရသည်။

ဤသို့ဖြင့် ...။

✲

ထိုင်နေရင်းက ဂူဝဖော်ထားသော နေရာဆီသို့ သွား ရောက်ကာ ကြည့်ချင်စိတ်ဖြစ်ပေါ်လာမိသည်။

''ငါ ဘယ်လိုဖြစ်တာလဲ''

သူ့စိတ်ကို ချိုးနှိမ်ထားသော်လည်း မရတော့ပေ။ မမြင် နိုင်သောအားအင်တစ်ခုက သူ့ကို အလိုလိုပင် ဖိအားပေးလျက် ရှိသည်။ ထို့ကြောင့် သေနတ်ကိုကိုင်ကာ နေရာမှ ထလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တွင်းသည် သူတို့နှင့်သိပ်မဝေးပါ။ လခြမ်းကွေးလေးက အား နည်းနေသော်လည်း ကြယ်ရောင်များက အထောက်အကူပြုနေ သည်။ မကြာမီ တွင်းဆီကိုရောက်လာသည်။

ဂူရှိရာအောက်ကို ငုံ့ကြည့်မိလိုက်သည်။ ရုတ်တရက် ကြက်သီးမွေးညင်းများပင် ထသွားခဲ့ရသည်။ သူမြင်လိုက်ရသည် ကား လူတစ်ယောက်သည် ဂူရှေ့တွင် ဓားကိုမြှောက်ကာ ရပ်နေသည်။ ကြည့်ရသည်မှာ စစ်ဝတ်စစ်စားနှင့်မို့ ဂျပန်စစ်ဗိုလ် နှင့်တူနေသည်။

"ဟင်"

ကိုထွီသည် ချက်ချင်းပင် နောက်ကြောင်းကိုလှည့်ကာ အပြေးတစ်ပိုင်းနှင့် ထွက်လာခဲ့လေသည်။ မီးပုံဘေးနားမှာ ရပ် နေသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရပြန်သည်။

"ဟင်"

ထို့ကြောင့် ချက်ချင်းပင် သေနတ်နှင့်ထိုးချိန်မိလိုက်၏။

"ကိုထွီ ... ခင်ဗျား ဘယ်ကပြန်လာတာလဲ"

ထိုအခါကျမှ ဇော်မိုက်မှန်းသိလိုက်ရသည်။

"ကိုဇော် ... ကျွန်တော့်ကို တစ်ဦးဦးက ဖိတ်ခေါ်နေ တယ်ထင်လို့ သွားကြည့်တာ၊ ဂူရှေ့မှာ ဂျပန်တစ်ယောက်ဗျ၊ ဓားကြီးကို မြှောက်ထားတယ်၊ အဲဒါနဲ့ လန့်ပြီးတော့ ပြန်ပြေးလာ တာ"





"ခင်ဗျား အမြင်မှားတာနေမှာပါ၊ အရာတစ်ခုခုကိုမြင်ပြီး အာရုံမှားသွားတာလည်း ဖြစ်နိုင်တာပဲ"

"မဟုတ်ဘူး ... ကျွန်တော် သေသေချာချာကို မြင်ခဲ့ရ တာပါဆို"

"ကဲပါလေ ... ကျွန်တော့်အလှည့်ရောက်ပြီ၊ ခင်ဗျား အိပ်တော့"

ကိုထွီသည်လည်း ဘာမှဆက်မပြောတော့ဘဲ ဇော်မိုက် ကို သေနတ်ပေးလိုက်သည်။

✲

သည့်နောက် တစ်ညလုံး တစ်ယောက်တစ်လဲစီသာ ကင်းစောင့်လာခဲ့ကြသည်။ မည်သည့်ပြဿနာမှ ဖြစ်ပေါ်မလာခဲ့ ပေ။ ဇော်မိုက်က ကိုထွီ့စကားအရ ကိုထွီကိုပင် သက်သာမကင်း ဖြစ်မိလိုက်သေးသည်။

"ဒီလူဟာ ဂူဆီကို တမင်တကာ သွားကြည့်တာလား၊ ဦးကိုတွေ့တော့မှ အကြံအဖန်လုပ်ပြီးတော့ ပြောနေတာလား"

မည်မျှပင် ရိုးသားပါသည်ဟု ပြောနေစေကာမူ ဝမ်းထဲ က အကောက်ဉာဏ်ကိုတော့ မသိနိုင်ပေ။ သို့သော် လင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံခဲ့ရသည်များကြောင့် လူတိုင်းလိုလို စိတ်ကယောက်ကယက်ဖြစ်ခဲ့ကြရသည်။

"အင်း ... ငါ ထင်သလိုလည်း ဟုတ်ချင်မှဟုတ်မှာပေါ့လေ၊ ကိုထွီဟာ စိတ်ငယ်တယ်၊ အစကတည်းက ပရလောကသားတွေကို ယုံကြည်တယ်၊ ကြုံဖန်ပြီးတော့ ကြောက်တတ်တဲ့လူ"

သည်လိုနှင့် မိုးစင်စင်လင်းလာခဲ့လေသည်။ အားလုံးသည် ဂူထဲကိုဝင်ရန် စိတ်အားထက်သန်နေကြသည်။ ထို့ကြောင့် မျက်နှာသစ် အဆာပြေစားသောက်ကြပြီးသည်နှင့် အလုပ်ကို စကြလေတော့သည်။ ကိုထွီကတော့ အနည်းငယ်မျက်နှာပျက်နေသည်။

"ဂူထဲကိုဝင်ရမှာ ခပ်လန့်လန့်ပဲ၊ တောကြီးကလည်း တစ်မျိုးပဲ၊ အထဲမှာ နာနာဘာဝတွေများ ရှိနေကြသလား မသိဘူး"

ကိုထွီသည် ဟန်မဆောင်နိုင်တော့ဘဲ ပြောလိုက်မိသည်။

"အယူသီးမနေပါနဲ့ရှင် ... ဘာနာနာဘာဝမှ မရှိဘူး စိတ်က အလိုလို ထင်နေလို့ပါ၊ သူဇာတောင် အတူတူဝင်မှာပဲ ဥစ္စာ"

လှိုင်သူဇာက ကိုထွီကိုအားပေးလိုက်သည်။ မိန်းကလေး တစ်ယောက်က သည်လိုစကားမျိုးပြောသည်ဆိုတော့ ကိုထွီ





အနည်းငယ် ရှက်သွားမိသည်။ ဂူပေါက်ဝမှာ ပိတ်ဆို့နေသည်များကို စပြီးတော့ ဖြိုဖျက်ကြသည်။ ဂူနေရာကိုရှာရသည်လောက်တော့ လက်မဝင်လှတော့ပါ။ တစ်ခဏအတွင်းမှာပင် ဂူပေါက်ဝသည် ပွင့်သွားခဲ့လေသည်။

ဂူထဲမှ အောက်သိုးသိုးအနံ့များနှင့်အတူ မလတ်ဆတ်သောလေများက ထွက်လာခဲ့ကြသည်။ ထို့ကြောင့် တစ်ခဏစောင့်နေကြရသေးသည်။ သည့်နောက်မှာတော့ လက်နက်ကိုယ်စီ၊ ဓာတ်မီးကိုယ်စီနှင့် ဝင်ခဲ့ကြသည်။ ဦးဖိုးသော်က နဖူးမှာ နဖူးစည်း ဓာတ်မီးကို တပ်ဆင်ထား၏။

သစ်ရိုပ်ဝါးရိပ်များ ထူထပ်လှသောကြောင့် အမှောင်ကကဲနေသည်။ ဂူထဲမှာလည်း အနည်းငယ်မှောင်နေ၏။ သာမန်မျက်လုံးအကြည့်နှင့်ဆိုရင်တော့ တဖြည်းဖြည်း ကျင့်သားရလာမှ မြင်နိုင်ဖွယ်ရှိမည်။ မြေအောက်ဂူကြီးဖြစ်သွား၍ အလင်းရောင်က ပျံ့နှံ့စွာ မဝင်နိုင်။ အားကောင်းသော ဘက်ထရီဓာတ်မီးများကိုသာ အားပြုကြရသည်။ လှိုင်သူဇာကို အလယ်မှညှပ်ကာ သတိကြီးစွာထားကာ ဝင်လာခဲ့ကြသည်။

ဂူအရှေ့ပိုင်းတွင် ဘာမှမတွေ့ကြရ။ မြေဓာတ်မှ ဖြစ်ပေါ်လာသော ညှီစို့စို့အနံ့များကိုသာ ရကြသည်။

"လေကတော့ အလုံအလောက်ရှိတယ်၊ ဒါပေမဲ့ မလတ်ဆတ်တဲ့လေတွေက မကုန်သေးဘူး၊ နှာခေါင်းတွေပိတ်ထားကြ"

www.burmeseclassic.com



ဦးဖိုးသော်က သတိပေးသည်။

ထိုစဉ် ...

✡

‘ဒိုင်း’

‘ဒိုင်း’

သေနတ်သံများက ရုတ်တရက် ထွက်ပေါ်လာ၏။ ဂူအတွင်းပိုင်းတစ်နေရာက ထွက်ပေါ်လာခဲ့ခြင်းပင် ဖြစ်သည်။

“ဝပ် ဝပ်ကြ ... မြန်မြန်”

အားလုံးမြေပြင်မှာ ဝပ်ချလိုက်ကြရသည်။ ထို့နောက် အခြေအနေကို စောင့်ကြည့်နေကြသည်။ အချိန်အနည်းငယ်ကြာသွားသည်။ ဦးဖိုးသော်က လေသံဖြင့် ...

“မောင်ဖော် ... ငါတို့ဖော်မှပွင့်လာတဲ့ ဒီမြေအောက်ဂူကြီးထဲမှာ လူက ဘယ်လိုရှိနေနိုင်မှာလဲ၊ ဒီလိုသေနတ်နဲ့ လှမ်းပစ်တာ စဉ်းစားရခက်ခက်ပဲ”

“ကျွန်တော်လည်း အဲသလိုပဲ တွေးနေတာ”

ထိုစဉ် ...

‘ဒိုင်း’





‘ဒိုင်း’

သေနတ်သံက ထပ်မံပြီးတော့ ထွက်ပေါ်လာပြန်သည်။ ခေါင်းမထောင်ရဲအောင်ပင် ဖြစ်သွားခဲ့ကြရသည်။ မီးတွေကိုလည်း ပိတ်ထားကြရသည်။ ဘထူးသည် မြေစိုင်ခဲတစ်ခုကို စမ်းမိသည်နှင့် အသံထွက်ပေါ်လာရာဆီကို မှန်းဆပြီး ပစ်ထည့်လိုက်သည်။

‘ဒေါက်’

သုံးလေးချက်အထိ ပစ်သော်လည်း တုံ့ပြန်မှုက မပေး။ စောင့်ကြည့်နေကြသေးသည်။ စိတ်ချရပြီဆိုတော့မှ မီးများကို ဖွင့်လိုက်ကြသည်။ အမှတ်မထင် တွေ့လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် ...

“ဟင်”

“ဟာ”

သူတို့တွေ့လိုက်ကြရသည်ကား ဂူနံရံကို မှီကာထိုင်နေသော အရိုးစုတစ်ခု၊ ခြောက်လုံးပြူးတစ်လက်ကိုကိုင်ကာ ရှေ့တည့်တည့်ကို ချိန်ထားသည်။ သေနတ်ပြောင်းဝမှ ယမ်းငွေ့များက တလူလူနှင့် ထွက်နေကြသည်။ အံ့အားသင့်၍ မဆုံးနိုင်ကြ။ သတိထားပြီးအနားကို တိုးသွားကာကြည့်ကြသည်။

“ကိုဘထူး သတိထား”

ဖော်မိုက်က သတိပေးလိုက်သည်။ ဘထူးသည် အရိုး



www.burmeseclassic.com

www.burmeseclassic.com



ခြောက်၏လက်ထဲမှ သေနတ်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ သေနတ်ဆုံလည်ကို ဖွင့်ကြည့်ရာ ကျည်တစ်တောင့်ကျန်သေး၏။ အဝတ်အစားများက ကိုယ်ပေါ်မှာ ရှိနေကြသေးသော်လည်း ဆွေးမြည့်နေကြလေပြီ။ ခေါင်းပေါ်မှာ ဆောင်းထားသည့် ဦးထုပ်ကြောင့် မည်သူဆိုတာ သိနိုင်သည်။

''ဒါ ဂျပန်စစ်ဗိုလ် နကာမူရာပဲဖြစ်မှာပဲ''

ဦးဖိုးသော်က မှတ်ချက်ချလိုက်သည်။ ဂျပန်ဗိုလ်မှူး နကာမူရာဆိုသည်ကို မလွဲနိုင်ပေ။ ကိုထွီက ...

''ဘယ်လိုကြောင့် သေနတ်နဲ့လှမ်းပစ်တာလဲ၊ သူ သူဟာ မကျွတ်မလွတ်ဘဝနဲ့ အနှောင့်အယှက်ပေးတာလား''

''မဟုတ်ဘူးကိုထွီ၊ သူကိုင်ထားတဲ့သေနတ်က ကျည်ဆန်က ထွက်ချင်ချင်၊ ကျွန်တော်တို့က ဂူထဲကိုဝင်လာကြတော့ ခြေသံတွေ ကိုယ်လှုပ်ခတ်သံတွေကြောင့် တည်းတည်းလေး ဖြစ်နေတဲ့ ခလုတ်က ပြုတ်သွားခဲ့တာပါ''

ဇော်မိုက်က ရှင်းပြသည်။ ကိုထွီကတော့ မယုံချင်။

''ဖက်ဆစ်တော်လှန်ရေးကာလက ကျွန်တော်ပါဝင်ခဲ့သေးတယ်၊ ဂျပန်တစ်စု ဆုတ်ပြေးကြတယ်လို့ သတင်းရတယ်၊ ဒီတောထဲမှာ သေကုန်ကြပြီထင်တာ၊ ရတနာတွေလည်း ပါသွားတယ်လို့ သိရတယ်၊ သင်းတို့ပဲ ဖြစ်မှာပဲ''

ဘထူးက မထူးဆန်းသလို ပြောလိုက်လေသည်။





''ဒီဂျပန်စစ်ဗိုလ်ဟာ သေနတ်ကိုကိုင်လျက်နဲ့ ဒီအတိုင်း သေသွားတာပဲ ဖြစ်ရမယ်''

ကောက်ရက မှတ်ချက်ချသည်။ ကြည့်နေရင်းကပင်လျှင် အရိုးစုသည် တဖြည်းဖြည်းနှင့် ဘေးတိုက်ရွေ့လျားသွားကာ မြေပြင်ထက်မှာ ပုံသွားခဲ့လေသည်။

''သေနတ်ကိုင်ထားတဲ့လက်ပေါ်ကို ကြွက်က အလန့်တကြား ဖြတ်တက်ပြေးတာလည်း ဖြစ်နိုင်တယ်၊ မြေကြွက်တော်တော်များများ တွေ့ရတယ်၊ ဒါကြောင့်မို့ ခလုတ်ပြုတ်ပြီး ကျည်ဆန်ထွက်သွားတာ''

လှိုင်သူဇာက သူမ၏ထင်မြင်ချက်ကိုပေးသည်။ တစ်ယောက်တစ်မျိုးစီ။ နကာမူရာ၏အရိုးမှာ သူ့အလိုလို လဲကျသွားခဲ့သည်ကိုလည်း သံသယဖြစ်နေမိကြသည်။ မြေကြွက်ကြီးများသည် ဟိုသည်လျှောက်ပြေးနေကြသည်။ လူများကိုမြင်လိုက်ရတော့ ပိုပြီး ယောက်ယက်ခတ်ကုန်ကြလေသည်။

ကြွက်ဆိုသည့် သတ္တဝါများက လိုဏ်ခေါင်းရှည်ကြီးဖြစ်အောင် တူးနိုင်ကြသည်။ ဂူထဲ လူမရောက်နိုင်ပေမယ့် ကြွက်ကတော့ အပြင်ကနေ ရောက်လာနိုင်သည်။ နောက်ထပ် အနည်းငယ် ထပ်ပြီးသွားလိုက်ကြသည်နှင့် အရိုးစုနှစ်ခုကို တွေ့လိုက်ကြရပြန်သည်။

''ဒါ ဖေဖေပြောခဲ့တဲ့အတိုင်းဆိုရင် ဦးမှတ်ကြီးနဲ့ ဦးနီမိုး

www.burmeseclassic.com



တို့ ဆိုတာပဲ ဖြစ်ရမယ်၊ သူတို့ဟာ ဂူထဲမှာ သေကျန်ရစ်ခဲ့ကြတယ်၊ ဖေဖေ့သူငယ်ချင်းတွေပဲ''

လှိုင်သူဇာက စိတ်မကောင်းခြင်းကြီးစွာဖြင့် ပြောလိုက်လေသည်။

✣ ✣ ✣



## အခန်း (၂၀)

## စောင့်နေသော အန္တရာယ်များ

မှတ်ကြီးနှင့်နီမိုးတို့၏ ရုပ်ကြွင်းများသည် နကာမှုရာ[illegible]င့် အနည်းငယ်လှမ်းသောနေရာတွင် ရှိနေကြသည်မှာ မည်[illegible]သည်ကြောင့်ပါလဲ။ သူတို့နှစ်ဦးသည် ဒဏ်ရာကိုယ်စီနှင့် တစ်[illegible]ယောက်အပေါ်တစ်ယောက် ဖေးမကြရင်း သေဆုံးသွားခဲ့ကြဟန်[illegible]ုသည်။

''ဦးလေး ...ဟိုမှာကြည့်စမ်း''

ဇော်မိုက်က မီးထိုးပြလိုက်သည်။ ရတနာသေတ္တာကြီး[illegible]ုံးလုံးကို တွေ့လိုက်ကြရသည်။ တစ်လုံးမှာ အဖုံးဖွင့်နေသည်။ [illegible]းကျော်ပိုက်သည် ထိုအထဲက ရတနာအချို့ကို ယူခဲ့ဟန်တူ[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ရတနာသေတ္တာများဆီကို အာရုံရောက်နေကြစဉ် ...

'ဖြီး ဖြီး ဖြီး'

"ဟင်"

"ဟာ"

တွေ့လိုက်ကြရသည်ကား မည်သည့်နေရာက ထွက်လာကြမှန်းမသိသော မြွေကြီးသုံးကောင်သည် ရတနာသေတ္တာများရှိရာကို ရောက်လာခဲ့ကြသည်။ ထို့နောက် သေတ္တာတစ်လုံးစီကို ရစ်ပတ်တွယ်နှောင်ထားလိုက်ကြလေသည်။

"ဟ ... ဒီမြွေတွေဟာ"

အားလုံး အံ့အားတသင့် ဖြစ်သွားခဲ့ကြသည်။ ကိုထွိကအထိတ်တလန့်ဖြင့် ပြောလိုက်သည်မှာ ...

"ဂူထဲမှာ အရိုးစုကလည်း သုံးခု၊ မြွေကလည်း သုံးကောင်ဆိုတော့ ကေန္တ ... မဟုတ်မှလွဲရော ... သူတို့တစ်တွေ သေပြီး ရတနာသေတ္တာတွေကို စောင့်နေကြတာဖြစ်ရမယ်"

"ကိုထွိ ... တောင်ပြော မြောက်ပြောနဲ့ဗျာ"

ဖော်မိုက်က ကိုထွိကို ဟန့်တားလိုက်သည်။ မြွေကြီးများသည် တရှူးရှူး တရှဲရှဲဖြင့် ဖြစ်နေကြသည်။ သူတို့ကို ရန်မူကြတော့မည့် အခြေအနေများပင်။ ထိုအထဲမှ အကြီးဆုံးသောမြွေကြီးတစ်ကောင်သည် ဒေါသကို မထိန်းနိုင်တော့သည်ဖြစ်၍





သူတို့ဆီကို တစ်ရှိန်ထိုးပင် ပြေးဝင်လာခဲ့လေသည်။

"ဟ ... ဟာ ... လာပြီ၊ လာပြီ"

ကိုထွိက အထိတ်တလန့်ဖြင့် အော်လိုက်လေရာ ...

'ဝှစ်'

ဘထူးသည် အားလုံးထက်ပိုပြီးတော့ လျင်သည်၊ လှံဖြင့် ပစ်ထည့်လိုက်လေ၏။ မြွေကြီး၏ပါးပျဉ်းခွက်ကြီးကို တိုက်ရိုက်ပင် သွား၍မှန်သည်။ မြွေကြီးမှာ လှံနှင့်အတူ လန်ကာကျသွားသည်။ ထို့နောက် တွန့်လိမ်နေလေတော့သည်။ ကျန်သောနှစ်ကောင်သည်လည်း သေတ္တာများမှ ခွာပြီး ပြေးဝင်လာခဲ့ကြလေရာ ...

'ဒိုင်း'

ဖော်ပိုင်က သေနတ်နှင့်ချိန်ပြီး ပစ်ထည့်လိုက်သည်။ မြွေကြီးသည် ခေါင်းပြတ်ထွက်သွား၏။ ခေါင်းပြတ်ကြီးက လေထဲမြောက်တက်သွားပြီး ပြန်အကျတွင် ဦးဖိုးသော်၏ဖိနပ်ပေါ်ကို ကျသည်။ ဖိနပ်ကို ကိုက်ခဲထားလေသည်။ ဖော်မိုက်က ပြေးလာပြီး ခြေဦးနှင့်ထိုးလိုက်တော့မှ ကွာကျသွား၏။ မြွေကြီးတစ်ကောင်ကတော့ ကောက်ရဆီကို ပြေးဝင်လာခဲ့လေရာ ...

'ဝှစ် ... ရှပ် ရှပ်'

ထက်လှသော ဓားသွားအောက်တွင် နှစ်ပိုင်းပြတ်ထွက်သွားခဲ့လေ၏။ မြွေသုံးကောင်စလုံး ကိစ္စချောကုန်ကြပြီ။

လှိုင်သူဇာသည် တစ်နေရာမှနေ၍ ထိုမြင်ကွင်းကို ရင်



www.burmeseclassic.com

www.burmeseclassic.com



တဖိုဖိုနှင့် ကြည့်နေခဲ့သည်။ မြွေများနှင့် ရင်ဆိုင်လိုက်ကြရ၍ အားလုံး လူရောစိတ်ပါ ပင်ပန်းသွားခဲ့ကြရသည်။ မြွေများနှင့် တိုက်ခိုက်နေကြစဉ်တွင် လှိုင်သူဇာသည် မီးတိုးပြီးတော့ ပြပေးနေခဲ့ရသည်။

✡

တစ်ခဏနားကြပြီး စိတ်တည်ငြိမ်သွားကြတော့မှ သေတ္တာများကို ဂူအပြင်ကို ထုတ်ကြရသည်။ တွင်းအထက်က နေ၍ နွယ်ကြိုးများဖြင့် ဆွဲတင်ကြရသည်။ အရိုးစုများနှင့် မြွေအသေကောင်များကို ဂူထဲမှာပင် စုပုံပြီး မီးရှို့လိုက်ကြသည်။

"အားလုံး ကောင်းရာသုဂတိ လားကြပါစေကွယ်"

ဦးဖိုးသော်က နှုတ်မှအသံထွက်ကာပင် ဆုတောင်းလိုက်သည်။ သူတို့သုံးဦးအတွက် တကယ်ပင် စိတ်မကောင်းဖြစ်နေမိကြရသည်။

"ကိုကောက်ရနဲ့ ကိုတွီ, ကိုဘထူး ... ခုလို ပါဝင်ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်တယ်၊ ခင်ဗျားတို့ မနစ်နာရအောင် ဆောင်ရွက်ပေးပါ့မယ်၊ သစ္စာတော့ရှိကြပါ"

"ဒါကတော့ စိတ်ချပါ၊ ကျွန်တော်တို့ကလည်း ဒီကိစ္စကို





သူများတွေသိသွားကြမှာ မလိုလားကြပါဘူး"

ဘထူးက စိတ်လှုပ်ရှားမှုကင်းမဲ့သောလေသံဖြင့် ပြောလိုက်သည်။

"ကျွန်တော်တို့လည်း ဒီအတိုင်းပါပဲ"

ကောက်ရနှင့်ကိုတွီတို့ကလည်း အာမခံကြသည်။

✡

ရတနာသေတ္တာများကို သယ်ယူရန် အခက်အခဲဖြစ်နေရသည်။ မည်ကဲ့သို့ဆောင်ရွက်လျှင် ကောင်းမည်လဲဟု တိုင်ပင်ကြရာ ...

"ကျွန်တော် ဒီနေရာကို သုံးလေးခါမက ရောက်ဖူးတယ်၊ ရွာနဲ့ဆို တစ်နာရီခရီးလောက်ပဲ ဝေးတယ်"

"အဲဒီတော့ ကိုဘထူးက ဘယ်လိုစီစဉ်ချင်သလဲ ပြောပါ ... ပွင့်ပွင့်လင်းလင်းပေါ့"

ဇော်မိုက်က လမ်းဖွင့်ပေးလိုက်သည်။

"ဒီလိုပါ ... ကျွန်တော်ရွာပြန်မယ်၊ လှည်းပြန်ယူမယ်၊ ပြန်လာခဲ့မယ်၊ ဒီသေတ္တာတွေကို လှည်းနဲ့တင်ပြီး ရွာကိုယူသွားမယ်၊ ရွာရောက်တော့မှ သင့်သလို စီစဉ်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဝိုင်းပြီးတော့ စဉ်းစားကြသည်။ ဖောင်ရှိရာသို့ ပြန်သွားရန်ကလည်း မလွယ်။ ဤသေတ္တာများကို ဖောင်နှင့်တင်ရန် ခက်ခဲမည်။ ထို့အပင် သားစားငါးများ၏ အန္တရာယ်ကလည်း ရှိသေးသည်။ သယ်ရန်လည်း ဝေးနေသည်။

''ခင်ဗျားတို့ကို အဖျင်းအကျပ် မတိုက်တွန်းဘူးနော်''

ထိုအခါ ဦးဖိုးသော်က ...

''ကျွန်တော် ကိုဘထူးကို အကြွင်းမဲ့ယုံပါတယ်၊ အဲဒီအတိုင်းပဲ စီစဉ်ပါ ... ကောင်းပါတယ်၊ မောင်ဖော်နဲ့သူဇာတို့ကကော''

''သူဇာလည်း လက်ခံပါတယ်''

''ကျွန်တော်လည်း ကန့်ကွက်စရာ မရှိပါဘူး''

ကာယကံရှင်များက လက်ခံကြ၍ ကောက်ရနှင့်ကိုထွီတို့ကလည်း ခေါင်းညိတ်ကြသည်။ ထို့နောက် သေတ္တာများကို တစ်နေရာသို့ ရွှေ့ပြီး ခြေရာဖျောက်ထားလိုက်ကြသည်။

ဘထူးလည်း သူတို့ကိုနှုတ်ဆက်ပြီး ထွက်သွားခဲ့လေ၏။

✲

မှောင်ရီသန်းသောအချိန်တွင် စမ်းပေါက်ရွာကို လှည်း





တစ်စီး ဝင်လာခဲ့သည်။ မြွက်များတင်လာသည်။ လှည်းပေါ်မှာ ဘထူး၊ ဦးဖိုးသော်နှင့် လှိုင်သူဇာတို့ ပါလာခဲ့ကြသည်။ လှည်းနောက် မလှမ်းမကမ်းလောက်မှာတော့ ဖော်မိုက်၊ ကောက်ရနှင့် ကိုထွီတို့ ခြေလှမ်းမှန်မှန်နှင့် လိုက်ပါလာကြသည်။

''ညှိသည်တွေ ရောက်လာပြီဟေ့''

ခြံထဲမှာ စောင့်မျှော်နေသော မွေးက ခြံတံခါးကို လျင်မြန်စွာဖွင့်ပေးလိုက်လေသည်။ လှည်းသည် ခြံထဲကို တောက်လျှောက်ပင် မောင်းဝင်သွားခဲ့သည်။ အိမ်က ခြေတံရှည်နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ ဘထူးနှင့်မွေးတို့သည် အိမ်ထောင်ကျပြီးကတည်းက အိမ်ခွဲပြီးနေကြသည်။ အိမ်၏အခြေအနေကိုကြည့်ရခြင်းအားဖြင့် ဘထူးတို့မိသားစု၏ နေထိုင်ပုံကို ကောင်းစွာခန့်မှန်းနိုင်သည်။

ဖော်မိုက်တို့သည် ခြံထဲသို့ တောက်လျှောက်ပင် လိုက်ဝင်သွားကြသည်။ မွေးက ခြံတံခါးပိတ်သည်ကို ကောက်ရက ကူညီသည်။ ဘထူးသည် လှည်းကို ခြံနောက်ဘက်သို့ တောက်လျှောက်ပင် မောင်းဝင်သွားခဲ့သည်။ မွေးလည်း လှည်းနောက်ကို လိုက်လာခဲ့သည်။ ဦးဖိုးသော်နှင့် လှိုင်သူဇာတို့က လှည်းပေါ်မှ ဆင်းကြသည်။ လှိုင်သူဇာကို မွေးက ကူညီလေသည်။

''ဖြည်းဖြည်းဆင်း ညီမ''

''ဟုတ်ကဲ့ ကျေးဇူးပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဘထူးသည်း ဆင်းလိုက်ပြီး မွေးကို ကျောက်ချဉ်နက် ထည့်ထားသည့် အိတ်ကို လှမ်း၍ပေးလိုက်သည်။

ထို့နောက် နွားနှစ်ကောင်ကို ဘထူးက ဖြုတ်ပြီး တင်းကုပ်ထဲမှာ ထည့်ထားလိုက်သည်။ လှည်းပေါ်မှ မြက်အနည်းငယ်ကို ချကာ ကျွေးထားသည်။ လှည်းကို ဤအတိုင်းပင် ထားထားလိုက်သည်။

"တစ်အောင့်နားပြီး ရေချိုးကြတာပေါ့ဗျာ"

"အေးဗျာ ... ကိုဘထူးကို ဒုက္ခပေးသလို ဖြစ်နေပြီ"

"ဟာဗျာ ... ဒီလိုစကားမျိုး မပြောပါနဲ့၊ ကျွန်တော့် မိတ်ဆွေဟောင်းတွေလို့ ပြောထားတာ၊ ခုမှတွေ့ကြတဲ့ပုံမျိုး မဟုတ်ဘူးနော်၊ ရွာသားတွေ ဘယ်သူ့ပဲမေးမေး ဒီအတိုင်းပဲ"

"ဟုတ်လား ... ကျေးဇူးပဲဗျာ"

ဇော်မိုက်က ဘထူး၏လက်ကိုကိုင်ပြီး ပြောသည်။ တစ်အောင့်နားပြီး ရေချိုးကြသည်။ လှိုင်သူဇာကို အရင်ချိုးစေသည်။ မွေးကပင် ကူညီသည်။ သည့်နောက် အားလုံးချိုးကြသည်။ ပင်ပန်းမှုမှန်သမျှ ပျောက်ကွယ်သွားခဲ့ကြလေ၏။

ထမင်းဝိုင်းကြီးနှစ်ဝိုင်းက ပြင်ထား၏။ အိမ်ပေါ်မှာ တည်ခင်းကျွေးမွေးကြမည် ဖြစ်သည်။ ဟင်းတွေကလည်း စုံလင်လှသည်။

"ဒါ အစ်မတစ်ယောက်တည်း ချက်ထားတာလား"





"ဟုတ်တယ် ညီမ"

"ဟင် ... ဟင်းတွေကလည်း အများကြီး၊ ပင်ပန်းမှာပေါ့"

"ရပါတယ်၊ ပင်ပန်းတယ်ရယ်လို့လည်း မဟုတ်ပါဘူး"

မွေးက ထမင်းဝိုင်းနှစ်ဝိုင်းတွင် လိုက်ပွဲထမင်းဟင်းများ ခူးခပ်ကာ ထည့်ပေးခြင်းများကို ပြုလုပ်သည်။

"ကိုဘထူးတို့ကော မစားကြသေးဘူးလား"

"ပြီးတော့မှ စားမယ်၊ ဖြည်းဖြည်းသုံးဆောင်ကြပါ"

ဇနီးမောင်နှံနှစ်ယောက်စလုံး ဖော်ရွေကြသည်။ မွေးက ကိုဘထူးထက် ငယ်လိမ့်မည်ဟု ခန့်မှန်းကြသည်။

မွေးက ဟင်းချက်လက်ရာကောင်းသည်၊ ချိုးကျူးကြသည်။ သားတစ်ယောက် သမီးတစ်ယောက်ရှိသည်။ မွေး၏မိဘများအိမ်ကို ခေတ္တပို့ထားသည်။ ဧည့်သည်များ ရောက်လာမည်ဖြစ်သောကြောင့်ပင်။ သူတို့ ထမင်းစားပြီး အချိုတည်းနေကြစဉ် ဘထူးနှင့်မွေးတို့က စားကြသည်။ တစ်ခဏအကြာတွင် ဘထူးသည် ဦးဖိုးသော်တို့ဆီကို ရောက်လာသည်။

"ကိုဘထူးရဲ့ အစွမ်းထက်တဲ့လှံကြီးကတော့ ထူးခြားပါပေ့ဗျာ၊ ဒီလှံကို ဘယ်လိုရလာတာလဲ"

"ဟ ... ဦး ဒါလျှို့ဝှက်ချက်တစ်ခုဖြစ်နေလို့ ပြောလို့မဖြစ်ဘူး။ သည်းခံပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘထူးက တောင်းပန်လိုက်သည်။ ဦးဖိုးသော်လည်း ထပ်မမေးတော့။ နားလည်မှုရှိသည်။

✲

ညဉ့်နက်ပိုင်းလောက်တွင် လှည်းပေါ်မှ သေတ္တာများကို စပါးကျီအလွတ်တစ်ခုထဲသို့ ရွှေ့ကြသည်။ ထို့နောက် တာလပတ်လို အစမျိုး ဖုံးအုပ်ကာ အပေါ်က စပါးအနည်းငယ် ဖုံးအုပ်ထားလိုက်ကြသည်။

"ကဲ ... စိတ်ချရပါပြီ၊ ဒီညတော့ အိပ်ရေးဝဝ အိပ်ကြဦး၊ မနက်ကျမှ စီစဉ်စရာရှိတာကို စီစဉ်ကြပေါ့"

ဘထူးက အလိုက်သိစွာဖြင့် ပြောသည်။ အားလုံးလည်း နားချင်နေကြပြီ။ လှိုင်သူဇာအတွက် အိမ်၏အတွင်းခန်းမှာ စီစဉ်ပေးသည်။ ဇော်မိုက်၊ ကောက်ရနှင့် ကိုထွီတို့သည် ဘထူးနှင့်အတူ အောက်ထပ်မှာ ဆင်းပြီးအိပ်ကြသည်။

တစ်ခါတစ်ရံ စပါးသူခိုးများ ရောက်လာတတ်သည်။ ကျီထဲမှ စပါးများကို မတော်၍ခိုးယူခဲ့လျှင် သေတ္တာများကို အမှတ်မထင် တွေ့သွားကြမည်စိုးသောကြောင့်ပင်။

ဤသို့ဖြင့် တစ်ညတာကို အေးချမ်းစွာ ဖြတ်ကျော်သွား





ခဲ့အပြီး နံနက်မိုးလင်းသော် ဘထူး၏မိဘများဖြစ်ကြသော ဦးချစ်တင်-ဒေါ်လှအေး၊ မွေး၏မိဘများဖြစ်ကြသော ဦးလှရီ-ဒေါ်ခင်ကြိုင်တို့သည် နံနက်ခင်းစားရန် ငါးပေါင်းကြော်၊ ကောက်ညှင်းထုပ် အစရှိသည့် အစားအစာများကို လာပို့ကြသည်။

"ညကတည်းက လာနှုတ်ဆက်မလို့ပဲ၊ ဧည့်သည်တွေ ခရီးပန်းလာကြလို့ နားကြပါစေဆိုပြီး မလာဖြစ်ခဲ့တာ"

ဘထူး၏ဖခင် ဦးချစ်တင်က နှုတ်ဆက်စကားပြောသည်။

"သြော် ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကိုဘထူးတို့ဇနီးမောင်နှံကလည်း လိုလေသေးမရှိအောင် ဂရုစိုက်ကြပါတယ်"

ထို့နောက် ဘထူးသည်နှင့် ယောက္ခမများနှင့်လည်း မိတ်ဆက်ပေးလိုက်သည်။ သည့်နောက်ပိုင်းတွင် မည်သူမှမရှိကြသောအခါ ရတနာကိစ္စများကို ဆွေးနွေးကြသည်။

"ကိုကောက်ရနဲ့ ကိုထွီတို့အတွက် ဝေရပါ့၊ စိတ်ကျေနပ်မှု ရှိကြပါ့မလား မသိဘူး"

ဦးဖိုးသော်ကပင်လျှင် သူတို့နှစ်ဦးအတွက် ထိုက်ထိုက်တန်တန်ဖြစ်အောင် ဆောင်ရွက်ပေးသည်ဖြစ်ရကား ...

"ကျွန်တော်တို့ ကျေနပ်ပါတယ်၊ ဒီလိုအခြေအနေမျိုး [illegible]တာလိမ့်မယ်လို့လည်း လုံးဝမမျှော်လင့်ခဲ့ပါဘူး။ ဝမ်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သာပါတယ်''

''ကျွန်တော်လည်း ဝမ်းသာပါတယ်၊ တစ်သက်မှာ ခုလို မျိုး ကံတရားက အလှည့်အပြောင်းဖြစ်လာလိမ့်မယ်လို့ မမျှော် လင့်ခဲ့ပါဘူး။ မျှတပါတယ်၊ ယောင်လို့တောင် အိပ်မက်မမက်ဖူး ခဲ့တာပါ''

ကောက်ရနှင့်ကိုထွီကလည်း လိုက်လှဲ့စွာပင် ကျေးဖူးတင် စကားပြောသည်။

✲ ✲ ✲



## အခန်း (၂၁)

## ကောင်း ရာ ဘုံ ဘ ဝ ရောက် ကြ စေ ရန်

ကောက်ရနှင့်ကိုထွီတို့ကို ဘထူးနှင့်ဇော်မိုက်တို့က သူတို့ ဒေသသို့ သွားနိုင်သည့် အနီးဆုံးနေရာအထိ လိုက်ပို့ပေးလိုက် သည်။

''ကျေးဇူးပဲဗျာ၊ ကိုဇော်မိုက်နဲ့ကိုဘထူးတို့ နောင်ကြုံရင် ကျွန်တော်တို့ဆီကို အလည်တစ်ခေါက်လာခဲ့ကြပါဦး၊ အိုဗျာ ... ကြုံမှမဟုတ်ပါဘူး၊ ဖိတ်ခေါ်ပါတယ်၊ လာကိုလာခဲ့ကြပါဦး''

''ကျွန်တော်ကလည်း ဖိတ်ခေါ်ပါတယ်ဗျာ၊ ခင်ဗျားတို့ရဲ့ ကျေးဇူးကို ဒီတစ်သက်မမေ့ပါဘူး''

''ကောင်းပါပြီဗျာ ... လာဖြစ်အောင်လာခဲ့ပါဦးမယ်''

နှစ်ယောက်စလုံးကို နှုတ်ဆက်ကာ ပြန်သွားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူချမ်းသာလေးတွေ ဖြစ်သွားခဲ့ကြလေပြီ။

ရွာကိုပြန်ရောက်ကြသော် ညဘက်တွင် ဆက်ပြီးတော့ ဆွေးနွေးကြသည်။

"ဒီပစ္စည်းတွေဟာ ဖက်ဆစ်ဂျပန်တွေ သိမ်းဆည်းလာခဲ့တဲ့ ပစ္စည်းတွေပါ၊ အဲဒီအတွက် သွေးမြေကျခဲ့ကြရတဲ့သူတွေလည်း ရှိခဲ့ကြတယ်၊ ဒါတွေကို ထုခွဲပြီးရင် သေဆုံးသွားခဲ့ကြတဲ့ ဦးနီမိုးနဲ့ ဦးမုတ်ကြီးတို့ရဲ့ မိသားစုကိုလည်း အထိုက်အလျောက် ထောက်ပံ့ကြရမယ် ...၊

သူတို့အတွက်ရည်စူးပြီး ဘုရားတည်၊ ကျောင်းဆောက်၊ သိမ်ဆောက် အစရှိတဲ့ ကောင်းမှုကုသိုလ်တွေ လုပ်ပေးပြီး သာဓုခေါ်နိုင်အောင် အမျှအတန်း ဝေပေးကြရမယ်"

"ကောင်းတယ်ဦးရယ် ... မောဟနဲ့သေဆုံးသွားခဲ့ကြတဲ့ သူတွေအတွက် ကိုယ်က ဒါနကုသိုလ်ပြုပေးမှ အဲဒီကုသိုလ်ကို ရကြမှာ၊ ဒါမှ ကောင်းရာဘုံဘဝကိုရောက်ကြမှာ၊ ဒီရည်ရွယ်ချက် ကောင်းပါတယ်"

ဘထူးက ဦးဖိုးသော်ကို စိတ်ထဲမှကျိတ်ကာ ချီးကျူးမိသည်။

"သမီးကတော့ ဖေဖေ့အတွက်ရည်စူးပြီး ပရဟိတလုပ်ငန်းတွေကိုလှူမယ်၊ ဘိုးဘွားရိပ်သာ အစရှိတဲ့ လူမှုရေးလုပ်ငန်းတွေကို လှူဒါန်းမယ်"





လှိုင်သူဇာကလည်း သူမ၏ရည်ရွယ်ချက်ကို ပြောပြသည်။ ဘထူး၏နှစ်ဖက်မိဘများသည် ဤကိစ္စကို သိသွားခဲ့ကြလေပြီ။ ဦးဖိုးသော်၊ လှိုင်သူဇာနှင့် ဇော်မိုက်တို့ကလည်း ဘထူးအတွက် ဝေစုကိုပေးသည်။

"များပါတယ် ဦးရယ်၊ ကျွန်တော်က ဝေစုရကောင်းတယ်ရယ်လို့ ကူညီခဲ့တာ မဟုတ်ပါဘူး။ မျှော်လင့်ချက်လည်း မထားခဲ့ပါဘူး။ စေတနာသက်သက်နဲ့ ကူညီခဲ့တာပါ"

"ကိုဘထူးရဲ့စေတနာကို သူဇာတို့ နားလည်ပါတယ်၊ ဒီလို အခွင့်အရေးသမားမဟုတ်ဘူးဆိုတာ မျက်နှာကြည့်ရုံနဲ့ သိပါတယ်၊ ဒါပေမဲ့ သူဇာတို့နဲ့အတူတူ အသက်ကို ပဓာနမထားဘဲ ကူညီပံ့ပိုးတဲ့အတွက် ပြန်ပြီးတော့ ကူညီတာပါ ... လက်ခံပါ"

BURMESE CLASSIC

လှိုင်သူဇာက အားလုံးကိုယ်စား ဝင်၍ပြောသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့အားလုံးဟာ ရဲဘော်ရဲဘက်တွေ ဖြစ်ကုန်ကြပါပြီ၊ စေတနာကို စေတနာနဲ့ တုံ့ပြန်တာပါ၊ လက်ခံပါ ကိုဘထူး"

ဇော်မိုက်ကလည်း တိုက်တွန်းပြန်သည်။ ဘထူးမှာ မငြင်းသာတော့ပေ။

"မောင်ဘထူး ... ဦးတို့ ဒီမှာ တစ်ပတ်လောက်နေချင်သေးတယ်ကွယ်၊ ဒီစမ်းပေါက်ရွာလေးဟာ နေလို့ကောင်းတယ်၊ တောတောင်ရှုခင်းတွေ၊ ရွာအနောက်ဘက်က ချောင်းကြီးက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆွဲဆောင်မှုရှိတယ်၊ ညနေဘက်ကျရင် ကွင်းထဲမှာ လေလေးတဖြူးဖြူးနဲ့ လမ်းလျှောက်လို့လည်း ကောင်းတယ်"

"ဟုတ်တယ် ... သူ့ဖာလည်း ဒီမှာ အဲဒီအရသာတွေ တွေ့နေလို့ ရက်နည်းနည်းလောက် ဆက်ပြီးနေချင်သေးတယ်"

"ဟ ... တစ်ပတ်မဟုတ်ပါဘူး၊ ဦးတို့ နေချင်တယ်ဆိုရင် ကြိုက်သလောက်နေလို့ရပါတယ်၊ ကျွန်တော်တို့မှာ အပန်းမကြီးပါဘူး။ ဒီရွာမှာ ပျော်တယ်ဆိုရင် ဝမ်းသာပါတယ်၊ ပြန်ချင်တဲ့နေ့ကျရင် ကျွန်တော် ရန်ကုန်အထိ လိုက်ပို့ပေးမှာပါ"

"အေးကွယ် ... ဒါဆိုရင် အတိုင်းထက်အလွန်ပေါ့ကွယ်"

အိမ်ရှင်က လက်ခံလိုက်ကြ၍ ဝမ်းသာသွားခဲ့ကြလေသည်။ ရတနာများနှင့်ပတ်သက်၍ အထူးလျှို့ဝှက်ထားခဲ့ကြသည်ဖြစ်ရကား မည်သူကမှလည်း မရိပ်မိကြပေ။ ထို့ကြောင့် တောထဲတွင် လူပင်ပန်း စိတ်ပင်ပန်းခဲ့ကြသလောက် ယခုအချိန်တွင် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့်ရှိနေကြလေသတည်း။

မင်းစိုကြ

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

BURMESE CLASSIC
www.burmeseclassic.com